မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၁၄] ရန်ကုန်မြို့ { ၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက် (၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်) } သောကြာနေ့ [အတွဲ ၇၉

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ**

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဥပဒေအမှတ် (၁၂/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၇ ရက်)

**ရှေ့နေများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ရှေ့နေများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ရှေ့နေများအက်ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (က) ပြဋ္ဌာန်းချက်၏နောက်တွင် အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

"အခကြေးငွေယူ၍ဖြစ်စေ၊ မယူဘဲဖြစ်စေ အမှုတွဲဆို ဆိုင်ပြိုင်ရန်အလို့ငှာ အမှုသည်၏ ကိုယ်စားလှယ်အဖြစ် မရိုးမဖြောင့်သောသဘောဖြင့် ဆောင်ရွက်သူ သို့မဟုတ်"

၃။ ရှေ့နေများအက်ဥပဒေပုဒ်မ ၁၀ ပြဋ္ဌာန်းချက်၏နောက်တွင် **ထို့ပြင် ရှေ့နေအဖြစ် မည်သည့်တရားရုံးပြင်ပ လုပ်ငန်းတစ်ရပ်ရပ်ကိုမျှ လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။** ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

၄။ ရှေ့နေများအက်ဥပဒေပုဒ်မ ၃၂ ပထမအပိုဒ်ကို အောက်ပါအတိုင်း အစားထိုးရမည်–

"မည်သူမဆို ပုဒ်မ ၁၀ ပါ ပြဋ္ဌာန်းချက်ကိုချိုးဖောက်၍ တရားရုံးတစ်ရုံးရုံးတွင် ရှေ့နေအဖြစ် အမှုလိုက်ပါဆောင်ရွက်ခြင်း၊ ရှေ့နေအဖြစ် တရားရုံးပြင်ပ လုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ဆောင်ရွက်ခြင်းပြုပါက ၃ နှစ်ထက်မပိုသော ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ အနည်းဆုံး ကျပ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်းတစ်ရာအထိ ငွေဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခံရမည်။"

၅။ ရှေ့နေများအက်ဥပဒေပုဒ်မ ၃၃ တွင်ပါရှိသော **ငွေဒဏ် ၂၀၀ ကျပ်အထိ ချမှတ်ခံရမည်။ ငွေဒဏ်ပေးဆောင်ရန်ပျက်ကွက်ပါက တရားမထောင်တွင် ထောင်ဒဏ် ၃ လအထိ ချမှတ်ခံရမည်။** ဆိုသည့်

စကားရပ်ကို **၃ နှစ်ထက်မပိုသော ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ အနည်းဆုံး ကျပ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်းတစ်ရာအထိ ငွေဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခံရမည်။ ထို့ပြင် ပုဒ်မ ၁၃ အရလည်း အရေးယူခံရမည်။** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၆။ ရှေ့နေများအက်ဥပဒေပုဒ်မ ၃၄ တွင်ပါရှိသော **အဆိုပါတရားရုံး သို့မဟုတ် အဆိုပါရုံးမှ အကြီးအကဲ အရာရှိ၏ အမိန့်အရ ငွေဒဏ် ၅၀၀ ကျပ်အထိ ချမှတ်ခံရမည့်ပြင် ငွေဒဏ်ပေးဆောင်ရန်ပျက်ကွက်ပါက တရားမထောင်တွင် ထောင်ဒဏ် ၆ လအထိ ချမှတ်ခံရမည်။** ဆိုသည့်စကားရပ်ကို **၃ နှစ်ထက်မပိုသော ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ အနည်းဆုံး ကျပ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်းတစ်ရာအထိ ငွေဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခံရမည်။ ထို့ပြင် ပုဒ်မ ၁၃ အရလည်း အရေးယူခံရမည်။** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ရှေ့နေများအက်ဥပဒေပုဒ်မ ၃၆ တွင်-

(က) ပုဒ်မခွဲ (၃) ၌ပါရှိသော **သက်ဆိုင်သည့် တရားရုံးတိုင်းတွင်** ဆိုသည့်စကားရပ်ကို **တရားရုံးအသီးသီးတွင်** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

( ခ ) ပုဒ်မခွဲ (၆) ၌ပါရှိသော **ထောင်ဒဏ် ၃ လအထိဖြစ်စေ၊ ငွေဒဏ် ၅၀၀ ကျပ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ခြင်းခံရမည်။** ဆိုသည့်စကားရပ်ကို **၃ နှစ်ထက်မပိုသော ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ အနည်းဆုံး ကျပ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်းတစ်ရာအထိ ငွေဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခံရမည်။ ထို့ပြင် ပုဒ်မ ၁၃ အရလည်း အရေးယူခံရမည်။** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဥပဒေအမှတ် (၁၃/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်
(၂၀၂၆ ခုနှစ်၊ မတ်လ ၇ ရက်)

### ယစ်မျိုးဥပဒေ

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)
### အမည်၊ အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို **ယစ်မျိုးဥပဒေ** ဟု ခေါ်တွင်စေရမည်။

( ခ ) ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သည့်နေ့ရက်မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ယစ်မျိုး** ဆိုသည်မှာ အရက်နှင့် ယစ်မျိုးသက်ဝင်ပစ္စည်းကို ဆိုသည်။

( ခ ) **အရက်** ဆိုသည်မှာ အီသိုင်းလ်အယ်လ်ကိုဟော (Ethyl Alcohol) ပမာဏ ၀.၅ ရာခိုင်နှုန်းနှင့် အထက် ပါဝင်သည့် အရည်တစ်မျိုးမျိုးကို ဆိုသည်။ ယင်းစကားရပ်တွင် ဘီယာ၊ ဝိုင်၊ ထန်းရည်၊ တည်အရက်နှင့် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ အရက်ဖြစ်သည်ဟု သတ်မှတ်ထားသည့် အရည်တစ်မျိုးမျိုးလည်း ပါဝင်သည်။ သို့ရာတွင် မူလသတ္တိပျက်ပြီး အရက်မပါဝင်။

( ဂ ) **ယစ်မျိုးသက်ဝင်ပစ္စည်း** ဆိုသည်မှာ အရက်အာနိသင်ပါဝင်သည့် အရည် သို့မဟုတ် အရာဝတ္ထုကို ဆိုသည်။

(ဃ) **ဘီယာ** ဆိုသည်မှာ မုယောစပါး၊ ဘာလီ၊ ဂျုံ၊ ဆန်၊ ပြောင်းစသည့် ကောက်ပဲသီးနှံတစ်မျိုးမျိုး သို့မဟုတ် သကြားကဲ့သို့သော စိုက်ပျိုးရေးထွက်ကုန် တစ်မျိုးမျိုးကို အသုံးပြု၍ ကစော်ဖောက်ကာ တဆေးပါဝင်သည့် အရည်ဖြင့်ရောနှော၍ ချက်လုပ်ရရှိလာသည့် အရည်တစ်မျိုးမျိုးကို ဆိုသည်။ ယင်းစကားရပ်တွင် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဘီယာဖြစ်သည်ဟု သတ်မှတ်ထားသည့် အရည်လည်း ပါဝင်သည်။

( င ) **ဝိုင်** ဆိုသည်မှာ စပျစ်သီးအပါအဝင် သစ်သီးတစ်မျိုးမျိုး၊ သစ်ဥ၊ သစ်ဖု၊ ဟင်းသီးဟင်းရွက်၊ ပန်း သို့မဟုတ် ပျားရည် အစရှိသည့် ပစ္စည်းတစ်မျိုးမျိုးကို သတ်မှတ်ထားသည့် ကုန်ကြမ်းပစ္စည်းနှင့် တဆေးအသုံးပြု၍ ကစော်ဖောက်ထားပြီး အီသိုင်းလ်အယ်လ်ကိုဟော (Ethyl Alcohol) ပမာဏ ၁၈ ရာခိုင်နှုန်းထက်မများသော အရည်ကို ဆိုသည်။

( စ ) **ထန်းရည်** ဆိုသည်မှာ အုန်း၊ ထန်း၊ ဓနိ၊ ပေ စသည့် အပင်တစ်မျိုးမျိုးမှ ထွက်ရှိပြီး ကစော်ပေါက်သည့် အရည်ကို ဆိုသည်။

(ဆ) **တည်အရက်** ဆိုသည်မှာ ပေါင်းခံချက်လုပ်ခြင်းမပြုဘဲ သဘာဝအလျောက် ကစော်ပေါက်သည့် သို့မဟုတ် ကစော်ဖောက်ထားသည့် လျှော်စာရည်၊ ခေါင်ရည်၊ စိမ်ရည်ကဲ့သို့သော အရည်တစ်မျိုးမျိုးကို ဆိုသည်။ ယင်းစကားရပ်တွင် ဘီယာ၊ ဝိုင်နှင့် ထန်းရည်တို့ မပါဝင်။

( ဇ ) **ပြည်တွင်းဖြစ်အရက်** ဆိုသည်မှာ ပြည်တွင်း၌ ပေါင်းဖိုဖြင့်ဖြစ်စေ၊ စက်ရုံဖြင့်ဖြစ်စေ ချက်လုပ်ထားသော အရက်ပြင်းကိုသော်လည်းကောင်း၊ ယင်းအရက်ပြင်းကို သောက်သုံးရန်သင့်လျော်သော အရက်အဖြစ် သတ်မှတ်ချက်နှင့်အညီ ပြုပြင်ဖန်တီးထုတ်လုပ်ထားသည့် အရက်ကိုသော်လည်းကောင်း ဆိုသည်။

( ဈ ) **နိုင်ငံခြားအရက်** ဆိုသည်မှာ ပြည်ပမှတင်သွင်းသောအရက် သို့မဟုတ် နည်းလမ်းတစ်မျိုးမျိုးဖြင့် ပြည်ပမှတင်သွင်းပြီး၊ ပြည်တွင်း၌ ပုလင်းသွတ်ထားသော အရက်ကို ဆိုသည်။ ယင်းစကားရပ်တွင် ပြည်တွင်း၌ စက်ရုံခွဲတည်ထောင်၍ နိုင်ငံခြားကုမ္ပဏီတစ်ခုခု၏ ထုတ်ကုန်အမှတ်တံဆိပ်၊ ထုတ်ကုန်အမည်ကို အသုံးပြုခွင့်ရယူကာ ယင်းကုမ္ပဏီ၏ သတ်မှတ်ကုန်ကြမ်းများ၊ နည်းစဉ်များနှင့်အညီ ထုတ်လုပ်ထားသည့် အရက်လည်း ပါဝင်သည်။

(ည) **နိုင်ငံတကာအဆင့်မီပြည်တွင်းဖြစ်အရက်** ဆိုသည်မှာ သတ်မှတ်နည်းလမ်းနှင့် သတ်မှတ်ကုန်ကြမ်းပစ္စည်းများကိုအသုံးပြု၍ ပြည်တွင်း၌ထုတ်လုပ်ထားသော ဘီယာ၊ ဝိုင်၊ ဝီစကီ၊ ဘရန်ဒီ၊ ဂျင်၊ ရမ်၊ ဗော်ဒ်ကာ၊ အရက်ချိုပြင်းစသည်တို့အပါအဝင် အရက်တစ်မျိုးမျိုးကို ဆိုသည်။

( ဋ ) **မူလသတ္တိပျက်ပြီးအရက်** ဆိုသည်မှာ စက်မှုကုန်ကြမ်းအဖြစ်အသုံးပြုရန်၊ လူသုံးကုန်ပစ္စည်းတွင် ထည့်သွင်းအသုံးပြုရန် သို့မဟုတ် ဆေးဝါးထုတ်လုပ်ရာတွင်အသုံးပြုရန် ပြုပြင်ထားပြီး၊ သောက်သုံးရန် သင့်လျော်မှုမရှိသော အရက်ကို ဆိုသည်။

( ဌ ) **ယစ်မျိုးလိုင်စင်** ဆိုသည်မှာ ဤဥပဒေပါ ယစ်မျိုးလုပ်ငန်းလုပ်ကိုင်ရန် ဦးစီးဌာနကခွင့်ပြုသည့် လိုင်စင်ကို ဆိုသည်။

( ဍ ) **ယစ်မျိုးလုပ်ငန်း** ဆိုသည်မှာ အရက်ကိုဖြစ်စေ၊ ယစ်မျိုးသက်ဝင်ပစ္စည်းကိုဖြစ်စေ ထုတ်လုပ်ခြင်း၊ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ်ထုတ်လုပ်ခြင်း၊ ပုလင်းသွတ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ပြည်ပမှတင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်းလုပ်ငန်းကို ဆိုသည်။ ယင်းစကားရပ်တွင် ဦးစီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ထားသည့် ယစ်မျိုးလုပ်ငန်း လည်း ပါဝင်သည်။

( ဎ ) **ထုတ်လုပ်ခြင်း** ဆိုရာတွင် အောက်ပါတို့ ပါဝင်သည်–

(၁) အရက်ကို နည်းလမ်းတစ်ရပ်ရပ်ဖြင့် ထုတ်လုပ်ခြင်း၊

(၂) ယစ်မျိုးသက်ဝင်ပစ္စည်းကို ပြန်လည်ပေါင်းခံခြင်း၊

(၃) အရက်ကို စည်ဖြင့် နှစ်ချို့ခံခြင်း၊

(၄) အရက်ကို သန့်စင်အောင်ပြုလုပ်ခြင်း၊ အနံ့အရသာထည့်သွင်းခြင်း၊ တစ်စုံတစ်ရာရောနှောခြင်း သို့မဟုတ် အရောင်ထည့်ခြင်း။

(ဏ) **တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ်ထုတ်လုပ်ခြင်း** ဆိုသည်မှာ အရက်ကိုဖြစ်စေ၊ ယစ်မျိုးသက်ဝင်ပစ္စည်းကို ဖြစ်စေ အဆင့်မြင့်နည်းပညာအသုံးပြု၍ နိုင်ငံတကာအဆင့်မီ ထပ်မံပြုပြင်ဖန်တီးထုတ်လုပ်ခြင်းကို ဆိုသည်။

(တ) **ပုလင်းသွတ်ခြင်း** ဆိုသည်မှာ အရက်ကိုဖြစ်စေ၊ ယစ်မျိုးသက်ဝင်ပစ္စည်းကိုဖြစ်စေ ပုလင်း၊ သံဘူး၊ ခရား၊ တကောင်း စသည့် ထည့်စရာတစ်ခုခုအတွင်း ပြောင်းထည့်ခြင်းနှင့် ထပ်ဆင့်ရွှေ့ပြောင်းထည့်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် တံဆိပ်ကပ်ခြင်းလည်း ပါဝင်သည်။

(ထ) **ဖြန့်ဖြူးခြင်း** ဆိုသည်မှာ ဤဥပဒေအရ ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ရောင်းချရန် သတ်မှတ်ထားသည့်ပမာဏထက်ပို၍ ယစ်မျိုးလိုင်စင်ရှိသူထံ အရက်ကိုဖြစ်စေ၊ ယစ်မျိုးသက်ဝင် ပစ္စည်းကိုဖြစ်စေ လက်ကားလွှဲပြောင်းခြင်းကို ဆိုသည်။

( ဒ ) **ရောင်းချခြင်း** ဆိုသည်မှာ ဝယ်ယူသူထံ အရက်ကိုဖြစ်စေ၊ ယစ်မျိုးသက်ဝင်ပစ္စည်းကိုဖြစ်စေ လက်လီ လွှဲပြောင်းခြင်းကို ဆိုသည်။

( ဓ ) **သယ်ယူပို့ဆောင်ခြင်း** ဆိုသည်မှာ နိုင်ငံတော်အတွင်း နေရာတစ်ခုမှ အခြားနေရာတစ်ခုသို့ နည်းလမ်း တစ်မျိုးမျိုးဖြင့် ရွှေ့ပြောင်းခြင်းကို ဆိုသည်။

( န ) **ပြည်ပမှတင်သွင်းခြင်း** ဆိုသည်မှာ ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်း သို့မဟုတ် အခြားနည်း တစ်ရပ်ရပ်ဖြင့် နိုင်ငံတော်အတွင်းသို့ တင်သွင်းခြင်းကို ဆိုသည်။

( ပ ) **ပြည်ပသို့တင်ပို့ခြင်း** ဆိုသည်မှာ ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်း သို့မဟုတ် အခြားနည်း တစ်ရပ်ရပ်ဖြင့် နိုင်ငံတော်ပြင်ပသို့ တင်ပို့ခြင်းကို ဆိုသည်။

( ဖ ) **နေရာ** ဆိုသည်မှာ မြေ၊ အဆောက်အအုံ၊ လှေ၊ ဖောင် သို့မဟုတ် ယာဉ်တစ်မျိုးမျိုးကို ဆိုသည်။

( ဗ ) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ဘ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ ပြည်ထဲရေးဝန်ကြီးဌာနကို ဆိုသည်။

( မ ) **ဦးစီးဌာန** ဆိုသည်မှာ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ဆိုသည်။

(ယ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ရ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် နေပြည်တော် ယစ်မျိုးအရာရှိ** ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် နေပြည်တော် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးကို ဆိုသည်။

(လ) **ခရိုင်ယစ်မျိုးအရာရှိ** ဆိုသည်မှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အကြီးအမှူး သို့မဟုတ် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးကို ဆိုသည်။

(ဝ) **မြို့နယ်ယစ်မျိုးအရာရှိ** ဆိုသည်မှာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးကို ဆိုသည်။

(သ) **ယစ်မျိုးကြီးကြပ်စစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ ယစ်မျိုးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးရန် ဤဥပဒေအရ ဖွဲ့စည်းသောအဖွဲ့ကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အရက်နှင့် ယစ်မျိုးသက်ဝင်ပစ္စည်းကို အများပြည်သူသုံးစွဲမှု စနစ်ကျနမှု ရှိစေရန်၊

(ခ) နိုင်ငံတော်အတွက် ရသင့်ရထိုက်သော ယစ်မျိုးခွန်များ အပြည့်အဝရရှိစေရေး ကြီးကြပ်နိုင်ရန်၊

(ဂ) အရက်သောက်သုံးမှုအလေ့အထ လျော့နည်းစေရန်နှင့် အရက်သောက်သုံးမှု လျှော့ချနိုင်စေရန်၊

(ဃ) လူမှုရေး၊ ကျန်းမာရေးထိခိုက်မှုအနည်းဆုံးဖြစ်စေပြီး အရည်အသွေးမြင့်မားသော အရက်ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့် ရောင်းချခြင်း ဖြစ်စေရန်၊

(င) အရက်ကို ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊ ပြည်ပမှ တင်သွင်းခြင်းနှင့် ပြည်ပသို့တင်ပို့ခြင်းကို စနစ်တကျ ဆောင်ရွက်နိုင်စေရန်၊

(စ) အရက်ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့် ရောင်းချခြင်းတို့ကြောင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရန်။

## အခန်း (၃)
## ယစ်မျိုးမူဝါဒကော်မတီဖွဲ့စည်းခြင်းနှင့် ယင်း၏လုပ်ငန်းတာဝန်များ

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကို ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကို အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်ကို အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ကို တွဲဖက်အတွင်းရေးမှူး အဖြစ်လည်းကောင်း ပါဝင်စေလျက် ယစ်မျိုးမူဝါဒကော်မတီကို အများဆုံး ၁၅ ဦးဖြင့် ဖွဲ့စည်းရမည်။

(ခ) လိုအပ်ပါက ယစ်မျိုးမူဝါဒကော်မတီကို ပုဒ်မခွဲ (က) ပါ သတ်မှတ်ချက်များနှင့်အညီ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ယစ်မျိုးမူဝါဒကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ ယစ်မျိုးမူဝါဒများ ချမှတ်ခြင်း-

(၁) အရက်သောက်သုံးမှုကြောင့် လူမှုရေး၊ ကျန်းမာရေး ထိခိုက်မှု အနည်းဆုံးဖြစ်စေရန် ထိန်းသိမ်းကာကွယ်ခြင်းကိစ္စ၊

(၂) အရက်နှင့် ယစ်မျိုးသက်ဝင်ပစ္စည်းတို့ကို ပြည်ပမှတင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်းကိစ္စ၊

(၃) အရက်၊ ဘီယာ သို့မဟုတ် ဝိုင် စက်ရုံတည်ထောင်ခြင်းကိစ္စ၊

(၄) အရက်အမျိုးအစားအလိုက် ထုတ်လုပ်မှု နည်းစဉ်သတ်မှတ်ခြင်းကိစ္စ။

( ခ ) အရက်၊ ဘီယာ သို့မဟုတ် ဝိုင် စက်ရုံတည်ထောင်နိုင်ရန် အနည်းဆုံး ရင်းနှီးမြှုပ်နှံရမည့် ငွေကြေးပမာဏကို သတ်မှတ်ပေးခြင်း၊

( ဂ ) အရက်စွဲသူများအတွက် ကုသရေးနှင့် ပြန်လည်သန်စွမ်းရေးဆိုင်ရာကိစ္စရပ်များကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခြင်း၊

(ဃ) ယစ်မျိုးမူဝါဒများကို ငါးနှစ်လျှင် အနည်းဆုံး တစ်ကြိမ် ပြန်လည်သုံးသပ်ခြင်း။

## အခန်း (၄)

## ယစ်မျိုးစီမံခန့်ခွဲရေးနှင့် ယစ်မျိုးလုပ်ငန်းများကိုကြီးကြပ်ခြင်း

၆။ ညွှန်ကြားရေးမှူးချုပ်သည် ယစ်မျိုးစီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များနှင့် ယစ်မျိုးလုပ်ငန်းများကို ကြီးကြပ်ရမည်။

၇။ ယစ်မျိုးအရာရှိအဆင့်ဆင့်သည် ယစ်မျိုးစီမံခန့်ခွဲခြင်းကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

၈။ သက်ဆိုင်ရာ ယစ်မျိုးအရာရှိသည်-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ယစ်မျိုးခွန်ဥပဒေပါ ယစ်မျိုးခွန်ကောက်ခံခြင်းလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ရမည်။

( ခ ) ပြည်ထောင်စုနယ်မြေတွင် ယစ်မျိုးခွန်ကောက်ခံခြင်းလုပ်ငန်းများကို သတ်မှတ်ချက်နှင့်အညီ နေပြည်တော်ကောင်စီ၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ရမည်။

၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသည်-

(က) (၁) သက်ဆိုင်ရာခရိုင်ယစ်မျိုးအရာရှိကို အဖွဲ့ခေါင်းဆောင်အဖြစ်လည်းကောင်း၊ သင့်လျော်သောအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းမှ တာဝန်ရှိသူများကို အဖွဲ့ဝင်များအဖြစ်လည်းကောင်းပါဝင်စေလျက် ခရိုင်ယစ်မျိုးကြီးကြပ်စစ်ဆေးရေးအဖွဲ့ကို အများဆုံး ၇ ဦးဖြင့် ဖွဲ့စည်းရမည်။

(၂) သက်ဆိုင်ရာ မြို့နယ်ယစ်မျိုးအရာရှိကို အဖွဲ့ခေါင်းဆောင်အဖြစ်လည်းကောင်း၊ သင့်လျော်သောအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းမှ တာဝန်ရှိသူများကို အဖွဲ့ဝင်များအဖြစ်လည်းကောင်းပါဝင်စေလျက် မြို့နယ်ယစ်မျိုးကြီးကြပ်စစ်ဆေးရေးအဖွဲ့ကို အများဆုံး ၇ ဦးဖြင့် ဖွဲ့စည်းရမည်။

( ခ ) လိုအပ်ပါက သက်ဆိုင်ရာ ယစ်မျိုးကြီးကြပ်စစ်ဆေးရေးအဖွဲ့ကို ပုဒ်မခွဲ (က) ပါ သတ်မှတ်ချက်နှင့်အညီ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

( ဂ ) ယစ်မျိုးကြီးကြပ်စစ်ဆေးရေးအဖွဲ့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်။

(ဃ) အရက်ရောင်းချခြင်းဆိုင်ရာ အချိန်ကန့်သတ်ခြင်းနှင့် အရက်သောက်သုံးမှု နယ်မြေကန့်သတ်ခြင်းတို့ကို ပြုနိုင်သည်။

## အခန်း (၅)

## ယစ်မျိုးလိုင်စင် လျှောက်ထားခြင်း၊ ခွင့်ပြုခြင်းနှင့် ငြင်းပယ်ခြင်း

၁၀။ ဦးစီးဌာနသည် ယစ်မျိုးနှင့်သက်ဆိုင်သော အောက်ပါလုပ်ငန်းများအတွက် သက်ဆိုင်ရာ ယစ်မျိုးလိုင်စင်ကို ခွင့်ပြုနိုင်သည်-

(က) ထုတ်လုပ်ခြင်း၊

(ခ) တန်ဖိုးမြင့်ထုတ်ကုန်အဖြစ်ထုတ်လုပ်ခြင်း၊

(ဂ) ပုလင်းသွတ်ခြင်း၊

(ဃ) ဖြန့်ဖြူးခြင်း၊

(င) ရောင်းချခြင်း၊

(စ) ဦးစီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ထားသည့် ယစ်မျိုးလုပ်ငန်းနှင့်သက်ဆိုင်သည့် ကိစ္စရပ်။

၁၁။ ဦးစီးဌာနသည် ပုဒ်မ ၁၀ ပါ ယစ်မျိုးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ယစ်မျိုးလိုင်စင်အမျိုးအစားကိုလည်းကောင်း၊ ယစ်မျိုးလိုင်စင်အမျိုးအစားအလိုက် စည်းကမ်းချက်များကိုလည်းကောင်း သတ်မှတ်ပေးရမည်။

၁၂။ အောက်ပါပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ယစ်မျိုးလုပ်ငန်းကို လုပ်ကိုင်ရန် ယစ်မျိုးလိုင်စင်ကို လျှောက်ထားနိုင်သည်-

(က) မြန်မာနိုင်ငံသားဥပဒေပါ နိုင်ငံသား၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ၊

(ခ) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့်အညီ မှတ်ပုံတင်ထားသော မြန်မာနိုင်ငံသားပိုင်ကုမ္ပဏီ သို့မဟုတ် နိုင်ငံခြားသားအစုရှယ်ယာ ၄၉ ရာခိုင်နှုန်းနှင့်အောက် ပါဝင်သည့် နိုင်ငံခြားကုမ္ပဏီ၊

(ဂ) ဥပဒေနှင့်အညီ ဖွဲ့စည်းထားသော မြန်မာနိုင်ငံသားတစ်ဦးတည်းပိုင်ကုမ္ပဏီ၊ မြန်မာနိုင်ငံသားများဖြင့် ဖွဲ့စည်းထားသော စီးပွားရေးလုပ်ငန်းဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် အစုစပ်လုပ်ငန်းအဖွဲ့အစည်း။

၁၃။ ပုဒ်မ ၁၀ ပါ ယစ်မျိုးလုပ်ငန်းတစ်ရပ်ရပ် ဆောင်ရွက်လိုသူသည် ယစ်မျိုးလိုင်စင်တစ်မျိုးမျိုးရရှိရန် သက်ဆိုင်ရာခရိုင်ယစ်မျိုးအရာရှိထံ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။

၁၄။ (က) ခရိုင်ယစ်မျိုးအရာရှိသည် ပုဒ်မ ၁၃ အရ လျှောက်ထားမှုနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်နှင့် ညီညွတ်ခြင်း ရှိ မရှိ မြို့နယ်ယစ်မျိုးအရာရှိကို စိစစ်တင်ပြစေရမည်။

(ခ) မြို့နယ်ယစ်မျိုးအရာရှိသည် စိစစ်ပြီး မိမိ၏သဘောထားမှတ်ချက်နှင့်အတူ ခရိုင်ယစ်မျိုးအရာရှိထံ သတ်မှတ်ချက်နှင့်အညီ တင်ပြရမည်။

(ဂ) ခရိုင်ယစ်မျိုးအရာရှိသည် ပုဒ်မခွဲ (ခ) အရ တင်ပြချက်ကို လက်ခံရရှိလျှင် မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ-

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ယစ်မျိုးအရာရှိထံ သတ်မှတ်ချက်နှင့်အညီ တင်ပြရမည်။

(၂) ပြည်ထောင်စုနယ်မြေတွင် နေပြည်တော်ယစ်မျိုးအရာရှိထံ သတ်မှတ်ချက်နှင့်အညီ တင်ပြရမည်။

၁၅။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် နေပြည်တော် ယစ်မျိုးအရာရှိသည်-

(က) ပုဒ်မ ၁၄၊ ပုဒ်မခွဲ (ဂ) အရ တင်ပြချက်ကို လက်ခံရရှိလျှင်-

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်ကို တောင်းခံရမည်။

(၂) ပြည်ထောင်စုနယ်မြေတွင် နေပြည်တော်ကောင်စီ၏ သဘောထားမှတ်ချက်ကို တောင်းခံရမည်။

(ခ) ပုဒ်မခွဲ (က) အရ တောင်းခံသည့် သဘောထားမှတ်ချက် လက်ခံရရှိလျှင် မိမိ၏ သဘောထားမှတ်ချက် နှင့်အတူ ဦးစီးဌာနသို့ တင်ပြရမည်။

၁၆။ ဦးစီးဌာနသည်-

(က) ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ခ) အရ တင်ပြသော ယစ်မျိုးလိုင်စင်လျှောက်ထားမှုများနှင့်စပ်လျဉ်း၍ သတ်မှတ်ချက် နှင့်ညီညွတ်ခြင်း ရှိ မရှိ စိစစ်ပြီး ယစ်မျိုးလိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ မိမိ၏ ဆုံးဖြတ်ချက်ကို ခရိုင်ယစ်မျိုးအရာရှိထံ အကြောင်းကြားရမည်။

၁၇။ ပုဒ်မ ၁၆၊ ပုဒ်မခွဲ (က) အရ ခွင့်ပြုလျှင် ခရိုင်ယစ်မျိုးအရာရှိသည် သတ်မှတ်သည့် ယစ်မျိုးလိုင်စင်ကြေး ပေးသွင်းစေပြီး လျှောက်ထားသူအား ယစ်မျိုးလိုင်စင် ထုတ်ပေးရမည်။

၁၈။ (က) ယစ်မျိုးလိုင်စင်ရရှိသူသည် ယစ်မျိုးလိုင်စင်ကို သက်တမ်းတိုးလျှောက်ထားလိုလျှင် မြို့နယ် ယစ်မျိုးအရာရှိထံ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ခ) မြို့နယ်ယစ်မျိုးအရာရှိသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို လက်ခံရရှိလျှင် သတ်မှတ်ချက်နှင့်အညီ စိစစ်ပြီး မိမိ၏သဘောထားမှတ်ချက်နှင့်အတူ ခရိုင်ယစ်မျိုးအရာရှိထံ တင်ပြရမည်။

၁၉။ ခရိုင်ယစ်မျိုးအရာရှိသည် ပုဒ်မ ၁၈၊ ပုဒ်မခွဲ (ခ) အရ တင်ပြချက်ကို လက်ခံရရှိလျှင် သတ်မှတ်ချက် နှင့်အညီ စိစစ်ပြီး မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ယစ်မျိုးအရာရှိထံ တင်ပြရမည်။

(ခ) ပြည်ထောင်စုနယ်မြေတွင် နေပြည်တော်ယစ်မျိုးအရာရှိထံ တင်ပြရမည်။

၂၀။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် နေပြည်တော် ယစ်မျိုးအရာရှိသည်-

(က) ပုဒ်မ ၁၉ အရ တင်ပြချက်ကို လက်ခံရရှိလျှင်-

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်ကို တောင်းခံရမည်။

(၂) ပြည်ထောင်စုနယ်မြေတွင် နေပြည်တော်ကောင်စီ၏ သဘောထားမှတ်ချက်ကို တောင်းခံရမည်။

(ခ) ပုဒ်မခွဲ (က) အရ တောင်းခံသည့် သဘောထားမှတ်ချက် လက်ခံရရှိလျှင် သတ်မှတ်ချက်နှင့်အညီ စိစစ်ပြီး မိမိ၏သဘောထားမှတ်ချက်နှင့်အတူ ဦးစီးဌာနသို့ တင်ပြရမည်။

၂၁။ ဦးစီးဌာနသည်-

(က) ပုဒ်မ ၂၀၊ ပုဒ်မခွဲ (ခ) အရ တင်ပြချက်အပေါ် သတ်မှတ်ချက်နှင့်အညီ စိစစ်ပြီး သက်တမ်းတိုးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

( ခ ) ပုဒ်မခွဲ (က) အရ မိမိ၏ ဆုံးဖြတ်ချက်ကို ခရိုင်ယစ်မျိုးအရာရှိထံ အကြောင်းကြားရမည်။

၂၂။ ပုဒ်မ ၂၁၊ ပုဒ်မခွဲ (က) အရ သက်တမ်းတိုးခွင့်ပြုလျှင် ခရိုင်ယစ်မျိုးအရာရှိသည် သတ်မှတ်သည့် ယစ်မျိုးလိုင်စင်သက်တမ်းတိုးကြေးပေးသွင်းစေပြီး လျှောက်ထားသူအား ယစ်မျိုးလိုင်စင် ထုတ်ပေးရမည်။

၂၃။ (က) ဦးစီးဌာနသည် လေလံစနစ်ဖြင့် ခွင့်ပြုနိုင်သော ယစ်မျိုးလုပ်ငန်းအမျိုးအစားကို သတ်မှတ် နိုင်သည်။

( ခ ) ခရိုင်ယစ်မျိုးအရာရှိသည် ပုဒ်မခွဲ (က) အရ သတ်မှတ်သော ယစ်မျိုးလုပ်ငန်းကို လုပ်ကိုင်ရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်နှင့်အညီ သက်ဆိုင်ရာ ယစ်မျိုးလိုင်စင်ထုတ်ပေး ရမည်။

၂၄။ ယစ်မျိုးလိုင်စင်ကို မည်သည့်ရက်တွင် ထုတ်ပေးစေကာမူ ယင်း၏သက်တမ်းသည် သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ် ကုန်ဆုံးသည့်ရက်အထိသာ အတည်ဖြစ်သည်။

**အခန်း (၆)**

**ယစ်မျိုးလိုင်စင်ရရှိသူ၏ တာဝန်များ**

၂၅။ ယစ်မျိုးလိုင်စင်ရရှိသူသည် သက်ဆိုင်ရာ ယစ်မျိုးလိုင်စင်ပါစည်းကမ်းချက်များကို လိုက်နာရမည့်ပြင် ယစ်မျိုးလုပ်ငန်းနှင့်သက်ဆိုင်သည့် စာရင်းနှင့် မှတ်ပုံတင်စာအုပ်များကို စနစ်တကျ စာရင်းပြုစုထားရမည်။

၂၆။ ယစ်မျိုးလိုင်စင်ရရှိသူသည် ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားချက်များကို လိုက်နာရမည်။

**အခန်း (၇)**

**ယစ်မျိုးလိုင်စင်ရရှိသူအမည်၊ တည်နေရာ၊ လိုင်စင်အမျိုးအစားပြောင်းလဲခွင့်၊ လိုင်စင်ပိတ်သိမ်းခွင့် လျှောက်ထားခြင်း၊ ခွင့်ပြုခြင်းနှင့် ငြင်းပယ်ခြင်း**

၂၇။ အောက်ပါကိစ္စတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ဆောင်ရွက်လိုသူသည် သက်ဆိုင်ရာ ခရိုင်ယစ်မျိုးအရာရှိထံ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားနိုင်သည်-

(က) ယစ်မျိုးလိုင်စင်ရရှိသူအမည် ပြောင်းလဲခြင်း၊

( ခ ) ယစ်မျိုးလိုင်စင်ရရှိထားသည့်တည်နေရာ ပြောင်းလဲခြင်း၊

( ဂ ) ယစ်မျိုးလိုင်စင်အမျိုးအစားတစ်ခုမှ အခြားယစ်မျိုးလိုင်စင်အမျိုးအစားတစ်ခုသို့ ပြောင်းလဲခြင်း၊

(ဃ) ယစ်မျိုးလိုင်စင် ပိတ်သိမ်းခြင်း။

၂၈။ (က) ခရိုင်ယစ်မျိုးအရာရှိသည်ပုဒ်မ ၂၇ ပါ ကိစ္စတစ်ရပ်ရပ်အတွက် လျှောက်ထားချက်ကို လက်ခံ ရရှိလျှင် သတ်မှတ်ချက်နှင့်ညီညွတ်ခြင်း ရှိ မရှိ မြို့နယ်ယစ်မျိုးအရာရှိကို စိစစ်တင်ပြစေရမည်။

( ခ ) မြို့နယ်ယစ်မျိုးအရာရှိသည် စိစစ်ပြီး မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ ခရိုင်ယစ်မျိုး အရာရှိထံ သတ်မှတ်ချက်နှင့်အညီ တင်ပြရမည်။

(ဂ) ခရိုင်ယစ်မျိုးအရာရှိသည် ပုဒ်မခွဲ (ခ) အရ တင်ပြချက်ကို လက်ခံရရှိလျှင်-

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ယစ်မျိုးအရာရှိထံ မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ တင်ပြရမည်။

(၂) ပြည်ထောင်စုနယ်မြေတွင် နေပြည်တော်ယစ်မျိုးအရာရှိထံ မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ တင်ပြရမည်။

၂၉။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် နေပြည်တော်ယစ်မျိုးအရာရှိသည်-

(က) ပုဒ်မ ၂၈၊ ပုဒ်မခွဲ (ဂ) အရ တင်ပြချက်ကို လက်ခံရရှိလျှင်-

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်ကို တောင်းခံရမည်။

(၂) ပြည်ထောင်စုနယ်မြေတွင် နေပြည်တော်ကောင်စီ၏ သဘောထားမှတ်ချက်ကို တောင်းခံရမည်။

(ခ) ပုဒ်မခွဲ (က) အရ တောင်းခံသည့် သဘောထားမှတ်ချက်ကို လက်ခံရရှိလျှင် မိမိ၏သဘောထားမှတ်ချက်နှင့်အတူ ဦးစီးဌာနသို့ တင်ပြရမည်။

၃၀။ (က) ဦးစီးဌာနသည် ပုဒ်မ ၂၉၊ ပုဒ်မခွဲ (ခ) အရ တင်ပြချက်ကို လက်ခံရရှိလျှင် သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ပြီး လျှောက်ထားသည့်ကိစ္စကို ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မ ၂၇ ပုဒ်မခွဲ (က)၊ (ခ) သို့မဟုတ် (ဂ) ပါ ပြောင်းလဲခြင်းအတွက် ခွင့်ပြုချက်ရရှိသူသည် သတ်မှတ်သည့် ယစ်မျိုးလိုင်စင်ကြေးကို ပေးသွင်းရမည်။

## အခန်း (၈)

## အရက်သိုလှောင် ခွင့်ပြုမိန့် လျှောက်ထားခြင်း၊ ခွင့်ပြုခြင်းနှင့် ငြင်းပယ်ခြင်း

၃၁။ သက်ဆိုင်ရာယစ်မျိုးလိုင်စင်ရရှိသူသည် မိမိထုတ်လုပ်သည့်အရက် သို့မဟုတ် ဖြန့်ဖြူးခွင့်ရှိသည့် အရက်ကို ယစ်မျိုးလိုင်စင်ပါ မူလခွင့်ပြုထားသည့် နေရာအပြင် အခြားနေရာတွင် သိုလှောင်ခြင်းပြုလုပ်လိုလျှင် အရက်သိုလှောင်ခွင့်ပြုမိန့်ရရှိရန် သက်ဆိုင်ရာ ခရိုင်ယစ်မျိုးအရာရှိထံ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။

၃၂။ ခရိုင်ယစ်မျိုးအရာရှိသည် ပုဒ်မ ၃၁ အရ လျှောက်ထားချက်ကို လက်ခံရရှိလျှင်-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ယစ်မျိုးအရာရှိထံ မိမိ၏သဘောထားမှတ်ချက်နှင့်အတူ တင်ပြရမည်။

(ခ) ပြည်ထောင်စုနယ်မြေတွင် နေပြည်တော်ယစ်မျိုးအရာရှိထံ မိမိ၏သဘောထားမှတ်ချက်နှင့်အတူ တင်ပြရမည်။

၃၃။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် နေပြည်တော်ယစ်မျိုးအရာရှိသည်-

(က) ပုဒ်မ ၃၂ အရ တင်ပြချက်ကို လက်ခံရရှိလျှင် မိမိ၏သဘောထားမှတ်ချက်နှင့်အတူ-

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်ကို တင်ပြတောင်းခံရမည်။

(၂) ပြည်ထောင်စုနယ်မြေတွင် နေပြည်တော်ကောင်စီ၏ သဘောထားမှတ်ချက်ကို တင်ပြတောင်းခံရမည်။

(ခ) ပုဒ်မခွဲ (က) အရ တောင်းခံသည့် သဘောထားမှတ်ချက်ကို လက်ခံရရှိလျှင် ယင်းသဘောထားမှတ်ချက်နှင့်အညီ ဆောင်ရွက်ရန် သက်ဆိုင်ရာ ခရိုင်ယစ်မျိုးအရာရှိထံ ညွှန်ကြားရမည်။

၃၄။ ခရိုင်ယစ်မျိုးအရာရှိသည် ပုဒ်မ ၃၁ အရ အရက်သိုလှောင်ခွင့်ပြုမိန့် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ခွင့်ပြုမိန့်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို ပုဒ်မ ၃၃၊ ပုဒ်မခွဲ (ခ) ပါ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ရမည်။

၃၅။ ဦးစီးဌာနသည် ယစ်မျိုးလိုင်စင်ရယူရန်မလိုဘဲ လက်ဝယ်ထားပိုင်ခွင့်ရှိသော အရက်အမျိုးအစားအလိုက် အရေအတွက်၊ ပမာဏကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် သတ်မှတ်နိုင်သည်။

## အခန်း (၉)
## အရက်သယ်ယူပို့ဆောင်ခွင့်လက်မှတ် လျှောက်ထားခြင်း၊ ခွင့်ပြုခြင်းနှင့် ငြင်းပယ်ခြင်း

၃၆။ သက်ဆိုင်ရာယစ်မျိုးလိုင်စင်ရရှိသူသည် မိမိထုတ်လုပ်သည့်အရက် သို့မဟုတ် ဖြန့်ဖြူးခွင့်ရှိသည့်အရက်ကို ဖြန့်ဖြူးခြင်းဆိုင်ရာ ယစ်မျိုးလိုင်စင်ရှိသူ သို့မဟုတ် ရောင်းချခြင်းဆိုင်ရာ ယစ်မျိုးလိုင်စင်ရှိသူထံ သယ်ယူပို့ဆောင်ခြင်းပြုလိုလျှင် သက်ဆိုင်ရာ ခရိုင်ယစ်မျိုးအရာရှိထံ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။

၃၇။ ခရိုင်ယစ်မျိုးအရာရှိသည် ပုဒ်မ ၃၆ အရ လျှောက်ထားချက်ကို လက်ခံရရှိလျှင်-

(က) သတ်မှတ်ချက်နှင့်ညီညွတ်ခြင်း ရှိ မရှိ စိစစ်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ စိစစ်ပြီး အရက်သယ်ယူပို့ဆောင်ခွင့်လက်မှတ် ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

## အခန်း (၁၀)
## အရက်၊ ဘီယာ သို့မဟုတ် ဝိုင် စက်ရုံတည်ထောင်ခွင့်၊ တိုးချဲ့ခွင့်လျှောက်ထားခြင်း၊ ခွင့်ပြုမိန့်ထုတ်ပေးခြင်းနှင့် ငြင်းပယ်ခြင်း

၃၈။ အောက်ပါကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်လိုသူသည် ခွင့်ပြုမိန့်ရရှိရန် သတ်မှတ်ချက်နှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်-

(က) အရက်၊ ဘီယာ သို့မဟုတ် ဝိုင် စက်ရုံတည်ထောင်ခြင်း၊

(ခ) တည်ထောင်ခွင့်ပြုမိန့်ရရှိထားသော စက်ရုံကိုတိုးချဲ့ခြင်းနှင့် ခွင့်ပြုထားသောနေရာ၌ ယစ်မျိုးလုပ်ငန်းပမာဏတိုးချဲ့ခြင်း၊

(ဂ) ခွင့်ပြုထားသော စက်ရုံမြေဧရိယာအပြင် ဆက်စပ်မြေဧရိယာ တိုးချဲ့ခြင်းနှင့် ယစ်မျိုးလိုင်စင်ပါ ယစ်မျိုးလုပ်ငန်းပမာဏ တိုးချဲ့ခြင်း၊

(ဃ) တည်ထောင်ခွင့်ပြုမိန့်ရရှိထားသော စက်ရုံတည်ရှိရာနေရာမှ အခြားနေရာသို့ စက်ရုံပြောင်းရွှေ့တည်ထောင်ခြင်း။

၃၉။ ပုဒ်မ ၃၈ ပါ ကိစ္စတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ဆောင်ရွက်လိုသူသည်-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွင် စက်ရုံတည်ထောင်ခြင်းဖြစ်လျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်နှင့်အတူ ဦးစီးဌာနသို့ လျှောက်ထားရမည်။

( ခ ) ပြည်ထောင်စုနယ်မြေတွင် စက်ရုံတည်ထောင်ခြင်းဖြစ်လျှင် နေပြည်တော်ကောင်စီ၏ သဘောထားမှတ်ချက်နှင့်အတူ ဦးစီးဌာနသို့ လျှောက်ထားရမည်။

၄၀။ (က) ဦးစီးဌာနသည် ပုဒ်မ ၃၉ အရ လျှောက်ထားချက်ကို လက်ခံရရှိလျှင်-

(၁) သတ်မှတ်ချက်နှင့်ညီညွတ်ခြင်း ရှိ မရှိ စိစစ်ရမည်။

(၂) ပုဒ်မခွဲငယ် (၁) အရ စိစစ်ပြီး ပုဒ်မ ၃၈ ပါ ကိစ္စတစ်ရပ်ရပ်အတွက် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ခွင့်ပြုမိန့် ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

( ခ ) ပုဒ်မ ၃၈ ပါ ကိစ္စတစ်ရပ်ရပ်အတွက် ခွင့်ပြုမိန့်ရရှိသူသည် အာမခံကြေးအပါအဝင် ဦးစီးဌာနက သတ်မှတ်ထားသည့် အခကြေးငွေကို ပေးသွင်းရမည်။

၄၁။ ပုဒ်မ ၃၈ ပါ ကိစ္စတစ်ရပ်ရပ်အတွက် ခွင့်ပြုမိန့်ရရှိသူသည်-

(က) စက်ရုံတည်ထောင်ရန်အလို့ငှာ မြေနေရာပြင်ဆင်ခြင်း၊ စက်ကိရိယာများတပ်ဆင်ခြင်း အပါအဝင် လုပ်ငန်းဆောင်ရွက်ချက်များကို ဦးစီးဌာနသို့တင်ပြ၍ လမ်းညွှန်ချက်ရယူရမည့်ပြင် ဦးစီးဌာန၏ စစ်ဆေးခြင်းကိုလည်း ခံယူရမည်။

( ခ ) စက်ရုံတည်ထောင်ပြီးပါက ထုတ်လုပ်ခြင်းအတွက် ယစ်မျိုးလိုင်စင်ကို သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။

## အခန်း (၁၁)
## ဖြန့်ဖြူးခြင်းနှင့် ရောင်းချခြင်း

၄၂။ ထန်းရည်ကို ထန်းရည်ရောင်းချခွင့်ဆိုင်ရာ ယစ်မျိုးလိုင်စင်ရှိသူထံ သတ်မှတ်ချက်နှင့်အညီ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း သို့မဟုတ် သယ်ယူပို့ဆောင်ခြင်းမှတစ်ပါး စီးပွားဖြစ်အလို့ငှာ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း သို့မဟုတ် သယ်ယူပို့ဆောင်ခြင်း ပြုလုပ်လိုသူသည် သက်ဆိုင်ရာ ယစ်မျိုးလိုင်စင် သို့မဟုတ် သယ်ယူပို့ဆောင်ခွင့်လက်မှတ် လျှောက်ထားရယူရမည်။

**ရှင်းလင်းချက်။** စီးပွားဖြစ်အလို့ငှာ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း သို့မဟုတ် သယ်ယူပို့ဆောင်ခြင်း ဆိုသည်မှာ ၅၀ လီတာထက်ပိုသည့် ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း သို့မဟုတ် သယ်ယူပို့ဆောင်ခြင်းကို ဆိုသည်။

၄၃။ ဖြန့်ဖြူးခြင်းဆိုင်ရာ ယစ်မျိုးလိုင်စင်ရရှိသူသည် ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်းဆိုင်ရာ ယစ်မျိုးလိုင်စင်ရရှိသော အခြားသူထံ အရက်ကို အွန်လိုင်းစနစ်ဖြင့် ဖြန့်ဖြူးခြင်းပြုလုပ်လိုလျှင် ဤဥပဒေအရလည်းကောင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရလည်းကောင်း ထုတ်ပြန်ထားသော သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

၄၄။ ထုတ်လုပ်ခြင်းဆိုင်ရာ ယစ်မျိုးလိုင်စင်၊ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်ခြင်းဆိုင်ရာ ယစ်မျိုးလိုင်စင် သို့မဟုတ် ပုလင်းသွတ်ခြင်းဆိုင်ရာ ယစ်မျိုးလိုင်စင်ရရှိသူသည် အရက်အမျိုးအစား တစ်ခုချင်းအလိုက် သောက်သုံးရန်သင့်လျော်သော အရက်ဖြစ်ကြောင်း အတည်ပြုပေးနိုင်သည့် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ အတည်ပြုချက်ရရှိမှသာ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်း ပြုရမည်။

## အခန်း (၁၂)

## ပြည်ပမှတင်သွင်းခြင်းနှင့် ပြည်ပသို့တင်ပို့ခြင်း

၄၅။ ထုတ်လုပ်ခြင်းဆိုင်ရာ ယစ်မျိုးလိုင်စင်၊ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်ခြင်းဆိုင်ရာ ယစ်မျိုးလိုင်စင် သို့မဟုတ် ဖြန့်ဖြူးခြင်းဆိုင်ရာ ယစ်မျိုးလိုင်စင်ရရှိသူသည် အရက်ကို ဤဥပဒေအရလည်းကောင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရလည်းကောင်း ထုတ်ပြန်ထားသော သတ်မှတ်ချက်နှင့်အညီ ပြည်ပသို့ တင်ပို့နိုင်သည်။

၄၆။ ဖြန့်ဖြူးခြင်းဆိုင်ရာ ယစ်မျိုးလိုင်စင်ရရှိသူသည် အရက်ကို ဤဥပဒေအရလည်းကောင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရလည်းကောင်း ထုတ်ပြန်ထားသော သတ်မှတ်ချက်နှင့်အညီ ပြည်ပမှတင်သွင်းနိုင်သည်။

၄၇။ ဦးစီးဌာနသည် အရက်ကို ပြည်ပမှတင်သွင်းခြင်းနှင့်စပ်လျဉ်း၍ လိုအပ်ပါက ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ကန့်သတ်နိုင်သည်။

## အခန်း (၁၃)

## ယစ်မျိုးလုပ်ငန်းများကို စစ်ဆေးခြင်း၊ ရှာဖွေခြင်းနှင့် အရေးယူခြင်း

၄၈။ ညွှန်ကြားရေးမှူးချုပ်သည်-

(က) ယစ်မျိုးလိုင်စင်ရရှိထားသည့် ယစ်မျိုးလုပ်ငန်းများကို စစ်ဆေးခြင်းပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ စစ်ဆေးရာတွင် မိမိကိုယ်တိုင်ဖြစ်စေ၊ ဦးစီးအရာရှိ အဆင့်အောက်မနိမ့်သော အရာရှိတစ်ဦး သို့မဟုတ် တစ်ဦးထက်ပို၍ပါဝင်သော အဖွဲ့ကိုဖြစ်စေ လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၄၉။ ခရိုင်ယစ်မျိုးအရာရှိ သို့မဟုတ် မြို့နယ်ယစ်မျိုးအရာရှိသည် အရက်ထုတ်လုပ်ခြင်းပြုသည့်နေရာ၊ အရက်ဖြန့်ဖြူးခြင်းပြုသည့်နေရာ သို့မဟုတ် အရက်ရောင်းချခြင်းပြုသည့်နေရာကို သတ်မှတ်ချက်နှင့် ညီညွတ်ခြင်း ရှိ မရှိ စစ်ဆေးရမည်။

၅၀။ ယစ်မျိုးအရာရှိအဆင့်ဆင့်သည်-

(က) အောက်ပါယစ်မျိုးလုပ်ငန်းဆိုင်ရာ နေရာနှင့် အရက် သို့မဟုတ် ယစ်မျိုးသက်ဝင်ပစ္စည်းသယ်ဆောင်သည့် ယာဉ်တို့ကို သတ်မှတ်ချက်နှင့်အညီ စစ်ဆေးရမည်-

(၁) အရက် သို့မဟုတ် ယစ်မျိုးသက်ဝင်ပစ္စည်းကို ထုတ်လုပ်ခြင်း၊

(၂) အရက် သို့မဟုတ် ယစ်မျိုးသက်ဝင်ပစ္စည်းကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်ခြင်း၊

(၃) အရက် သို့မဟုတ် ယစ်မျိုးသက်ဝင်ပစ္စည်းကို သိုလှောင်ခြင်း၊

(၄) အရက် သို့မဟုတ် ယစ်မျိုးသက်ဝင်ပစ္စည်းကို ဖြန့်ဖြူးခြင်း၊

(၅) အရက် သို့မဟုတ် ယစ်မျိုးသက်ဝင်ပစ္စည်းကို ရောင်းချခြင်း။

(ခ) ယစ်မျိုးလုပ်ငန်းနှင့်သက်ဆိုင်သည့် စာရင်းနှင့် မှတ်ပုံတင်စာအုပ်များကို စစ်ဆေးခြင်းပြုရမည်။

(ဂ) ပုဒ်မခွဲ (က) အရ စစ်ဆေးရာတွင်တွေ့ရှိသည့် အရက်၊ ယစ်မျိုးသက်ဝင်ပစ္စည်း သို့မဟုတ် ကိရိယာတန်ဆာပလာများကို စစ်ဆေးခြင်း၊ စမ်းသပ်ခြင်းနှင့် ချိန်တွယ်ခြင်းကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) ပုဒ်မခွဲ (က)၊ (ခ) သို့မဟုတ် (ဂ) အရ စစ်ဆေးရာတွင် ဤဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက် သို့မဟုတ် လုပ်ထုံးလုပ်နည်းများပါ သတ်မှတ်ချက်တစ်ရပ်ရပ်ကို ဖြစ်စေ၊ ခွင့်ပြုထားသည့် ယစ်မျိုးလိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ လိုက်နာဆောင်ရွက်ခြင်းမရှိကြောင်း စိစစ်တွေ့ရှိလျှင် ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်ရမည်။

၅၁။ မြို့နယ်ယစ်မျိုးအရာရှိသည် အများပြည်သူ အေးချမ်းသာယာရေးအလို့ငှာ လိုအပ်သည်ဟု ထင်မြင်ယူဆပါက အရက်ဖြန့်ဖြူးခြင်းပြုသည့်နေရာ သို့မဟုတ် အရက်ရောင်းချခြင်းပြုသည့်နေရာကို သတ်မှတ်အချိန် သို့မဟုတ် ကာလအထိ ယာယီပိတ်ထားရန် မြို့နယ်ကြီးကြပ်စစ်ဆေးရေးအဖွဲ့၏ သဘောတူညီချက်ရရှိလျှင် သက်ဆိုင်ရာခရိုင်ယစ်မျိုးအရာရှိထံတင်ပြပြီး ညွှန်ကြားနိုင်သည်။

၅၂။ အရက်ဖြန့်ဖြူးခြင်းပြုသည့် သို့မဟုတ် ရောင်းချခြင်းပြုသည့်နေရာအနီးတွင် အများပြည်သူကို အနှောင့်အယှက်ဖြစ်စေနိုင်မည့် အဓိကရုဏ်းသော်လည်းကောင်း၊ ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးသော်လည်းကောင်း ဖြစ်ပွားနိုင်ကြောင်း သို့မဟုတ် ဖြစ်ပွားနေကြောင်း ယုံကြည်လောက်သော သတင်းရရှိလျှင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးကဖြစ်စေ၊ သက်ဆိုင်ရာ ရဲစခန်းမှူးကဖြစ်စေ သင့်လျော်သည့် အချိန်ကာလအပိုင်းအခြားအထိ အဆိုပါနေရာကို ယာယီပိတ်ထားရန် မြို့နယ်ယစ်မျိုးအရာရှိ၏ သဘောတူညီချက်ဖြင့် ညွှန်ကြားနိုင်သည်။

၅၃။ သက်ဆိုင်ရာ ယစ်မျိုးလိုင်စင်ရရှိသူသည်-

(က) ပုဒ်မ ၅၁ သို့မဟုတ် ပုဒ်မ ၅၂ အရ ညွှန်ကြားချက်ရရှိလျှင် အရက်ဖြန့်ဖြူးခြင်းပြုသည့် သို့မဟုတ် ရောင်းချခြင်းပြုသည့်နေရာကို ယာယီပိတ်ထားရမည်။

(ခ) ပုဒ်မ ၅၂ အရ ညွှန်ကြားချက် တစ်စုံတစ်ရာမရရှိစေကာမူ အောက်ပါအခြေအနေတစ်ရပ်ရပ်ဖြစ်ပွားပါက အရက်ဖြန့်ဖြူးခြင်းပြုသည့် သို့မဟုတ် ရောင်းချခြင်းပြုသည့်နေရာကို ယာယီပိတ်ထားရမည်-

(၁) အရက်ဖြန့်ဖြူးခြင်းပြုသည့် သို့မဟုတ် ရောင်းချခြင်းပြုသည့်နေရာအနီးတွင် အများပြည်သူကို အနှောင့်အယှက်ဖြစ်စေနိုင်မည့် အဓိကရုဏ်းဖြစ်ပွားခြင်း၊

(၂) အရက်ဖြန့်ဖြူးခြင်းပြုသည့် သို့မဟုတ် ရောင်းချခြင်းပြုသည့်နေရာအနီးတွင် ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးဖြစ်ပွားခြင်း။

## အခန်း (၁၄)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၅၄။ ယစ်မျိုးလိုင်စင်ရရှိသူက ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက် သို့မဟုတ် လုပ်ထုံးလုပ်နည်းများပါ လိုက်နာရမည့်သတ်မှတ်ချက် တစ်ရပ်ရပ်ကိုဖြစ်စေ၊ ယစ်မျိုးလိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ လိုက်နာရန် ပျက်ကွက်လျှင်သော်လည်းကောင်း၊ ခွင့်ပြုမိန့်ရရှိသူက ပုဒ်မ ၄၁၊ ပုဒ်မခွဲ (က) ပါ သတ်မှတ်ချက်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်လျှင်သော်လည်းကောင်း ညွှန်ကြားရေးမှူးချုပ်သည် အောက်ပါစီမံခန့်ခွဲရေး ပြစ်ဒဏ်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်-

(က) စာဖြင့်သတိပေးခြင်း၊

(ခ) ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊

(ဂ) ယစ်မျိုးလိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊

(ဃ) ယစ်မျိုးလိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ကို ပိတ်သိမ်းခြင်း။

## အခန်း (၁၅)

## အယူခံခြင်း

၅၅။ (က) ယစ်မျိုးလိုင်စင်ရရှိသူသည် ညွှန်ကြားရေးမှူးချုပ်က ပုဒ်မ ၅၄ အရ ချမှတ်သောအမိန့်ကို ကျေနပ်မှုမရှိလျှင် ယင်းအမိန့်ချမှတ်သည့်ရက်မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံဝင်ရောက်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် ညွှန်ကြားရေးမှူးချုပ်က ချမှတ်သောအမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

(ဂ) ဝန်ကြီးဌာန၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၁၆)

## တားမြစ်ချက်များ

၅၆။ ထန်းရည်ကို ယစ်မျိုးလိုင်စင်ရရှိသူထံ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း သို့မဟုတ် သယ်ယူပို့ဆောင်ခြင်းမှ တစ်ပါး မည်သူမျှ ယစ်မျိုးလိုင်စင်မရှိဘဲ စီးပွားဖြစ်အလို့ငှာ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း သို့မဟုတ် သယ်ယူပို့ဆောင်ခွင့်လက်မှတ်မပါဘဲ သယ်ယူပို့ဆောင်ခြင်း မပြုရ။

၅၇။ မည်သူမျှ တည်အရက်ကို-

(က) ယစ်မျိုးလိုင်စင်မရှိဘဲ ထုတ်လုပ်ခြင်း၊ ပုလင်းသွတ်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်း မပြုရ။

(ခ) သိုလှောင်ခွင့်ပြုမိန့်မရှိဘဲ သိုလှောင်ခြင်း မပြုရ။

(ဂ) သယ်ယူပို့ဆောင်ခွင့်လက်မှတ်မပါဘဲ သယ်ယူပို့ဆောင်ခြင်း မပြုရ။

၅၈။ မည်သူမျှ ဝိုင်ကို-

(က) ယစ်မျိုးလိုင်စင်မရှိဘဲ ထုတ်လုပ်ခြင်းမပြုရ။

(ခ) ယစ်မျိုးလိုင်စင်မရှိဘဲ ပုလင်းသွတ်ခြင်း မပြုရ။

(ဂ) ထုတ်လုပ်ခြင်းဆိုင်ရာ ယစ်မျိုးလိုင်စင် သို့မဟုတ် ဖြန့်ဖြူးခြင်းဆိုင်ရာ ယစ်မျိုးလိုင်စင်မရှိဘဲ ပြည်ပသို့ တင်ပို့ခြင်း မပြုရ။

(ဃ) ဖြန့်ဖြူးခြင်းဆိုင်ရာ ယစ်မျိုးလိုင်စင်မရှိဘဲ ပြည်ပမှတင်သွင်းခြင်း မပြုရ။

(င) သိုလှောင်ခွင့်ပြုမိန့်မရှိဘဲ သိုလှောင်ခြင်း မပြုရ။

(စ) ယစ်မျိုးလိုင်စင်မရှိဘဲ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်း မပြုရ။

(ဆ) သယ်ယူပို့ဆောင်ခွင့်လက်မှတ်မပါဘဲ သယ်ယူပို့ဆောင်ခြင်း မပြုရ။

(ဇ) သယ်ယူပို့ဆောင်ခွင့်လက်မှတ်ပါ စည်းကမ်းချက်များနှင့် ညီညွတ်မှုမရှိဘဲ သယ်ယူပို့ဆောင်ခြင်း မပြုရ။

၅၉။ မည်သူမျှ ပြည်တွင်းဖြစ်အရက်ကို-

(က) ယစ်မျိုးလိုင်စင်မရှိဘဲ ထုတ်လုပ်ခြင်း မပြုရ။

(ခ) ယစ်မျိုးလိုင်စင်မရှိဘဲ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်ခြင်း မပြုရ။

(ဂ) ယစ်မျိုးလိုင်စင်မရှိဘဲ ပုလင်းသွတ်ခြင်း မပြုရ။

(ဃ) ထုတ်လုပ်ခြင်းဆိုင်ရာ ယစ်မျိုးလိုင်စင် သို့မဟုတ် ဖြန့်ဖြူးခြင်းဆိုင်ရာ ယစ်မျိုးလိုင်စင်မရှိဘဲ ပြည်ပသို့ တင်ပို့ခြင်း မပြုရ။

(င) သိုလှောင်ခွင့်ပြုမိန့်မရှိဘဲ သိုလှောင်ခြင်း မပြုရ။

(စ) ယစ်မျိုးလိုင်စင်မရှိဘဲ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်း မပြုရ။

(ဆ) သယ်ယူပို့ဆောင်ခွင့်လက်မှတ်မပါဘဲ သယ်ယူပို့ဆောင်ခြင်း မပြုရ။

(ဇ) သယ်ယူပို့ဆောင်ခွင့်လက်မှတ်ပါ စည်းကမ်းချက်များနှင့် ညီညွတ်မှုမရှိဘဲ သယ်ယူပို့ဆောင်ခြင်း မပြုရ။

၆၀။ မည်သူမျှ ထန်းရည် သို့မဟုတ် တည်အရက်ကို ယစ်မျိုးလိုင်စင်မရှိဘဲ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်ခြင်း မပြုရ။

၆၁။ မည်သူမျှ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်သည့် အရက်ကို-

(က) ယစ်မျိုးလိုင်စင်မရှိဘဲ ပုလင်းသွတ်ခြင်း မပြုရ။

(ခ) တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်ခြင်းဆိုင်ရာ ယစ်မျိုးလိုင်စင် သို့မဟုတ် ဖြန့်ဖြူးခြင်းဆိုင်ရာ ယစ်မျိုးလိုင်စင်မရှိဘဲ ပြည်ပသို့တင်ပို့ခြင်း မပြုရ။

(ဂ) သိုလှောင်ခွင့်ပြုမိန့်မရှိဘဲ သိုလှောင်ခြင်း မပြုရ။

(ဃ) ယစ်မျိုးလိုင်စင်မရှိဘဲ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်း မပြုရ။

(င) သယ်ယူပို့ဆောင်ခွင့်လက်မှတ်မပါဘဲ သယ်ယူပို့ဆောင်ခြင်း မပြုရ။

(စ) သယ်ယူပို့ဆောင်ခွင့်လက်မှတ်ပါ စည်းကမ်းချက်များနှင့် ညီညွတ်ခြင်းမရှိဘဲ သယ်ယူပို့ဆောင်ခြင်း မပြုရ။

၆၂။ မည်သူမျှ နိုင်ငံခြားအရက်ကို-

(က) ယစ်မျိုးလိုင်စင်မရှိဘဲ ထုတ်လုပ်ခြင်း မပြုရ။

(ခ) ယစ်မျိုးလိုင်စင်မရှိဘဲ ပုလင်းသွတ်ခြင်း မပြုရ။

(ဂ) ဖြန့်ဖြူးခြင်းဆိုင်ရာ ယစ်မျိုးလိုင်စင်မရှိဘဲ ပြည်ပမှတင်သွင်းခြင်း မပြုရ။

(ဃ) သိုလှောင်ခွင့်ပြုမိန့်မရှိဘဲ သိုလှောင်ခြင်း မပြုရ။

(င) ယစ်မျိုးလိုင်စင်မရှိဘဲ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်း မပြုရ။

(စ) သယ်ယူပို့ဆောင်ခွင့်လက်မှတ်မပါဘဲ သယ်ယူပို့ဆောင်ခြင်း မပြုရ။

(ဆ) သယ်ယူပို့ဆောင်ခွင့်လက်မှတ်ပါ စည်းကမ်းချက်များနှင့် ညီညွတ်မှုမရှိဘဲ သယ်ယူပို့ဆောင်ခြင်း မပြုရ။

၆၃။ မည်သူမျှ ဘီယာနှင့် ဝိုင်မှတစ်ပါး နိုင်ငံတကာအဆင့်မီ ပြည်တွင်းဖြစ်အရက်ကို-

(က) ယစ်မျိုးလိုင်စင်မရှိဘဲ ထုတ်လုပ်ခြင်း မပြုရ။

(ခ) ယစ်မျိုးလိုင်စင်မရှိဘဲ ပုလင်းသွတ်ခြင်း မပြုရ။

(ဂ) ထုတ်လုပ်ခြင်းဆိုင်ရာ ယစ်မျိုးလိုင်စင် သို့မဟုတ် ဖြန့်ဖြူးခြင်းဆိုင်ရာယစ်မျိုးလိုင်စင်မရှိဘဲ ပြည်ပသို့ တင်ပို့ခြင်း မပြုရ။

(ဃ) သိုလှောင်ခွင့်ပြုမိန့်မရှိဘဲ သိုလှောင်ခြင်း မပြုရ။

(င) ယစ်မျိုးလိုင်စင်မရှိဘဲ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်း မပြုရ။

(စ) သယ်ယူပို့ဆောင်ခွင့်လက်မှတ်မပါဘဲ သယ်ယူပို့ဆောင်ခြင်း မပြုရ။

(ဆ) သယ်ယူပို့ဆောင်ခွင့်လက်မှတ်ပါ စည်းကမ်းချက်များနှင့် ညီညွတ်မှုမရှိဘဲ သယ်ယူပို့ဆောင်ခြင်း မပြုရ။

၆၄။ မည်သူမျှ ဘီယာကို-

(က) ယစ်မျိုးလိုင်စင်မရှိဘဲ ထုတ်လုပ်ခြင်း မပြုရ။

(ခ) ယစ်မျိုးလိုင်စင်မရှိဘဲ ပုလင်းသွတ်ခြင်း မပြုရ။

(ဂ) ထုတ်လုပ်ခြင်းဆိုင်ရာ ယစ်မျိုးလိုင်စင် သို့မဟုတ် ဖြန့်ဖြူးခြင်းဆိုင်ရာ ယစ်မျိုးလိုင်စင်မရှိဘဲ ပြည်ပသို့ တင်ပို့ခြင်း မပြုရ။

(ဃ) ဖြန့်ဖြူးခြင်းဆိုင်ရာ ယစ်မျိုးလိုင်စင်မရှိဘဲ ပြည်ပမှတင်သွင်းခြင်း မပြုရ။

(င) သိုလှောင်ခွင့်ပြုမိန့်မရှိဘဲ သိုလှောင်ခြင်း မပြုရ။

(စ) ယစ်မျိုးလိုင်စင်မရှိဘဲ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်း မပြုရ။

(ဆ) သယ်ယူပို့ဆောင်ခွင့်လက်မှတ်မပါဘဲ သယ်ယူပို့ဆောင်ခြင်း မပြုရ။

(ဇ) သယ်ယူပို့ဆောင်ခွင့်လက်မှတ်ပါ စည်းကမ်းချက်များနှင့် ညီညွတ်မှုမရှိဘဲ သယ်ယူပို့ဆောင်ခြင်း မပြုရ။

၆၅။ မည်သူမျှ ပုဒ်မ ၃၈ ပါ ကိစ္စတစ်ရပ်ရပ်ကို ဝန်ကြီးဌာန၏ ခွင့်ပြုမိန့်မရှိဘဲ ဆောင်ရွက်ခြင်း မပြုရ။

၆၆။ မည်သူမျှ သိလျက်နှင့် ယစ်မျိုးလိုင်စင်မရှိသူကို ယစ်မျိုးလုပ်ငန်းတစ်မျိုးမျိုး လုပ်ကိုင်ရန်နေရာကို ငှားရမ်းခြင်း မပြုရ။

၆၇။ မည်သူမျှ မူလသတ္တိပျက်ပြီးအရက်ကို သောက်သုံးနိုင်သောအရက်ဖြစ်စေရန်-

(က) ပြုပြင်ပြောင်းလဲခြင်း မပြုရ။

(ခ) ပြုပြင်ပြောင်းလဲပြီးသောအရည်ကို ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်း မပြုရ။

(ဂ) ပြုပြင်ပြောင်းလဲပြီးသောအရည်ကို လက်ဝယ်ထားရှိခြင်း သို့မဟုတ် သယ်ယူပို့ဆောင်ခြင်း မပြုရ။

၆၈။ မည်သူမျှ အောက်ဖော်ပြပါသူတစ်ဦးဦးကို အရက်ကို ရောင်းချခြင်း သို့မဟုတ် ပေးကမ်းခြင်း မပြုရ-

(က) သာသနာ့ဝန်ထမ်း၊

(ခ) စိတ်ပေါ့သွပ်သူ၊

(ဂ) အသက် ၁၈ နှစ်မပြည့်သူ၊

(ဃ) နည်းဥပဒေဖြင့် သတ်မှတ်ထားသူ။

၆၉။ မည်သူမျှ အရက် သို့မဟုတ် ယစ်မျိုးသက်ဝင်ပစ္စည်းကို-

(က) အလိုအလျောက်အရောင်းစက်ဖြင့် ရောင်းချခြင်း မပြုရ။

( ခ ) သောက်သုံးမည့် အများပြည်သူထံ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်း မပြုရ။

( ဂ ) ကြော်ငြာဆိုင်းဘုတ်စိုက်ထူခြင်း၊ ရေးဆွဲဖော်ပြ၍ကြော်ငြာခြင်း၊ ကြော်ငြာချိတ်ဆွဲခြင်း၊ ကြော်ငြာကပ်ခြင်း၊ ကြော်ငြာလက်ကမ်းစာရွက်ဝေငှခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် ကြော်ငြာခြင်း မပြုရ။

(ဃ) အရောင်းပမာဏမြင့်တက်စေရန် ပုံမှန်ဈေးနှုန်းအောက်လျှော့ချခြင်း၊ နမူနာပေးကမ်းခြင်း၊ ကံစမ်းမဲအစီအစဉ်ပြုလုပ်ခြင်း သို့မဟုတ် ဝယ်ယူမှုအပေါ် အပိုဆောင်းလက်ဆောင် ပေးကမ်းခြင်းဖြင့် ရောင်းချခြင်း မပြုရ။

၇၀။ ယစ်မျိုးလိုင်စင်ရရှိသူမှတစ်ပါး မည်သူမျှ ပုဒ်မ ၃၅ အရ သတ်မှတ်သော အရေအတွက်၊ ပမာဏထက်ပိုသောအရက်ကို လက်ဝယ်ထားခြင်း မပြုရ။

၇၁။ လိုင်စင်ရရှိသူမည်သူမျှ-

(က) မိမိအားထုတ်ပေးထားသော ယစ်မျိုးလိုင်စင်ကို ဦးစီးဌာန၏ ခွင့်ပြုချက်မရဘဲ အခြားသူတစ်ဦးဦးထံ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း သို့မဟုတ် ငှားရမ်းခြင်း မပြုရ။

( ခ ) ယစ်မျိုးလိုင်စင်ပါ ခွင့်ပြုသောနေရာအပြင် အခြားနေရာ၌ ယစ်မျိုးလိုင်စင်ကို မိတ္တူပွား၍ အသုံးမပြုရ။

၇၂။ ရောင်းချခြင်းဆိုင်ရာ ယစ်မျိုးလိုင်စင်ရရှိသူ မည်သူမျှ အရက်ရောင်းချခြင်းပြုသည့်နေရာတွင် အမျိုးသမီးကို ခိုင်းစေခြင်း သို့မဟုတ် ခိုင်းစေခွင့်ပြုခြင်း မပြုရ။

## အခန်း (၁၇)
## ပြစ်မှုနှင့် ပြစ်ဒဏ်

၇၃။ မည်သူမဆို ပုဒ်မ ၅၆၊ ပုဒ်မ ၅၇ သို့မဟုတ် ပုဒ်မ ၇၂ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၅၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၄။ မည်သူမဆို-

(က) ပုဒ်မ ၅၈ ပုဒ်မခွဲ (က)၊ (ခ) သို့မဟုတ် ပုဒ်မ ၅၉ ပုဒ်မခွဲ (က)၊ (ဂ) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၁၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

( ခ ) ပုဒ်မ ၅၈ ပုဒ်မခွဲ (ဂ)၊ (ဃ) သို့မဟုတ် ပုဒ်မ ၅၉ ပုဒ်မခွဲ (ဃ) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး နှစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၁၀၀ မှ အများဆုံး ကျပ်သိန်း ၃၀၀ ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

( ဂ ) ပုဒ်မ ၅၈ ပုဒ်မခွဲ (င) သို့မဟုတ် ပုဒ်မ ၅၉ ပုဒ်မခွဲ (င) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၅၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ဃ) ပုဒ်မ ၅၈ ပုဒ်မခွဲ (စ) သို့မဟုတ် ပုဒ်မ ၅၉ ပုဒ်မခွဲ (စ) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၁၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

( င ) ပုဒ်မ ၅၈ ပုဒ်မခွဲ (ဆ) သို့မဟုတ် ပုဒ်မ ၅၉ ပုဒ်မခွဲ (ဆ) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၂၀ မှ အများဆုံး ကျပ်သိန်း ၅၀ ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

( စ ) ပုဒ်မ ၅၈ ပုဒ်မခွဲ (ဇ) သို့မဟုတ် ပုဒ်မ ၅၉ ပုဒ်မခွဲ (ဇ) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ် ၁၀ သိန်းမှ အများဆုံး ကျပ်သိန်း ၃၀ ထိ ငွေဒဏ်ချမှတ်ရမည်။

၇၅။ မည်သူမဆို-

(က) ပုဒ်မ ၅၉ ပုဒ်မခွဲ (ခ)၊ ပုဒ်မ ၆၀၊ ပုဒ်မ ၆၂ ပုဒ်မခွဲ(က)၊ ပုဒ်မ ၆၃ ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မ ၆၄ ပုဒ်မခွဲ (က) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်ပြင် အနည်းဆုံး ကျပ်သိန်း ၂၀၀ မှ အများဆုံး ကျပ်သိန်း ၅၀၀ ထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်။

( ခ ) ပုဒ်မ ၆၁ ပုဒ်မခွဲ (က)၊ ပုဒ်မ ၆၂ ပုဒ်မခွဲ (ခ)၊ ပုဒ်မ ၆၃ ပုဒ်မခွဲ (ခ) သို့မဟုတ် ပုဒ်မ ၆၄ ပုဒ်မခွဲ (ခ) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး နှစ်နှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်ပြင် အနည်းဆုံး ကျပ်သိန်း ၁၀၀ မှ အများဆုံး ကျပ်သိန်း ၂၀၀ ထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်။

( ဂ ) ပုဒ်မ ၆၁ ပုဒ်မခွဲ (ခ)၊ ပုဒ်မ ၆၂ ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၆၃ ပုဒ်မခွဲ (ဂ) သို့မဟုတ် ပုဒ်မ ၆၄ ပုဒ်မခွဲ (ဂ)၊ (ဃ) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး နှစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၁၀၀ မှ အများဆုံး ကျပ်သိန်း ၃၀၀ ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ဃ) ပုဒ်မ ၆၁ ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၆၂ ပုဒ်မခွဲ (ဃ)၊ ပုဒ်မ ၆၃ ပုဒ်မခွဲ (ဃ) သို့မဟုတ် ပုဒ်မ ၆၄ ပုဒ်မခွဲ (င) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၅၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

( င ) ပုဒ်မ ၆၁ ပုဒ်မခွဲ (ဃ)၊ ပုဒ်မ ၆၂ ပုဒ်မခွဲ (င)၊ ပုဒ်မ ၆၃ ပုဒ်မခွဲ (င) သို့မဟုတ် ပုဒ်မ ၆၄ ပုဒ်မခွဲ (စ) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၂၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

( စ ) ပုဒ်မ ၆၁ ပုဒ်မခွဲ (င)၊ ပုဒ်မ ၆၂ ပုဒ်မခွဲ (စ)၊ ပုဒ်မ ၆၃ ပုဒ်မခွဲ (စ) သို့မဟုတ် ပုဒ်မ ၆၄ ပုဒ်မခွဲ (ဆ) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၅၀ မှ အများဆုံး ကျပ်သိန်း ၁၀၀ ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ဆ) ပုဒ်မ ၆၁ ပုဒ်မခွဲ (စ)၊ ပုဒ်မ ၆၂ ပုဒ်မခွဲ (ဆ)၊ ပုဒ်မ ၆၃ ပုဒ်မခွဲ (ဆ) သို့မဟုတ် ပုဒ်မ ၆၄ ပုဒ်မခွဲ (ဇ) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၂၀ မှ အများဆုံး ကျပ်သိန်း ၅၀ ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၆။ မည်သူမဆို ပုဒ်မ ၆၅ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး နှစ်နှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်ပြင် အနည်းဆုံး ကျပ်သိန်း ၅၀၀ မှ အများဆုံး ကျပ်သိန်း ၁၀၀၀ ထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၇၇။ မည်သူမဆို ပုဒ်မ ၆၆ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၅၀ မှ အများဆုံး ကျပ်သိန်း ၁၅၀ ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၇၈။ မည်သူမဆို–

(က) ပုဒ်မ ၆၇၊ ပုဒ်မခွဲ (က) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး တစ်နှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်ပြင် အနည်းဆုံး ကျပ်သိန်း ၁၅၀ မှ အများဆုံး ကျပ်သိန်း ၂၀၀ ထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်။

(ခ) ပုဒ်မ ၆၇၊ ပုဒ်မခွဲ (ခ) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၂၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ဂ) ပုဒ်မ ၆၇၊ ပုဒ်မခွဲ (ဂ) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၅၀ မှ အများဆုံး ကျပ်သိန်း ၁၀၀ ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၉။ မည်သူမဆို ပုဒ်မ ၆၈ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၂၀ မှ အများဆုံးကျပ်သိန်း ၅၀ ထိ ငွေဒဏ်ဖြစ်စေ ချမှတ်ရမည်။

၈၀။ မည်သူမဆို ပုဒ်မ ၆၉ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၁၀၀ မှ အများဆုံး ကျပ်သိန်း ၃၀၀ ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၈၁။ မည်သူမဆို ပုဒ်မ ၇၀ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၂၀ မှ အများဆုံး ကျပ်သိန်း ၅၀ ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၈၂။ မည်သူမဆို ပုဒ်မ ၇၁ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်သိန်း ၅၀ မှ အများဆုံး ကျပ်သိန်း ၂၀၀ ထိ ငွေဒဏ်ချမှတ်ရမည်။

၈၃။ (က) မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက် သို့မဟုတ် လုပ်ထုံးလုပ်နည်းများပါ လိုက်နာရမည့် သတ်မှတ်ချက်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၁၀ သိန်းမှ အများဆုံး ကျပ်သိန်း ၅၀ ထိ ငွေဒဏ်ဖြစ်စေ ချမှတ်ရမည်။

( ခ ) မည်သည့်ယစ်မျိုးလိုင်စင်ရရှိသူ သို့မဟုတ် ခွင့်ပြုမိန့်ရရှိသူမဆို ပုဒ်မ ၅၄ အရ စီမံခန့်ခွဲရေးပြစ်ဒဏ် ချမှတ်ခံရပြီးနောက် လိုက်နာရမည့် အလားတူသတ်မှတ်ချက်ကို ထပ်မံပျက်ကွက်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၁၀ သိန်းမှ အများဆုံး ကျပ်သိန်း ၅၀ ထိ ငွေဒဏ်ဖြစ်စေ ချမှတ်ရမည်။

၈၄။ တရားရုံးသည် ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်မှုထင်ရှားစီရင်သည့်အခါ-

(က) ပြစ်မှုနှင့်သက်ဆိုင်သည့် အရက် သို့မဟုတ် ယစ်မျိုးသက်ဝင်ပစ္စည်းကို ဖျက်ဆီးခြင်း သို့မဟုတ် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း ပြုရမည်။

( ခ ) ပြစ်မှုနှင့်သက်ဆိုင်သည့် ပစ္စည်းကိရိယာများကို ဖျက်ဆီးခြင်း သို့မဟုတ် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း ပြုရမည်။

( ဂ ) ပြစ်မှုကျူးလွန်ရာတွင်အသုံးပြုသည့် တိရစ္ဆာန်၊ မော်တော်ယာဉ်၊ ရေယာဉ်နှင့် အခြားယာဉ်များကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်သည်။

## အခန်း (၁၈)
## အထွေထွေ

၈၅။ ဤဥပဒေပါ ပြစ်မှုနှင့်သက်ဆိုင်သော ပစ္စည်းအရပ်ရပ်နှင့်စပ်လျဉ်း၍ ပြစ်မှုကျူးလွန်သူကို မသိလျှင်သော်လည်းကောင်း၊ ရှာဖွေမတွေ့လျှင်သော်လည်းကောင်း၊ ပိုင်ရှင်ဖြစ်ကြောင်း ခိုင်မာစွာတင်ပြနိုင်ခြင်း မရှိလျှင်သော်လည်းကောင်း ခရိုင်ယစ်မျိုးအရာရှိသည် မြို့နယ်ယစ်မျိုးအရာရှိ၏ စစ်ဆေးတင်ပြချက်အပေါ် စိစစ်ပြီး ယင်းပစ္စည်းကို သတ်မှတ်ချက်နှင့်အညီ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း ပြုရမည်။

၈၆။ တိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်း သို့မဟုတ် ရိုးရာပွဲတော်အတွက် ထန်းရည် သို့မဟုတ် တည်အရက်ကို သောက်သုံးရန် ထုတ်လုပ်ခြင်း၊ လက်ဝယ်ထားရှိခြင်းနှင့်စပ်လျဉ်း၍ ယစ်မျိုးလိုင်စင် ရယူခြင်းမှလည်းကောင်း၊ သယ်ယူပို့ဆောင်ခြင်းအတွက် သယ်ယူပို့ဆောင်ခွင့်လက်မှတ် ရယူခြင်းမှလည်းကောင်း ကင်းလွတ်ခွင့်ရှိသည်။

၈၇။ ထုတ်လုပ်ခြင်းဆိုင်ရာ ယစ်မျိုးလိုင်စင်ရရှိသူသည် မိမိစက်ရုံမှထုတ်လုပ်သော အရက်ပြင်းကို သောက်သုံးရန်မဟုတ်သည့် အခြားကိစ္စတစ်ရပ်ရပ်အတွက် ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်းပြုလုပ်လိုပါက ပုဒ်မ ၁၀ ပါ သက်ဆိုင်ရာယစ်မျိုးလိုင်စင်ကို လျှောက်ထားရမည်။

၈၈။ ယစ်မျိုးလိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်းခံရလျှင် သို့မဟုတ် ပိတ်သိမ်းခြင်း ခံရလျှင် ယစ်မျိုးလိုင်စင်ရရှိထားသူသည် ယစ်မျိုးလိုင်စင်ကြေး၊ လျှော်ကြေး သို့မဟုတ် နစ်နာကြေးကို ဖြစ်စေ၊ ခွင့်ပြုမိန့်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်းခံရလျှင် သို့မဟုတ် ပိတ်သိမ်းခြင်းခံရလျှင် ခွင့်ပြုမိန့်ရရှိထားသူသည် အာမခံကြေး သို့မဟုတ် အခကြေးငွေကိုဖြစ်စေ တောင်းခံပိုင်ခွင့် မရှိစေရ။

၈၉။ ဒုတိယရဲအုပ် အဆင့်အောက်မနိမ့်သော ရဲအရာရှိတစ်ဦးဦးသည်-

(က) အများပြည်သူနှင့်သက်ဆိုင်သော နေရာတစ်ခုခုတွင် ပုဒ်မ ၉၃ ပါ ပြစ်မှုများမှတစ်ပါး ဤဥပဒေပါ အခြားပြစ်မှုတစ်ရပ်ရပ် ဖောက်ဖျက်ကျူးလွန်ကြောင်းတွေ့ရှိလျှင် ဖမ်းဆီးခြင်း၊ ပြစ်မှုနှင့်သက်ဆိုင်သည့် အရက်နှင့် ပစ္စည်းကိရိယာတို့ကို သိမ်းဆည်းခြင်းနှင့်စပ်လျဉ်း၍ ရာဇဝတ်ကျင့်ထုံးဥပဒေနှင့်အညီ ကျင့်သုံးဆောင်ရွက်နိုင်သည်။

( ခ ) ပုဒ်မခွဲ (က) အရ ဖမ်းဆီးခြင်း၊ ရှာဖွေသိမ်းဆည်းခြင်းနှင့်စပ်လျဉ်း၍ မြို့နယ်ယစ်မျိုးအရာရှိထံ သတ်မှတ်ချက်နှင့်အညီ တင်ပြရမည်။

၉၀။ အများပြည်သူနှင့်သက်ဆိုင်ခြင်းမရှိသော နေရာတစ်ခုခုတွင် ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ် ဖောက်ဖျက်ကျူးလွန်ကြောင်း ယုံကြည်လောက်သည့်သတင်းရရှိလျှင် သို့မဟုတ် ယုံကြည်ရန် အခြားလုံလောက်သော အကြောင်းအချက်များရှိလျှင်−

(က) ယစ်မျိုးအရာရှိအဆင့်ဆင့်သည်−

(၁) သက်ဆိုင်ရာနယ်မြေအတွင်း မိမိကိုယ်တိုင် ရှာဖွေခြင်း၊ ဖမ်းဆီးခြင်းနှင့် သက်သေခံပစ္စည်း သိမ်းဆည်းခြင်း ပြုနိုင်သည်။

(၂) ပုဒ်မခွဲငယ် (၁) အရ ဆောင်ရွက်ရာတွင် လိုအပ်ပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အကူအညီကို ရယူနိုင်သည်။

( ခ ) မြို့နယ်ယစ်မျိုးအရာရှိ သို့မဟုတ် မြို့နယ်ရဲတပ်ဖွဲ့မှူးသည် ဒုတိယရဲအုပ် အဆင့်အောက်မနိမ့်သော ရဲအရာရှိတစ်ဦးဦးအား ဝရမ်းထုတ်ပေး၍ ဖမ်းဆီးစေခြင်း၊ သက်သေခံပစ္စည်းသိမ်းဆည်းစေခြင်း ပြုနိုင်သည်။

၉၁။ ဦးစီးဌာနသည် ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသော ယစ်မျိုးလိုင်စင် ရရှိသူကို ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် အမည်ပျက်စာရင်း ထည့်သွင်းခြင်း သို့မဟုတ် အမည်ပျက်စာရင်းမှ ပယ်ဖျက်ခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်နိုင်သည်။

၉၂။ ဤဥပဒေ ပုဒ်မ ၇၃၊ ပုဒ်မ ၇၄ ပုဒ်မခွဲ (က)၊ (ဂ)၊ (ဃ) နှင့် (င)၊ ပုဒ်မ ၇၅ ပုဒ်မခွဲ (က)၊ (ခ)၊ (ဃ)၊ (င) နှင့် (စ)၊ ပုဒ်မ ၇၈၊ ပုဒ်မ ၈၀ နှင့် ပုဒ်မ ၈၁ တို့ပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၉၃။ ဤဥပဒေ ပုဒ်မ ၇၄ ပုဒ်မခွဲ(ခ)၊ (စ)၊ ပုဒ်မ ၇၅ ပုဒ်မခွဲ (ဂ)၊ (ဆ)၊ ပုဒ်မ ၇၆၊ ပုဒ်မ ၇၇၊ ပုဒ်မ ၇၉၊ ပုဒ်မ ၈၂ သို့မဟုတ် ပုဒ်မ ၈၃ ပါ ပြစ်မှုတစ်ရပ်ရပ်ကို ခရိုင်ယစ်မျိုးအရာရှိကဖြစ်စေ၊ ယင်းကတာဝန်ပေးအပ်သော ဦးစီးဌာနရှိ ပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်စေ စာဖြင့်ရေးသားတိုင်တန်းချက်အရမဟုတ်လျှင် မည်သည့်တရားရုံးကမျှ စစ်ဆေးစီရင်ခြင်း မပြုရ။

၉၄။ The Myanmar Excise Act အရ ထုတ်ပေးထားသည့် ယစ်မျိုးလိုင်စင်နှင့် ခွင့်ပြုချက်များသည် ယင်းသက်တမ်းကုန်ဆုံးသည့်ရက်အထိ အတည်ဖြစ်သည်။

၉၅။ သက်ဆိုင်ရာ ခရိုင်ယစ်မျိုးအရာရှိနှင့် မြို့နယ်ယစ်မျိုးအရာရှိတို့သည်−

(က) ယစ်မျိုးလိုင်စင်ကြေး သို့မဟုတ် ယစ်မျိုးလိုင်စင်သက်တမ်းတိုးကြေးကို သတ်မှတ်ချက်နှင့်အညီ ကောက်ခံရမည်။

( ခ ) ပုဒ်မခွဲ (က) အရ ကောက်ခံသည့် ယစ်မျိုးလိုင်စင်ကြေး သို့မဟုတ် ယစ်မျိုးလိုင်စင်သက်တမ်းတိုးကြေးကို ပေးဆောင်ရန်ပျက်ကွက်လျှင် မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။

၉၆။ The Myanmar Excise Act အရ ထုတ်ပြန်ခဲ့သည့် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ အမိန့်ဆင့်ဆိုချက်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့် မဆန့်ကျင်သမျှ ဆက်လက်ကျင့်သုံးနိုင်သည်။

၉၇။ ယစ်မျိုးအရာရှိ တစ်ဦးဦးကို ဤဥပဒေအရဖြစ်စေ၊ ယစ်မျိုးခွန်နှင့်စပ်လျဉ်းသည့် အခြားတည်ဆဲ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ ဆောင်ရွက်ရာတွင် သဘောရိုးဖြင့်ဆောင်ရွက်မှု သို့မဟုတ် သဘောရိုးဖြင့် အမိန့်

ထုတ်ပြန်မှု တစ်စုံတစ်ရာကြောင့် ပျက်စီးဆုံးရှုံးရခြင်းအတွက် မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုပိုင်ခွင့် မရှိစေရ။

၄၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်–

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၄၉။ The Myanmar Excise Act (Myanmar Act V, 1917) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဥပဒေအမှတ် (၁၄/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၇ ရက်)

### မျိုးစေ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မျိုးစေ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ မျိုးစေ့ဥပဒေတွင်ပါရှိသော **လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** ဆိုသည့်စကားရပ်ကို **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃။ မျိုးစေ့ဥပဒေပုဒ်မ ၂၈ နှင့် ၂၉ တို့တွင်ပါရှိသော **ကျပ်တစ်ဆယ်သိန်း** ဆိုသည့်စကားရပ်ကို **ကျပ်သိန်းသုံးဆယ်** ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ**

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဥပဒေအမှတ် (၁၅/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၇ ရက်)

**မြေသြဇာဥပဒေကို ပြင်ဆင်သည့်ဥပဒေ**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မြေသြဇာဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ မြေသြဇာဥပဒေတွင်ပါရှိသော **လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** ဆိုသည့်စကားရပ်ကို **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃။ မြေသြဇာဥပဒေပုဒ်မ ၃၆ တွင်ပါရှိသော **ငွေဒဏ်ကျပ် ၁၀ သိန်းအထိဖြစ်စေ** ဆိုသည့်စကားရပ်ကို **ငွေဒဏ် ကျပ်သိန်း ၃၀ အထိဖြစ်စေ** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၄။ မြေသြဇာဥပဒေပုဒ်မ ၃၇ တွင်ပါရှိသော **ငွေဒဏ်ကျပ် ငါးသိန်းအထိဖြစ်စေ** ဆိုသည့်စကားရပ်ကို **ငွေဒဏ်ကျပ် ၁၅ သိန်းအထိဖြစ်စေ** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ**

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဥပဒေအမှတ် (၁၆/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၁၁ ရက်)

**၂၀၂၆ ခုနှစ်၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်၊ စီရင်ပိုင်ခွင့်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **၂၀၂၆ ခုနှစ်၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ အောက်ပါ ကျူးလွန်မှုတစ်ရပ်ရပ်နှင့်သက်ဆိုင်သော ငွေကြေးခဝါချမှုနှင့်စပ်လျဉ်း၍ ဤဥပဒေအရ စီရင်ပိုင်ခွင့်ရှိစေရမည်-

(က) မည်သူမဆို နိုင်ငံတော်အတွင်း ကျူးလွန်မှု၊

(ခ) မည်သူမဆို နိုင်ငံတော်၏တည်ဆဲဥပဒေအရ မှတ်ပုံတင်ထားသော ရေယာဉ် သို့မဟုတ် လေယာဉ် တစ်ခုခုပေါ်တွင် ကျူးလွန်မှု၊

(ဂ) မြန်မာနိုင်ငံသားကဖြစ်စေ၊ နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်ပြီး နိုင်ငံခြားသားမှတ်ပုံတင် ကိုင်ဆောင်ထားသူကဖြစ်စေ၊ နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်ခွင့်ရရှိထားသူကဖြစ်စေ ပြည်ပတွင် ကျူးလွန်မှု။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **ဗဟိုအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသည့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ကို ဆိုသည်။

(ဂ) **ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့** ဆိုသည်မှာ သတင်းပို့ချက်များအား လက်ခံခြင်း၊ စိစစ်ခြင်းနှင့် ဖြန့်ဝေခြင်းအပါအဝင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး လုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ရန် ဗဟိုအဖွဲ့က ဖွဲ့စည်းတာဝန်ပေးအပ်သော အဖွဲ့ကို ဆိုသည်။

(ဃ) **ဥပဒေစိုးမိုးရေးအဖွဲ့အစည်း (Law Enforcement Agency-LEA)** ဆိုသည်မှာ ငွေကြေးခဝါချမှုနှင့် သက်ဆိုင်သောပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ စုံစမ်းထောက်လှမ်းခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ ယင်းပြစ်မှုနှင့် သက်ဆိုင်သည့်ပစ္စည်းကို ရှာဖွေခြင်း၊ သိမ်းဆည်းခြင်း၊ ထိန်းချုပ်ခြင်း၊ ချိပ်ပိတ်ခြင်း သို့မဟုတ် တရားစွဲဆိုခြင်းလုပ်ငန်းကို သက်ဆိုင်ရာဥပဒေအရ ဆောင်ရွက်ပိုင်ခွင့်ရှိသော အစိုးရဌာန သို့မဟုတ် အစိုးရ အဖွဲ့အစည်းကို ဆိုသည်။

(င) **စုံစမ်းစစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ ငွေကြေးခဝါချမှုများကို စုံစမ်းစစ်ဆေးသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ကို ဆိုသည်။ ယင်းစကားရပ်တွင် ပြည်ထဲရေး ဝန်ကြီးဌာနက ဤကိစ္စအလို့ငှာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်တာဝန်ပေးအပ်သည့် သက်ဆိုင်ရာတပ်ဖွဲ့နှင့် ဦးစီးဌာနမှ စုံစမ်းစစ်ဆေးရေးအရာရှိ သို့မဟုတ် စုံစမ်းစစ်ဆေးရေးအဖွဲ့လည်း ပါဝင်သည်။

(စ) **သတင်းပို့အဖွဲ့အစည်း** ဆိုသည်မှာ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် သတ်မှတ်ထားသည့် ငွေရေးကြေးရေးအဖွဲ့အစည်းမဟုတ်သော အခြားစီးပွားရေးလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်း (Designated Non-Financial Businesses and Professions-DNFBPs) ကို ဆိုသည်။ ယင်းစကားရပ်တွင် ဗဟိုအဖွဲ့က အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတင်းပို့ရန် သတ်မှတ်တာဝန်ပေးခြင်းခံရသည့် လူပုဂ္ဂိုလ်နှင့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းလည်းပါဝင်သည်။

(ဆ) **သတ်မှတ်ထားသည့် ငွေရေးကြေးရေးအဖွဲ့အစည်းမဟုတ်သော အခြားစီးပွားရေးလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း (Designated Non-Financial Businesses and Professions-DNFBPs)** ဆိုသည်မှာ အောက်ပါလုပ်ငန်းများကို ဆိုသည်-

(၁) ကာစီနို၊

(၂) အိမ်ခြံမြေ အကျိုးဆောင်၊

(၃) အဖိုးတန်သတ္တုနှင့် ကျောက်မျက်ရတနာ ရောင်းဝယ်ခြင်း၊

(၄) ဆက်သွယ်ဆောင်ရွက်သူ၏ ငွေကြေး သို့မဟုတ် ပစ္စည်းလွှဲပြောင်းမှု၊ လက်ခံမှု၊ အပ်နှံမှုများနှင့် စပ်လျဉ်း၍ အောက်ပါလုပ်ဆောင်ချက်များကို ဆောင်ရွက်ပေးသော သို့မဟုတ် ဆောင်ရွက်ရန် ပြင်ဆင်ပေးသော ရှေ့နေ၊ နိုတြီပဗ္ဗလစ်နှင့် ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများ သို့မဟုတ် စာရင်းကိုင်များ-

(ကက) မရွှေ့မပြောင်းနိုင်သော ပစ္စည်းရောင်းချခြင်းနှင့် ဝယ်ယူခြင်း၊

(ခခ) ငွေကြေးများ၊ ငွေချေးသက်သေခံလက်မှတ်များ သို့မဟုတ် အခြားပိုင်ဆိုင်သည့် ပစ္စည်းများကို စီမံခန့်ခွဲခြင်း၊

(ဂဂ) ဘဏ်စာရင်းများ၊ စုငွေစာရင်းများ သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်စာရင်း များကို စီမံခန့်ခွဲခြင်း၊

(ဃဃ) ကုမ္ပဏီအဖွဲ့အစည်းများထူထောင်မှု၊ လုပ်ငန်းလည်ပတ်မှု သို့မဟုတ် စီမံခန့်ခွဲမှုများ အတွက် အထောက်အကူပြုဆောင်ရွက်ချက်များကို စုရုံးစီစဉ်ခြင်း၊

(ငင) ကုမ္ပဏီအဖွဲ့အစည်းများသို့မဟုတ်အစီအစဉ်များထူထောင်ခြင်း၊လုပ်ငန်းလည်ပတ်ခြင်း၊ စီမံခန့်ခွဲခြင်း၊ စီးပွားရေးလုပ်ငန်းများကို ဝယ်ယူခြင်းနှင့် ရောင်းချခြင်း။

(၅) အောက်ပါ ယုံမှတ်အပ်နှံမှု သို့မဟုတ် ကုမ္ပဏီလုပ်ငန်းကို ဝန်ဆောင်မှုပေးခြင်း-

(ကက) ကုမ္ပဏီအဖွဲ့အစည်းများ ဖွဲ့စည်းရေးဆိုင်ရာ ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခြင်း၊

(ခခ) ကုမ္ပဏီတစ်ခု၏ ဒါရိုက်တာ သို့မဟုတ် အတွင်းရေးမှူးအဖြစ်သော်လည်းကောင်း၊ အစုစပ်လုပ်ကိုင်သူ သို့မဟုတ် အခြားကုမ္ပဏီအဖွဲ့အစည်းတစ်ခု သို့မဟုတ် အစီအစဉ် တစ်ခုတွင် ယင်းအဆင့်နှင့်တူညီသောသူအဖြစ်သော်လည်းကောင်း ဆောင်ရွက်ခြင်း၊

(ဂဂ) ကုမ္ပဏီတစ်ခု သို့မဟုတ် အစုစပ်လုပ်ငန်းတစ်ခု သို့မဟုတ် အခြားသောကုမ္ပဏီ အဖွဲ့အစည်း သို့မဟုတ် အစီအစဉ်တစ်ခုအတွက် မှတ်ပုံတင်ရုံး သို့မဟုတ် နေရာထိုင်ခင်း သို့မဟုတ် လုပ်ငန်းလိပ်စာ သို့မဟုတ် စာပေးစာယူ သို့မဟုတ် အုပ်ချုပ်မှုလိပ်စာတို့ကို တာဝန်ယူပေးခြင်း။

(၆) ယုံမှတ်အပ်နှံမှုလုပ်ငန်းတစ်ခုတွင် ယုံကြည်အပ်နှံခံရသူအဖြစ် ဆောင်ရွက်ခြင်း သို့မဟုတ် အသင်းအဖွဲ့တစ်ခုခု သို့မဟုတ် ဥပဒေရေးရာစီစဉ်ဆောင်ရွက်မှုတစ်ခုခုတွင် ယင်းလုပ်ငန်း တာဝန်နှင့် တူညီစွာဆောင်ရွက်ခြင်း၊

(၇) သူတစ်ဦးအတွက် အမည်ခံ အစုရှယ်ယာရှင်အဖြစ် ဆောင်ရွက်ခြင်း သို့မဟုတ် သူတစ်ဦးအတွက် အမည်ခံအစုရှယ်ယာရှင်အဖြစ် အခြားသူတစ်ဦးဦးက ဆောင်ရွက်ပေးစေရန် စီစဉ်ခြင်း။

(ဇ) **ကြီးကြပ်ရေးအာဏာပိုင်** ဆိုသည်မှာ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု သို့မဟုတ် လူအများအပြားသေကျေစေသည့် လက်နက်များပြန့်ပွားစေရန် ငွေကြေးထောက်ပံ့မှုကို တိုက်ဖျက်ရေးတာဝန်ဝတ္တရားများအား လိုက်နာဆောင်ရွက်စေရေးအတွက် သတင်းပို့အဖွဲ့အစည်းများအား ကြီးကြပ်ရန် ဗဟိုအဖွဲ့က တာဝန်ပေးအပ်ခြင်းခံရသူကို ဆိုသည်။

(ဈ) **ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်း** ဆိုသည်မှာ မြန်မာနိုင်ငံတော်ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေနှင့် အခြားသက်ဆိုင်သောဥပဒေများအရ တည်ထောင်ထားသော ဘဏ်နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများကို ဆိုသည်။ ယင်းစကားရပ်တွင် ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူတစ်ဦးဦးအတွက်

ဖြစ်စေ သို့မဟုတ် ၎င်း၏ကိုယ်စား အောက်ပါဆောင်ရွက်မှုတစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော ဆောင်ရွက်မှုများကိုဖြစ်စေစီးပွားရေးလုပ်ငန်းတစ်ရပ်အနေဖြင့်ဆောင်ရွက်သည့်ကူးသန်းရောင်းဝယ်ရေး ဘဏ် သို့မဟုတ် ဖွံ့ဖြိုးရေးဘဏ်၊ ငွေစုငွေချေးအသင်း၊ ငွေရေးကြေးရေး ကုမ္ပဏီ၊ ငွေချေးသက်သေခံ လက်မှတ်ရောင်းဝယ်ရေးကုမ္ပဏီ၊ နိုင်ငံခြားငွေဝယ်ယူ ရောင်းချလဲလှယ်ရေးကောင်တာ၊ အသေးစား ငွေရေးကြေးရေးလုပ်ငန်းအဖွဲ့အစည်း၊ အာမခံကုမ္ပဏီနှင့် အခြားအဖွဲ့အစည်းများလည်းပါဝင်သည်-

(၁) ပုဂ္ဂိုလ်တစ်ဦးချင်းအတွက် ဘဏ်လုပ်ငန်းဆောင်ရွက်ပေးခြင်း၊ ပြည်သူများထံမှအပ်ငွေများနှင့် ပြန်လည်ပေးအပ်ရမည့် ရန်ပုံငွေများ လက်ခံခြင်း၊

(၂) ပစ္စည်းသိမ်းဆည်းခြင်းအပါအဝင် ကူးသန်းရောင်းဝယ်ရေးဆောင်ရွက်ချက်များအတွက် ငွေကြေး ဖြည့်ဆည်းပေးခြင်း၊ စားသုံးသူချေးငွေ၊ အပေါင်ဖြင့်ချေးငွေများအပါအဝင် ငွေထုတ်ချေးခြင်း၊

(၃) စားသုံးသူဆိုင်ရာ ဆောင်ရွက်ချက်များနှင့်သက်ဆိုင်သည့် အစီအစဉ်များမှတစ်ပါး ငွေချေးလုပ်ငန်း ဆောင်ရွက်ခြင်း၊ ငွေရေးကြေးရေးဆိုင်ရာ အခွင့်အရေးကို ငှားရမ်းခြင်း၊

(၄) ငွေကြေး သို့မဟုတ် တန်ဖိုးတစ်ရပ်ရပ်ကို လွှဲပြောင်းပေးခြင်း၊

(၅) အကြွေးဝယ်ကတ်နှင့် မြီစားကတ်များ၊ ခရီးသွားချက်လက်မှတ်၊ ငွေပေးအမိန့်များ၊ ဘဏ်ငွေလွှဲ လက်မှတ်၊ အီလက်ထရောနစ်နည်းလမ်းများဖြင့် ငွေပေးချေခြင်း၊ ထုတ်ဝေခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(၆) ငွေရေးကြေးရေးဆိုင်ရာ အာမခံနှင့် ကတိစာချုပ်များ ထုတ်ဝေခြင်း၊

(၇) အောက်ပါငွေရေးကြေးရေး စာချုပ်စာတမ်းများ ရောင်းဝယ်ခြင်း-

(ကက) ချက်လက်မှတ်များ၊ ငွေပေးအမိန့်လက်မှတ်များ၊ အပ်ငွေလက်မှတ်များနှင့် ဆင့်ပွား စာချုပ်စာတမ်းများ၊ နိုင်ငံခြားသုံးငွေ၊ အတိုးနှုန်းနှင့် ဈေးနှုန်းညွှန်းကိန်းစာချုပ် စာတမ်းများ၊ လွှဲပြောင်းနိုင်သော ငွေချေးသက်သေခံလက်မှတ်များအပါအဝင် ငွေကြေး ဈေးကွက် စာချုပ်စာတမ်းများအား ရောင်းဝယ်ခြင်း၊

(ခခ) ကုန်စည်များကို အနာဂတ်ကာလအတွက် မျှော်မှန်းရောင်းဝယ်ခြင်း။

(၈) ငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေရာတွင် ပါဝင်ခြင်းနှင့် အဆိုပါကိစ္စရပ်များတွင် ငွေရေး ကြေးရေးဝန်ဆောင်မှုလုပ်ငန်းများကို ပံ့ပိုးပေးခြင်း၊

(၉) ရင်းနှီးမြှုပ်နှံမှုတစ်ခုချင်းကိုဖြစ်စေ၊ ရင်းနှီးမြှုပ်နှံမှုအားလုံးကိုဖြစ်စေ စီမံခန့်ခွဲခြင်း၊

(၁၀) အာမခံသေတ္တာများ လက်ခံထိန်းသိမ်းခြင်းနှင့် အခြားပုဂ္ဂိုလ်များကိုယ်စား ငွေကြေး သို့မဟုတ် ငွေဖြစ်လွယ်သော ငွေချေးသက်သေခံလက်မှတ်များ စီမံခန့်ခွဲပေးခြင်း၊

(၁၁) အခြားပုဂ္ဂိုလ်များကိုယ်စား ငွေကြေး သို့မဟုတ် ဘဏ္ဍာရန်ပုံငွေများ စီမံခန့်ခွဲခြင်း သို့မဟုတ် စီမံအုပ်ချုပ်ခြင်း၊ ရင်းနှီးမြှုပ်နှံခြင်း၊

(၁၂) ကိုယ်စားလှယ်များနှင့် တစ်ဆင့်ကြားခံဆောင်ရွက်ပေးသူများက အာမခံလုပ်ငန်း ကြားခံ ဝန်ဆောင်မှုပေးခြင်းအပါအဝင် အခြားရင်းနှီးမြှုပ်နှံမှုနှင့် ဆက်သွယ်နေသည့် အာမခံလုပ်ငန်း၊ အသက်နှင့် အထွေထွေအာမခံလုပ်ငန်း ဆောင်ရွက်ပေးခြင်း၊

(၁၃) ငွေကြေးနှင့် ငွေများ လဲလှယ်ဆောင်ရွက်ခြင်း။

(ည) **ပြစ်မှုကျူးလွန်ရာမှရရှိသည့်အကျိုးအမြတ်** ဆိုသည်မှာ ငွေကြေးခဝါချမှုနှင့် သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရာမှတိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေရရှိသည့် ငွေကြေးနှင့် ပစ္စည်းကို ဆိုသည်။ ယင်းစကားရပ်တွင် အဆိုပါ ငွေကြေးနှင့် ပစ္စည်းကိုအခြေပြု၍ အခြားသောပစ္စည်း သို့မဟုတ် စီးပွားရေးလုပ်ငန်းအဖြစ် အဆင့်ဆင့်လွှဲပြောင်းထားသည့် သို့မဟုတ် ပြောင်းလဲထားသည့် ငွေကြေး သို့မဟုတ် ပစ္စည်းလည်းပါဝင်သည်။

( ဋ ) **သဏ္ဌာန်ဆောင်ဘဏ်** ဆိုသည်မှာ နိုင်ငံအတွင်း တရားဝင်စီးပွားရေးလုပ်ငန်းအဖွဲ့ တည်ထောင်ထားပြီး လိုင်စင်ရယူထားခြင်း သို့မဟုတ် အခြေစိုက်ထားခြင်းဖြစ်သော်လည်း ရုပ်ဒြပ်အရ တည်ရှိနေခြင်း မရှိသည့်အပြင် ထိရောက်ခိုင်မာစွာ ကြီးကြပ်မှုခံရသော ငွေရေးကြေးရေးအုပ်စုတစ်ခုနှင့် ပေါင်းစည်းထားခြင်းမရှိသည့် ဘဏ်ကို ဆိုသည်။

**ရှင်းလင်းချက်။** **ရုပ်ဒြပ်အရတည်ရှိခြင်း** ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံအတွင်း စနစ်တကျ ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းတည်ထောင်ထားခြင်းနှင့် စီမံခန့်ခွဲခြင်းကို ဆိုသည်။

( ဌ ) **ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း (Legal Person)** ဆိုသည်မှာ ဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းသော ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် အမြဲတမ်းဆက်သွယ်ဆောင်ရွက်သည့် လုပ်ငန်းထူထောင်ထားရှိသော အဖွဲ့အစည်း သို့မဟုတ် ငွေကြေး၊ ပစ္စည်းပိုင်ဆိုင်သော အဖွဲ့အစည်းတစ်ခုခုကို ဆိုသည်။ ယင်းစကားရပ်တွင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီ၊ အများနှင့်မသက်ဆိုင်သော ကုမ္ပဏီ၊ ကော်ပိုရေးရှင်း၊ အစုစပ်လုပ်ငန်း၊ အသင်းအဖွဲ့နှင့် အခြားအလားတူ အသင်းအဖွဲ့များလည်း ပါဝင်သည်။

( ဍ ) **ဥပဒေရေးရာစီစဉ်ဆောင်ရွက်မှု (Legal Arrangement)** ဆိုသည်မှာ တစ်ဦးတစ်ယောက်၏ ပိုင်ဆိုင်မှုအခွင့်အရေး၊ အကျိုးခံစားခွင့်နှင့် တာဝန်တို့ကို ထိုသူ၏ ယုံကြည်အပ်နှံမှုဖြင့် တာဝန်ယူဆောင်ရွက်သည့် ယုံမှတ်အပ်နှံမှုလုပ်ငန်းများ သို့မဟုတ် အခြားအလားတူ ဥပဒေရေးရာစီမံဆောင်ရွက်မှုများကို ဆိုသည်။ ယင်းစကားရပ်တွင် ဝါကပ်ဖ် (Wakf)၊ အများအကျိုးနှင့် ဘာသာရေးအရ ယုံကြည်အပ်နှံမှုလုပ်ငန်းများ (Charitable and Religious Trusts) တို့လည်း ပါဝင်သည်။

( ဎ ) **အကျိုးခံစားခွင့်ရှိသူပိုင်ရှင် (Beneficial Owner)** ဆိုသည်မှာ မူရင်းပိုင်ဆိုင်သူ၊ ဆက်သွယ်ဆောင်ရွက်သူတစ်ဦးအား ထိန်းချုပ်သူ သို့မဟုတ် လွှဲပြောင်းဆောင်ရွက်မှုတစ်ခုခုကို မိမိကိုယ်စား အခြားသူတစ်ဦးက ဆောင်ရွက်စေသူတစ်ဦးဦးကို ဆိုသည်။ ယင်းစကားရပ်တွင် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း၏ ဆောင်ရွက်မှု သို့မဟုတ် ဥပဒေရေးရာစီစဉ်ဆောင်ရွက်မှုကို ထိရောက်သောထိန်းချုပ်မှုပြုသည့်သူ သို့မဟုတ် သွယ်ဝိုက်၍ပိုင်ဆိုင်မှု ကွင်းဆက်အဆင့်ဆင့် ထိန်းချုပ်သူလည်း ပါဝင်သည်။

(ဏ) **ဆက်သွယ်ဆောင်ရွက်သူ** ဆိုသည်မှာ သတင်းပို့အဖွဲ့အစည်းနှင့် စီးပွားဆက်ဆံ ဆောင်ရွက်မှုပြုသူ သို့မဟုတ် ဥပဒေရေးရာစီစဉ်ဆောင်ရွက်မှုပြုသူကို ဆိုသည်။

(တ) **ပြည်တွင်းတွင် သြဇာတိက္ကမရှိသူ (Domestic Politically Exposed Person–Domestic PEP)** ဆိုသည်မှာ နိုင်ငံတော်အတွင်း၌ အများပြည်သူဆိုင်ရာ လုပ်ငန်းများဖြင့် ထင်ရှားသူ သို့မဟုတ် ယင်းလုပ်ငန်းများအတွက် ယုံကြည်ခြင်းခံရသူကိုလည်းကောင်း၊ ယင်း၏ မိသားစုဝင်များ သို့မဟုတ် ယင်းနှင့်နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သူကိုလည်းကောင်း ဆိုသည်။

(ထ) **ပြည်ပတွင် သြဇာတိက္ကမရှိသူ (Foreign Politically Exposed Person–Foreign PEP)** ဆိုသည်မှာ ပြည်ပနိုင်ငံတစ်ခုခု၌ အများပြည်သူဆိုင်ရာ လုပ်ငန်းများဖြင့် ထင်ရှားသူ သို့မဟုတ် ယင်းလုပ်ငန်းများအတွက် ယုံကြည်ခြင်းခံရသူကိုလည်းကောင်း၊ ယင်း၏ မိသားစုဝင်များ သို့မဟုတ် ယင်းနှင့်နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သူကိုလည်းကောင်း ဆိုသည်။

( ဒ ) **အပြည်ပြည်ဆိုင်ရာတွင်ထြဗာတိက္ကမရှိသူ** ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတစ်ခု၏ လုပ်ငန်းများဆောင်ရွက်သည့် ဒါရိုက်တာ၊ ဒုတိယဒါရိုက်တာ၊ ဒါရိုက်တာအဖွဲ့ဝင်နှင့် အဆင့်မြင့် အဖွဲ့ဝင်ဖြစ်သူ၊ အလားတူလုပ်ငန်းများတွင် ယင်းအဆင့်နှင့် ညီမျှသောအဖွဲ့ဝင်ဖြစ်သူ သို့မဟုတ် ယင်းလုပ်ငန်းဆောင်ရွက်ရန် ယုံကြည်ခြင်းခံရသူနှင့် ယင်း၏ မိသားစုဝင်များ သို့မဟုတ် ယင်းနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သူတို့ကို ဆိုသည်။

( ဓ ) **ငွေကြေးခဝါချမှု** ဆိုသည်မှာ အောက်ပါပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုတစ်ရပ်ရပ် ကျူးလွန်ခြင်းကို ဆိုသည်-

(၁) ပြစ်မှုကျူးလွန်ရာမှရရှိသည့် အကျိုးအမြတ်ဖြစ်သည်ဟု သိလျက်နှင့်ဖြစ်စေ၊ သိရန်အကြောင်း ရှိလျက်နှင့်ဖြစ်စေ ယင်းငွေကြေး သို့မဟုတ် ပစ္စည်း၏ဇာစ်မြစ်ကို အသွင်သဏ္ဍာန်ပြောင်းလဲရန် သို့မဟုတ် ဖုံးကွယ်ရန်သော်လည်းကောင်း၊ ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရာတွင် ပါဝင်သူတစ်ဦးတစ်ယောက်အား ယင်း၏ပြစ်မှုကျူးလွန်ခြင်းနှင့်စပ်လျဉ်း၍ ဤဥပဒေအရ အရေးယူခံရခြင်းမှ ရှောင်ရှားနိုင်ရေးအတွက် ပြစ်မှုမကျူးလွန်မီဖြစ်စေ၊ ပြစ်မှု ကျူးလွန်ပြီးနောက်ဖြစ်စေ အကူအညီပေးရန်သော်လည်းကောင်း ရည်ရွယ်ချက်ဖြင့် ယင်းငွေကြေး နှင့်ပစ္စည်းကို အသွင်သဏ္ဍာန်ပြောင်းလဲခြင်း သို့မဟုတ် လွှဲပြောင်းခြင်း၊

(၂) ပြစ်မှုကျူးလွန်ရာမှရရှိသည့် အကျိုးအမြတ်ဖြစ်ကြောင်း သိလျက်နှင့်ဖြစ်စေ၊ သိရန်အကြောင်း ရှိလျက်နှင့်ဖြစ်စေ ငွေကြေး၊ ပစ္စည်းများနှင့်စပ်လျဉ်း၍ မူလသဘာဝ၊ ဇာစ်မြစ်၊ တည်နေရာနှင့် ပင်ကိုစရိုက် လက္ခဏာတို့ကို ပြောင်းလဲမှုသော်လည်းကောင်း၊ ယင်းငွေကြေးနှင့်ပစ္စည်းတို့ကို ပိုင်ဆိုင်မှု သို့မဟုတ် အခွင့်အရေးတို့အား ဖုံးကွယ်ခြင်း သို့မဟုတ် အသွင်သဏ္ဍာန် ပြောင်းလဲခြင်း သော်လည်းကောင်း ပြုခြင်း၊

(၃) ပြစ်မှုကျူးလွန်ရာမှရရှိသည့် အကျိုးအမြတ်ဖြစ်ကြောင်း မိမိလက်ဝယ်လက်ခံရရှိသည့်အချိန် တွင် သိလျက်နှင့်ဖြစ်စေ၊ သိရန်အကြောင်းရှိလျက်နှင့်ဖြစ်စေ ငွေကြေးနှင့်ပစ္စည်းကိုရယူခြင်း၊ လက်ဝယ်ထားခြင်း သို့မဟုတ် အသုံးပြုခြင်း၊

(၄) ပုဒ်မခွဲငယ် (၁) မှ ပုဒ်မခွဲငယ် (၃) အထိပါရှိသော ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ခြင်း၊ ကျူးလွန်ရန် အားထုတ်ခြင်း သို့မဟုတ် ကျူးလွန်ရန်အကြံဖြင့် စီစဉ်ဆောင်ရွက်ခြင်းကို ပြုလုပ်မှုဖြင့် သော်လည်းကောင်း၊ ပျက်ကွက်မှုဖြင့်သော်လည်းကောင်း ပူးပေါင်းပါဝင်ခြင်း၊ အကူအညီပေးခြင်း၊ ပံ့ပိုးခြင်း၊ အထောက်အပံ့ပေးခြင်း၊ စီမံခန့်ခွဲခြင်း၊ အကြံဉာဏ်ပေးခြင်း၊ ဂိုဏ်းအဖွဲ့ဝင်ဖြစ်ခြင်းနှင့် အခြားတစ်နည်းနည်းဖြင့် ဆက်စပ်ပတ်သက်ခြင်းဆိုင်ရာ ပြစ်မှုတစ်ခုခုကျူးလွန်ခြင်း။

( န ) **ငွေကြေး** ဆိုသည်မှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် သို့မဟုတ် ပြည်ပနိုင်ငံတစ်ခုခုက ထုတ်ဝေထားပြီး တရားဝင်လဲလှယ်အသုံးပြုနိုင်သည့် ငွေဒင်္ဂါး၊ ငွေအကြွေနှင့် ငွေစက္ကူ၊ လွှဲပြောင်းနိုင်သော စာချုပ်စာတမ်း ဖြစ်သည့် ငွေပေးကတိစာချုပ်၊ ငွေလွှဲလက်မှတ်၊ ချက်လက်မှတ်၊ ငွေချေးစာချုပ်၊ ငွေတိုက်စာချုပ်၊ ကြွေးမြီအာမခံစာချုပ်၊ နိုင်ငံခြားသုံးငွေများ၊ ယင်းငွေများနှင့် ဆက်စပ်နေသော စာချုပ်စာတမ်း တစ်မျိုးမျိုး သို့မဟုတ် လက်မှတ်များနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် သို့မဟုတ် ပြည်ပနိုင်ငံတစ်ခုခုက အီလက်ထရောနစ်နည်းလမ်းဖြင့် တရားဝင်ထုတ်ဝေအသုံးပြုလျက်ရှိပြီး ငွေပေးချေမှုနှင့် စာရင်း ရှင်းလင်းမှုများတွင် အသုံးပြုလျက်ရှိသည့် ဒီဂျစ်တယ်ငွေကြေးကို ဆိုသည်။

( ပ ) **ပစ္စည်း** ဆိုသည်မှာ ဒြပ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ထိတွေ့၍ ရနိုင်သည်ဖြစ်စေ၊ မရနိုင်သည်ဖြစ်စေ မည်သည့်ပုံစံဖြင့်မဆို တည်ရှိသော ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းသို့မဟုတ် မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းကို ဆိုသည်။ ယင်းစကားရပ်တွင် ပိုင်ဆိုင်ကြောင်း သက်သေထင်ရှားပြသည့် တရားဝင်စာတမ်းအမှတ်အသား သို့မဟုတ် စာချုပ်စာတမ်းများ သို့မဟုတ် ပိုင်ဆိုင်ပစ္စည်းမှ ဆင့်ပွားပေါ်ပေါက်လာသော အကျိုးအမြတ် များလည်း ပါဝင်သည်။

( ဖ ) **ဗာကျူရယ်အက်ဆက် (Virtual Asset)** ဆိုသည်မှာ တန်ဖိုးကို ဒီဂျစ်တယ်ပုံစံဖြင့် ကိုယ်စားပြုထားပြီး ကူးသန်းရောင်းဝယ်ခြင်း၊ လွှဲပြောင်းခြင်း၊ ငွေပေးချေခြင်း သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုတို့တွင် အသုံးပြုနိုင်သည့်ပစ္စည်းကို ဆိုသည်။ အဆိုပါဗာကျူရယ်အက်ဆက်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ဝေထားသည့် ငွေကြေး၊ အာမခံလက်မှတ်နှင့် အခြားငွေကြေးဆိုင်ရာပစ္စည်းများ မပါဝင်။

( ဗ ) **လွှဲပြောင်းနိုင်သောစာချုပ်စာတမ်း** ဆိုသည်မှာ ခရီးသွားချက်လက်မှတ်၊ ကိုင်ဆောင်သူ လွှဲပြောင်းနိုင်သောပုံစံဖြင့် ရှိသည်ဖြစ်စေ၊ ကန့်သတ်ချက်မထားရှိဘဲ မှန်ကန်ကြောင်း ထောက်ခံချက်ပေးထားသည်ဖြစ်စေ၊ ဖန်တီးထားသော ငွေလက်ခံသူအမည် ဖြည့်စွက်၍ ဖြစ်စေ၊ လွှဲပြောင်းပေးအပ်ရန် အကျုံးဝင်သည့် အခြားပုံစံဖြင့်ဖြစ်စေ ရှိသည့်ချက်လက်မှတ်၊ ငွေပေးကတိစာချုပ်၊ ငွေလွှဲစာချုပ်နှင့် ငွေပေးအမိန့် အပါအဝင် လွှဲပြောင်းနိုင်သော ငွေရေးကြေးရေးဆိုင်ရာစာချုပ်စာတမ်းများကို ဆိုသည်။ ယင်းစကားရပ်တွင် လက်မှတ်ရေးထိုးထားသော်လည်း ငွေပေးချေမှုကို လက်ခံမည့်သူ၏ အမည်ကိုဖော်ပြထားခြင်းမရှိသော ချက်လက်မှတ်၊ ငွေပေးကတိစာချုပ်၊ ငွေလွှဲစာချုပ်နှင့် ငွေပေးအမိန့်အပါအဝင် ပြည့်စုံစွာဖော်ပြထားခြင်း မရှိသည့် စာချုပ်စာတမ်းကဲ့သို့သော လွှဲပြောင်းနိုင်သည့် ပုံစံဖြင့်ရှိသည့် ငွေရေးကြေးရေးဆိုင်ရာ စာချုပ်စာတမ်းများ ပါဝင်သည်။

(ဘ) **အသုံးပြုပစ္စည်း** ဆိုသည်မှာ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် သို့မဟုတ် အသုံးပြုရန် ရည်ရွယ်သည့် ပစ္စည်းကို ဆိုသည်။

( မ ) **ငွေစာရင်း(Account)** ဆိုသည်မှာ သတင်းပို့အဖွဲ့အစည်းတစ်ရပ်ရပ်၏ ထုတ်ကုန်နှင့် ဝန်ဆောင်မှုများကို အသုံးပြုနိုင်ရန် ဆက်သွယ်ဆောင်ရွက်သူနှင့် သတင်းပို့အဖွဲ့အစည်းအကြား ထူထောင်ထားရှိသည့် စီးပွားဆက်ဆံဆောင်ရွက်မှုကို ဆိုသည်။ ယင်းစကားရပ်တွင် တတိယပုဂ္ဂိုလ် သို့မဟုတ် တတိယကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းက ၎င်းတို့ကိုယ်တိုင် သို့မဟုတ် ၎င်းတို့ကိုယ်စား စီးပွားဆက်ဆံဆောင်ရွက်မှုများအတွက် တိုက်ရိုက်ဆက်သွယ်၍ ပေးချေမှုကိုအသုံးပြုသည့် တစ်ဆင့်လက်ခံဘဏ်ငွေစာရင်းလည်း ပါဝင်သည်။

(ယ) **ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း (Customer Due Diligence– CDD)** ဆိုသည်မှာ ဤဥပဒေ အခန်း ၉ တွင် ဖော်ပြထားသည့် ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ရန် ဆောင်ရွက်ရမည့်အချက်ကို ဆိုသည်။

( ရ ) **ထိန်းချုပ်ဖော်ထုတ်ခြင်း (Controlled Delivery)** ဆိုသည်မှာ နိုင်ငံတော်အတွင်း၌ဖြစ်စေ၊ ပြည်ပနိုင်ငံတစ်ခုခု သို့မဟုတ် တစ်ခုထက်ပိုသော နိုင်ငံအတွင်း၌ဖြစ်စေ၊ နိုင်ငံတော်နှင့် ပြည်ပနိုင်ငံတစ်ခုခုကို ဖြတ်သန်း၍ဖြစ်စေ ဝင်ရောက်ခြင်း၊ ဖြတ်သန်းခြင်း သို့မဟုတ် ထွက်ခွာခြင်းပြုစဉ် သက်သေခံပစ္စည်းများကို တင်သွင်းခြင်း၊ တင်ပို့ခြင်း သို့မဟုတ် သယ်ယူပို့ဆောင်ခြင်းပြုကြောင်း စစ်ဆေးတွေ့ရှိသည့်အခါဖြစ်စေ၊ သံသယဖြစ်ဖွယ်တွေ့ရှိသည့်အခါဖြစ်စေ၊ ခိုင်လုံသောသတင်းရရှိသည့်အခါဖြစ်စေ အဓိကပြစ်မှုကျူးလွန်သူကို ဖော်ထုတ်အရေးယူရန် ဥပဒေစိုးမိုးရေးအဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်တွင် ထိန်းချုပ်စောင့်ကြည့် ဖော်ထုတ်သည့် နည်းလမ်းကို ဆိုသည်။

(လ) **အဖွဲ့ဝင်နိုင်ငံ** ဆိုသည်မှာ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် လက်ခံထားသော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ နောက်ဆက်တွဲ ပရိုတိုကောလ်များနှင့် ဒေသဆိုင်ရာကွန်ဗင်းရှင်းများ၊ ဒေသတွင်းသဘောတူစာချုပ်များ၊ နှစ်နိုင်ငံစာချုပ်များ၏ အဖွဲ့ဝင်အဖြစ် လက်ခံထားသော နိုင်ငံအသီးသီးကို ဆိုသည်။

## အခန်း (၂)

## ရည်ရွယ်ချက်များ

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ငွေကြေးခဝါချမှုများနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတို့ကို ထိရောက်စွာ အရေးယူနိုင်ရန်နှင့် ဆင့်ပွားပေါ်ပေါက်နိုင်သည့် ပြစ်မှုများကို ကာကွယ်ဟန့်တားရန်၊

(ခ) ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတို့မှတစ်ဆင့် နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများတွင် ဝင်ရောက်စွက်ဖက်ခြင်းမှ ကာကွယ်ရန်၊

(ဂ) နိုင်ငံတော်ကလက်ခံထားသည့် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများနှင့်အညီ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆောင်ရွက်ရန်၊

(ဃ) ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု၊ လူအများအပြားသေကျေစေသည့် လက်နက်များ ပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုနှင့် မူလပြစ်မှုများ တိုက်ဖျက်ရေးအတွက် အပြည်ပြည်ဆိုင်ရာအဖွဲ့ အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(င) အမျိုးသားအဆင့်ဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်ခြင်းဆောင်ရွက်၍ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ ချမှတ်ရန်။

## အခန်း (၃)

## ငွေကြေးခဝါချမှုနှင့်သက်ဆိုင်သော ပြစ်မှုများ

၅။ အောက်ပါပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရာမှရရှိသည့် အကျိုးအမြတ်များကို ငွေကြေးခဝါချမှုပြုလုပ်ခြင်းသည် ဤဥပဒေနှင့်သက်ဆိုင်စေရမည်-

(က) နိုင်ငံဖြတ်ကျော်၍ ဂိုဏ်းအုပ်စုဖြင့်ဂိုဏ်းဖွဲ့ကျူးလွန်မှု၊ ရာဇဝတ်ဂိုဏ်းများတွင်ပါဝင်မှု၊ ဒုစရိုက်လုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းမှု၊

(ခ) အကြမ်းဖက်မှုအပေါ် ငွေကြေးထောက်ပံ့မှုအပါအဝင် အကြမ်းဖက်မှု၊

(ဂ) လူကုန်ကူးမှုနှင့် လူမှောင်ခိုကူးမှု၊

(ဃ) ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်ခြင်း အပါအဝင် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှု၊

(င) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ တရားမဝင်ကုန်ကူးမှု၊

(စ) လက်နက်များ တရားမဝင်ကုန်ကူးမှုများ၊

(ဆ) ခိုးရာပါပစ္စည်းနှင့် အခြားသော ကုန်စည်များ တရားမဝင်ကုန်ကူးမှု၊

(ဇ) အဂတိလိုက်စားမှုနှင့် လာဘ်ပေးလာဘ်ယူမှု၊

(ဈ) လိမ်လည်မှု၊

(ည) ငွေကြေးအတု ပြုလုပ်မှု၊

(ဋ) ကုန်ပစ္စည်းအတုပြုလုပ်မှုနှင့် မူပိုင်ခွင့်ချိုးဖောက်မှု၊

(ဌ) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်နစ်နာသည့် ပြစ်မှုများ၊

(ဍ) လူသတ်မှု၊ လူ့ခန္ဓာကိုယ်ကို အပြင်းအထန် နာကျင်စေမှု၊

( ဎ ) ပြန်ပေးဆွဲမှု၊ မတရားဖမ်းဆီးချုပ်နှောင်မှုနှင့် ဓားစာခံဖမ်းဆီးမှု၊

(ဏ) ဓားပြမှု သို့မဟုတ် ခိုးမှု၊

(တ) အကောက်ခွန်၊ ယစ်မျိုးနှင့် အခွန်များဆိုင်ရာအပါအဝင် မှောင်ခိုမှုများ၊

(ထ) အခွန်ဆိုင်ရာပြစ်မှုများ (တိုက်ရိုက်ခွန်နှင့် သွယ်ဝိုက်ခွန်များအပါအဝင်)၊

( ဒ ) ခြောက်လှန့်တောင်းယူမှု၊

( ဓ ) လိမ်လည်အတုပြုလုပ်မှု၊

( န ) ပင်လယ်ဓားပြမှု၊

( ပ ) သတင်းအချက်အလက်ကို ဦးစွာသိရှိနိုင်သူက မိမိသိရှိသည့် သတင်းအချက်အလက်ကို အသုံးပြု၍ မိမိကိုယ်တိုင်ဖြစ်စေ၊ ယင်းသတင်းအချက်အလက်ကို သူတစ်ပါးအားပေးအပ်၍ဖြစ်စေ တရားမဝင် အကျိုးအမြတ်ရရှိရေးအတွက် ဆောင်ရွက်ခြင်းနှင့် ဈေးကွက်ထိန်းချုပ်ရန် ပြုလုပ်ခြင်းဆိုင်ရာပြစ်မှုများ၊

( ဖ ) ဆိုက်ဘာမှုခင်း၊

( ဗ ) လောင်းကစားမှု၊

(ဘ) ထိန်းချုပ်ဓာတုပစ္စည်းများနှင့်သက်ဆိုင်သည့် ပြစ်မှုများ၊

( မ ) နိုင်ငံတော်၏ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အနည်းဆုံးထောင်ဒဏ် ခြောက်လနှင့်အထက် ပြစ်ဒဏ် ထိုက်သင့်သည့် ပြစ်မှုများ၊

(ယ) ငွေကြေးခဝါချမှုနှင့်သက်ဆိုင်သော ပြစ်မှုများဖြစ်သည်ဟု ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီ ချက်ဖြင့် ဗဟိုအဖွဲ့က အမိန့်ကြော်ငြာစာထုတ်ပြန်၍ အခါအားလျော်စွာ သတ်မှတ်သည့် ပြစ်မှုများ။

## အခန်း (၄)

## ဗဟိုအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းမှ တာဝန်ရှိသူများနှင့် သင့်လျော်သော နိုင်ငံသားများက အဖွဲ့ဝင်များအဖြစ် လည်းကောင်း ပါဝင်စေလျက် ဗဟိုအဖွဲ့ကို ဖွဲ့စည်းရမည်။

( ခ ) ပုဒ်မခွဲ (က)အရ ဖွဲ့စည်းရာတွင် လိုအပ်ပါက အဖွဲ့ဝင်များအနက်မှ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို ထည့်သွင်းဖွဲ့စည်းနိုင်သည်။

( ဂ ) ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ ဖွဲ့စည်းသည့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ကို လိုအပ်ပါက သတ်မှတ်ချက်နှင့်အညီ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၇။ ဗဟိုအဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ မူဝါဒများချမှတ် ခြင်း၊ ယင်းမူဝါဒနှင့်အညီ ပြည်တွင်းရှိ သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်း၊ အခြား သက်ဆိုင်သည့် အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

( ခ ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ခြင်း၊

( ဂ ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းများဆောင်ရွက်ရန် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(ဃ) ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုနှင့် လူအများအပြားသေကျေစေသည့် လက်နက်များ ပြန့်ပွားရေးကိုငွေကြေးထောက်ပံ့မှုဆိုင်ရာ အမျိုးသားအဆင့် ဆုံးရှုံးနိုင်ခြေအန္တရာယ်ကိုအကဲဖြတ်ဆောင်ရွက်ခြင်း၊

( င ) ဗာကျူရယ်အက်ဆက် ဆောင်ရွက်ချက်များနှင့် ဗာကျူရယ်အက်ဆက်ဆိုင်ရာ ဝန်ဆောင်မှုပေးသူများ၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းနှင့် ပရဟိတ အဖွဲ့အစည်း သို့မဟုတ် အကျိုးအမြတ်မယူသောအဖွဲ့အစည်း (Non-Profit Organization – NPO) အပါအဝင် ကဏ္ဍအလိုက်ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုနှင့် လူအများအပြားသေကျေစေသည့်လက်နက်များ ပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ် အကဲဖြတ်ဆောင်ရွက်ခြင်းဆောင်ရွက်နိုင်ရန် အစီအမံများချမှတ်ခြင်း၊

( စ ) ပုဒ်မခွဲ (ဃ) နှင့် ပုဒ်မခွဲ (င) တို့အရ ဆောင်ရွက်သည့် အကဲဖြတ်ခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ခြင်း၊ ဖော်ထုတ်အကဲဖြတ်မှု၏နောက်ဆုံးရလဒ်များကို ထိန်းသိမ်းခြင်း၊ သင့်လျော်သည့် သတင်းအချက်အလက်များကို သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်း၊ ကြီးကြပ်ရေးအာဏာပိုင်နှင့် သတင်းပို့အဖွဲ့အစည်းအားဖြန့်ဝေခြင်း၊

(ဆ) သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်း၊ သတင်းပို့အဖွဲ့အစည်းအား အန္တရာယ်အခြေပြုချဉ်းကပ်ခြင်းနည်းလမ်းများ အသုံးပြုလျက် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးစနစ်တစ်ရပ်လုံးကို ထိရောက်စွာ ဆောင်ရွက်ရန် လမ်းညွှန်ခြင်း၊

( ဇ ) ငွေကြေးခဝါချရန်အလို့ငှာ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ သတ်မှတ်ထားသည့် ငွေရေးကြေးရေးအဖွဲ့အစည်းမဟုတ်သော အခြားစီးပွားရေးလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း သို့မဟုတ် စီးပွားရေးအဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်ခြင်း မပြုနိုင်စေရန် သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းများအား လမ်းညွှန်ခြင်းနှင့် စိစစ်ခြင်း၊

( ဈ ) ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်တွင် ပါဝင်သည့် သတင်းပို့အဖွဲ့အစည်း၊ ဥပဒေရေးရာ၊ တရားစီရင်ရေးရာနှင့် တားဆီးနှိမ်နင်းရေးစသည့် ကဏ္ဍအသီးသီးမှ ပြည်သူ့ဝန်ထမ်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအား ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ မူဝါဒများချမှတ်ခြင်း၊

(ည) အဖွဲ့ဝင်နိုင်ငံ၊ နိုင်ငံတကာနှင့် ဒေသတွင်းအဖွဲ့အစည်းများ၊ သဘောတူစာချုပ် ချုပ်ဆိုထားသည့် နိုင်ငံများနှင့် သတင်းအချက်အလက်ဖလှယ်ရေး၊ ငွေကြေးခဝါချမှု စုံစမ်းစစ်ဆေးခြင်းတို့နှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ခြင်း၊

( ဋ ) ကြီးကြပ်ရေးအာဏာပိုင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ထုတ်ပြန်သတ်မှတ်ခြင်း၊

( ဌ ) သတင်းပို့အဖွဲ့အစည်းအဖြစ် လူပုဂ္ဂိုလ်နှင့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းအား သတ်မှတ်တာဝန်ပေးခြင်း၊

( ဍ ) ဤဥပဒေ၏ ရည်ရွယ်ချက်များကိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

( ဎ ) သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်း၏ သတင်းအချက်အလက်များအရဖြစ်စေ၊ လွတ်လပ်သော သတင်းအရင်းအမြစ်များမှဖြစ်စေရရှိသည့် သတင်းအချက်အလက်များကိုအခြေခံ၍ ဤဥပဒေအရ စုံစမ်းစစ်ဆေးနိုင်ရန် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို တာဝန်ပေးအပ်ခြင်း။

၈။ ဗဟိုအဖွဲ့၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အမျိုးသားအဆင့် ဆုံးရှုံးနိုင်ခြေအန္တရာယ်ကို အကဲဖြတ်ဆောင်ရွက်ချက်ရလဒ်များအပေါ်အခြေခံ၍ မူဝါဒနှင့်မဟာဗျူဟာများချမှတ်ခြင်း၊ ချမှတ်သည့် မူဝါဒများနှင့် မဟာဗျူဟာများအား အကောင်အထည်ဖော်ဆောင်ခြင်းနှင့် အန္တရာယ်အခြေပြုချဉ်းကပ်ဆောင်ရွက်ခြင်းပြုရာတွင် ထိရောက်မှု၊ လုံလောက်သည့် အရင်းအမြစ်များ (လူအင်အား၊ ရန်ပုံငွေ၊ လုပ်ငန်းသုံးပစ္စည်းနှင့် နည်းပညာ) ခွဲဝေချထားမှုနှင့် အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်နိုင်မှုရှိစေရေးအတွက် သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းအား တာဝန်ခွဲဝေသတ်မှတ်ပေးခြင်းနှင့် ဆောင်ရွက်ပြီးစီးမှုများကို အချိန်ကာလ သတ်မှတ်ချက်ဖြင့် ပြန်လည်တင်ပြစေခြင်း၊

( ခ ) ငွေကြေးခဝါချမှု၊ပြစ်မှုကျူးလွန်ရာမှရရှိသည့် အကျိုးအမြတ် သို့မဟုတ် အသုံးပြုပစ္စည်းများနှင့်စပ်လျဉ်း၍ သတင်းပေးသူ၊ သက်သေနှင့် ၎င်းတို့၏ မိသားစုဝင်များအား သတ်မှတ်ချက်များနှင့်အညီ အကာအကွယ်ပေးရန် သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းအား လမ်းညွှန်မှုပေးခြင်း၊

( ဂ ) ငွေကြေးခဝါချမှု၊ပြစ်မှုကျူးလွန်ရာမှရရှိသည့် အကျိုးအမြတ် သို့မဟုတ် အသုံးပြုပစ္စည်းများနှင့်စပ်လျဉ်း၍ သတင်းပေးသူအား ထိုက်သင့်သည့် ဆုငွေချီးမြှင့်ခြင်း၊

(ဃ) ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များကို အထောက်အကူပြုနိုင်ရန် သင့်လျော်သော ကျွမ်းကျင်သူဝန်ထမ်းများ ပါဝင်သော ရုံးအဖွဲ့ကို ဖွဲ့စည်းခြင်း၊

( င ) သက်ဆိုင်ရာအစိုးရဌာနသို့မဟုတ်အစိုးရအဖွဲ့အစည်း၊ကြီးကြပ်ရေးအာဏာပိုင်၊သတင်းပို့အဖွဲ့အစည်းနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ တိုးမြှင့်စေရေးအတွက် လမ်းညွှန်မှုများ ပေးခြင်း၊

( စ ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးစနစ် ထိရောက်စေရန် ပြည့်စုံလုံလောက်သည့် စာရင်းဇယားများထိန်းသိမ်းနိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်း၊ ဥပဒေစိုးမိုးရေးအဖွဲ့အစည်း၊ ကြီးကြပ်ရေးအာဏာပိုင်နှင့် သတင်းပို့အဖွဲ့အစည်းအား ညွှန်ကြားခြင်း၊

(ဆ) သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းနှင့် ကြီးကြပ်ရေးအာဏာပိုင်မှ သတင်းပို့အဖွဲ့အစည်း၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရေးအတွက် လမ်းညွှန်မှုနှင့် တုံ့ပြန်မှုပေးစေရေးအတွက် ညွှန်ကြားခြင်း။

## အခန်း (၅)

## ပြည်ထဲရေးဝန်ကြီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၉။ ပြည်ထဲရေးဝန်ကြီးဌာနသည် ငွေကြေးခဝါချမှုများကို စုံစမ်းစစ်ဆေးရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ကို တာဝန်ပေးအပ်ရမည်။ ထို့အပြင် လုပ်ငန်းလိုအပ်ချက်အရ တပ်ဖွဲ့ သို့မဟုတ် ဦးစီးဌာနတစ်ခုခုကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ စုံစမ်းစစ်ဆေးရေးအဖွဲ့များကို ဖွဲ့စည်းပြီး တာဝန်ပေးအပ်နိုင်သည်။

၁၀။ ပြည်ထဲရေးဝန်ကြီးဌာနသည် ဥပဒေစိုးမိုးရေးအဖွဲ့အစည်းက ဘဏ်နှင့်ငွေရေးကြေးရေး အဖွဲ့အစည်းများထံမှ ငွေကြေးနှင့်ပစ္စည်းများကို သက်သေခံပစ္စည်းအဖြစ် ရှာဖွေသိမ်းဆည်းခြင်းနှင့် ထိန်းချုပ်ခြင်းပြုနိုင်ရန် အမိန့်ထုတ်ဆင့်ခြင်းနှင့် ရုပ်သိမ်းခြင်းများ ဆောင်ရွက်နိုင်သည်။

၁၁။　ပြည်ထဲရေးဝန်ကြီးဌာနသည် ဥပဒေစိုးမိုးရေးအဖွဲ့အစည်းနှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တို့၏ ဤဥပဒေအရ အရေးယူဆောင်ရွက်ချက်များကို ဗဟိုအဖွဲ့သို့ တင်ပြရမည်။

၁၂။　(က)　ပြည်ထဲရေးဝန်ကြီးဌာနသည် ဥပဒေစိုးမိုးရေးအဖွဲ့အစည်း၏တင်ပြချက်အရ အောက်ဖော်ပြပါ အမိန့်များကို တစ်ကြိမ်လျှင် သုံးလထက်မပိုသော ကာလအတွက် ခွင့်ပြုနိုင်သည်-

(၁)　ကွန်ပျူတာစနစ်၊ ကွန်ရက်များနှင့် ဆာဗာများအား ဝင်ရောက်ကြည့်ရှုခွင့်ပြုသည့် အမိန့်၊

(၂)　တယ်လီဖုန်းလိုင်းများ၊ ဖက်စ်များ သို့မဟုတ် အီလက်ထရောနစ် ထုတ်လွှင့်မှုများ သို့မဟုတ် ဆက်သွယ်ရေးအထောက်အကူပြုပစ္စည်းများအား စောင့်ကြည့်မှုအောက်တွင်ထားရှိခွင့်၊ ကန့်သတ်ခွင့်၊ ကြားဖြတ်နားထောင်ခွင့်၊ ဖမ်းယူခွင့်၊ ဖြတ်တောက်ခွင့်၊ ပြစ်မှုနှင့်သက်ဆိုင်သော သတင်းအချက်အလက်မှတ်တမ်းများကို ကြည့်ရှုစစ်ဆေးခွင့်၊ မိတ္တူကူးယူခွင့်နှင့် လိုအပ်သလို အသုံးပြုခွင့်ပြုသည့် အမိန့်၊

(၃)　လှုပ်ရှားဆောင်ရွက်မှုများနှင့် အပြုအမူများ သို့မဟုတ် စကားအပြန်အလှန် ပြောဆိုမှုများကို အသံ သို့မဟုတ် ဗီဒီယိုဖြင့် မှတ်တမ်းရယူခွင့်ပြုသည့် အမိန့်၊

(၄)　အသွင်ယူစုံစမ်းစစ်ဆေးခွင့်ပြုသည့် အမိန့်၊

(၅)　ထိန်းချုပ်ဖော်ထုတ်ခြင်းကို ခွင့်ပြုသည့် အမိန့်။

(ခ)　ဥပဒေစိုးမိုးရေးအဖွဲ့အစည်းသည် ပုဒ်မခွဲ (က) အရ ထုတ်ပြန်သည့် အမိန့်များကို လိုက်နာဆောင်ရွက်ရာတွင် သက်ဆိုင်ရာဥပဒေများနှင့်အညီ ဆောင်ရွက်ရန်နှင့် အခြေခံအခွင့်အရေးများကို လိုက်နာဆောင်ရွက်ရမည့်အပြင် စုံစမ်းစစ်ဆေးရေး၏ တရားဝင်မှုနှင့် လျှို့ဝှက်မှုကို ထိန်းသိမ်းထားနိုင်ရန် ပြဋ္ဌာန်းထားသည့် စည်းကမ်းများကိုလည်း လိုက်နာရမည်။

## အခန်း (၆)

## ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်း၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၃။　ဗဟိုအဖွဲ့သည်-

(က)　သံသယဖြစ်ဖွယ်သတင်းပို့ချက်များ၊ ငွေကြေးခဝါချမှု၊ ငွေကြေးခဝါချမှုနှင့်သက်ဆိုင်သည့် ပြစ်မှုများ၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့်သက်ဆိုင်သည့် အခြားသတင်းအချက်များအား လက်ခံခြင်း၊ စိစစ်ခြင်းနှင့် ဖြန့်ဝေခြင်းအပါအဝင် ဤဥပဒေနှင့်သက်ဆိုင်သည့် ငွေကြေးဆိုင်ရာကိစ္စရပ်များကို စုံစမ်းထောက်လှမ်းသည့်လုပ်ငန်းများကို သီးခြားလွတ်လပ်၍ ကိုယ်ပိုင်အုပ်ချုပ်မှုပုံစံဖြင့် တာဝန်ယူဆောင်ရွက်ရန် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ကို ဖွဲ့စည်းပေးရမည်။

(ခ)　ပုဒ်မခွဲ(က) အရဖွဲ့စည်းထားသော ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့အား တည်ဆဲအာဏာပိုင်အဖွဲ့အစည်းတစ်ရပ်ရပ်၏ ဖွဲ့စည်းပုံတွင် ထည့်သွင်းဖွဲ့စည်းထားခြင်းဖြစ်ပါက ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့၏ အဓိကလုပ်ငန်းတာဝန်များသည် တည်ဆဲအာဏာပိုင်အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် ကွဲပြားစေရန် သတ်မှတ်ပေးရမည်။

၁၄။　ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့သည်-

(က)　ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းများကို လုပ်ငန်းသဘောအရလည်းကောင်း၊ လက်တွေ့အကောင်အထည်ဖော်ရာတွင်လည်းကောင်း ဤဥပဒေနှင့်အညီ လွတ်လပ်စွာ ဆောင်ရွက်ရမည်။

( ခ ) သတင်းပို့ချက်များကိုလည်းကောင်း၊ ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုများနှင့်ဆက်နွှယ်သည့် အခြားသောသတင်းအချက်အလက်များကိုလည်းကောင်း လက်ခံခြင်း၊ တောင်းဆိုခြင်း၊ စိစစ်ခြင်းနှင့် ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့်သော်လည်းကောင်း၊ ဤဥပဒေနှင့်သက်ဆိုင်သော ပြစ်မှုတစ်ရပ်ရပ်နှင့်သော်လည်းကောင်း ဆက်နွှယ်သည်ဟု သံသယရှိသည့်အခါ စိစစ်တွေ့ရှိချက်ရလဒ်နှင့် အခြားသက်ဆိုင်သည့် သတင်းအချက်အလက်များကို သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် ဥပဒေစိုးမိုးရေးအဖွဲ့အစည်းထံသို့ ဆောလျင်စွာပေးအပ်ခြင်း၊ ပြည်တွင်း ပြည်ပမိတ်ဖက်အဖွဲ့အစည်းများ၏ တောင်းဆိုချက်နှင့်အညီ ပေးအပ်ခြင်းများကို ဆောင်ရွက်နိုင်သည်။

( ဂ ) သတင်းပို့ချက်များအား လက်ခံခြင်း၊ တောင်းဆိုခြင်း၊ စိစစ်ခြင်းနှင့် သတင်းအချက်အလက်များအား ပေးပို့ခြင်း သို့မဟုတ် ဖြန့်ဝေခြင်းများအား ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်နိုင်ခွင့်အပါအဝင် မိမိ၏လုပ်ငန်းတာဝန်များအား လွတ်လပ်စွာဆောင်ရွက်နိုင်မည့် လုပ်ပိုင်ခွင့်နှင့် စွမ်းဆောင်ရည်ရှိရမည်။

(ဃ) သတင်းပို့အဖွဲ့အစည်းက ပေးပို့သော သံသယဖြစ်ဖွယ်လွှဲပြောင်းမှုသတင်းပို့ချက်များ၊ ငွေကြေးခဝါချမှုများ၊ ငွေကြေးခဝါချမှုနှင့်သက်ဆိုင်သော ပြစ်မှုများ၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့်သက်ဆိုင်သော သတင်းအချက်အလက်များနှင့် အခြားသော သတင်းအချက်အလက်များကို လက်ခံခြင်း၊ စိစစ်ခြင်းနှင့် ဖြန့်ဝေခြင်းတို့ပြုလုပ်ရမည်။

( င ) လက်ခံရရှိသည့် သတင်းအချက်အလက်အမျိုးအစားနှင့် အရေအတွက် အသုံးပြုရန် မျှော်မှန်းသည့် သတင်းအချက်အလက်တို့အပေါ်အခြေပြု၍ အမှုတစ်မှုချင်းနှင့် သီးခြားပစ်မှတ်များ၊ ဆောင်ရွက်မှုများ သို့မဟုတ် လွှဲပြောင်းချက်များ သို့မဟုတ် သင့်လျော်သည့် ရွေးချယ်ထားသော သတင်းအချက်အလက်များကို အဓိကထားသည့် သမားရိုးကျ ခွဲခြမ်းစိတ်ဖြာခြင်းတို့ ပြုလုပ်ရမည်။

( စ ) လုပ်ငန်းပိုင်ဆိုင်ရာလွတ်လပ်ခွင့်ကို ထိပါးစေမည့် နိုင်ငံရေး၊ အစိုးရ သို့မဟုတ် သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်း၏ မလျော်ဩဇာသက်ရောက်မှု သို့မဟုတ် စွက်ဖက်မှုမှကင်းလွတ်ပြီး မိမိ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်လိုအပ်သော အရင်းအမြစ်များ (လူအင်အား၊ ရန်ပုံငွေ၊ လုပ်ငန်းသုံးပစ္စည်းနှင့် နည်းပညာ)အား ရယူခွင့်နှင့် ထိရောက်စွာ အသုံးပြုခွင့်များရှိရမည်။

(ဆ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဦးတည်ရာများနှင့် ပုံစံများကို ကိုင်တွယ်ဖြေရှင်းရန် မဟာဗျူဟာမြောက် ခွဲခြမ်းစိတ်ဖြာရမည်။

( ဇ ) သက်ဆိုင်ရာသတင်းပို့အဖွဲ့အစည်းထံမှ လိုအပ်သောသတင်းအချက်အလက်များကိုတောင်းခံရယူရမည်။

( ဈ ) သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်း၊ သတင်းပို့အဖွဲ့အစည်းအား အသိပညာပေးခြင်း၊ သင်တန်းပေးခြင်းနှင့် လိုအပ်သောအကူအညီ အထောက်အပံ့ပေးရမည်။

၁၅။ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့သည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ပိုင်ခွင့်ရှိသည်-

(က) သတင်းပို့အဖွဲ့အစည်းက လိုက်နာအသုံးပြု ဆောင်ရွက်ရမည့် သတင်းပို့ချက် သတ်မှတ်ပုံစံများ၊ သတင်းပို့ချက်တွင် ပါဝင်ရမည့်အချက်များ၊ သတင်းပေးပို့ပြီးနောက်ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများနှင့် သတင်းပို့ခြင်းဆိုင်ရာနည်းလမ်းများကို အခါအားလျော်စွာ ထုတ်ပြန်ခြင်း၊

( ခ ) မိမိသဘောဆန္ဒအလျောက်ဖြစ်စေ၊ တောင်းဆိုချက်အရဖြစ်စေ ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများနှင့် သတင်းအချက်အလက်များ ဖလှယ်ခြင်း သို့မဟုတ် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဂ) ပုဒ်မခွဲ (ခ) အရ ပြည်ပမိတ်ဖက်အဖွဲ့အစည်းများနှင့် သတင်းအချက်အလက်ဖလှယ်ရာတွင် တောင်းဆိုစဉ်က အသုံးပြုမည့် ရည်ရွယ်ချက်အတိုင်း အသုံးပြုမည်ဖြစ်ကြောင်းနှင့် မိမိအဖွဲ့၏ သဘောတူညီချက်မရှိဘဲ အခြားသော ရည်ရွယ်ချက်အတွက် အသုံးပြုမည်မဟုတ်ကြောင်း သက်ဆိုင်ရာအဖွဲ့အစည်းထံမှ အထောက်အထား ရယူထားရှိခြင်း၊

(ဃ) ပြည်ပမိတ်ဖက်အဖွဲ့အစည်းတစ်ရပ်ရပ်နှင့် ဤဥပဒေနှင့်အညီ သဘောတူညီချက် သို့မဟုတ် စီစဉ်ဆောင်ရွက်မှုများပြုလုပ်ခြင်း၊ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ခြင်း၊

(င) အခြားသောပြည်တွင်းအာဏာပိုင်များ သို့မဟုတ် ပြည်ပမိတ်ဖက် အဖွဲ့အစည်းများနှင့် သတင်းအချက်အလက်ဖလှယ်ရန် လွတ်လပ်စွာစီစဉ်ဆောင်ရွက်ခြင်း သို့မဟုတ် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(စ) ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှု သို့မဟုတ် ငွေကြေးခဝါချမှုနှင့်သက်ဆိုင်သည့် ပြစ်မှုများကျူးလွန်သည်ဟု သံသယရှိပါက မိမိ၏ခွဲခြမ်းစိတ်ဖြာစိစစ်ချက်ရလဒ် သို့မဟုတ် အခြားသော သက်ဆိုင်ရာ သတင်းအချက်အလက်များကို တောင်းဆိုချက်အရဖြစ်စေ၊ မိမိသဘောဆန္ဒအရဖြစ်စေ ဥပဒေစိုးမိုးရေးအဖွဲ့အစည်း၊ စုံစမ်းစစ်ဆေးရေးအဖွဲ့၊ ပြည်တွင်းနှင့်ပြည်ပ အစိုးရအဖွဲ့အစည်းများထံသို့ လုံခြုံစိတ်ချရပြီး ကာကွယ်မှုရှိသော သတ်မှတ်ထားသည့် လမ်းကြောင်းများကို အသုံးပြု၍ ဖြန့်ဝေပေးပို့ခြင်း၊

(ဆ) ကိုယ်ပိုင်ဆုံးဖြတ်ချက်အရဖြစ်စေ၊ အကူအညီ တောင်းခံချက်အရဖြစ်စေ အဖွဲ့၏ လုပ်ငန်းတာဝန်နှင့် သက်ဆိုင်မှုရှိသည့် မည်သည့် သတင်းအချက်အလက်ကိုမဆို အခြားအဖွဲ့အစည်းများထံမှ တောင်းခံခြင်းနှင့် ဖလှယ်ခြင်း၊ မိမိနှင့်အလားတူ လုပ်ငန်းတာဝန်ထမ်းဆောင်သည့် ပြည်ပမိတ်ဖက် အဖွဲ့အစည်းများနှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဇ) မိမိအဖွဲ့နှင့်အလားတူ လုပ်ငန်းတာဝန်များရှိပြီး လျှို့ဝှက်ချက်ထားရှိရေးဆိုင်ရာ တာဝန်ဝတ္တရားများကို လိုက်နာရသည့် ပြည်ပမိတ်ဖက်အဖွဲ့အစည်းများနှင့် သတင်းအချက်အလက်ဖလှယ်ခြင်းကို ဆောင်ရွက်နိုင်ရန်အလို့ငှာ စီစဉ်ဆောင်ရွက်မှုများ ပြုလုပ်ခြင်း၊

(ဈ) လုပ်ငန်းတာဝန်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ငွေရေးကြေးရေး အဖွဲ့အစည်းများ၊ စီမံခန့်ခွဲရေးအဖွဲ့အစည်းများနှင့် ဥပဒေစိုးမိုးရေးအဖွဲ့အစည်း၏ သတင်းအချက်အလက်များကို ရယူအသုံးပြုခွင့်ရှိခြင်း၊

(ည) သတင်းပို့အဖွဲ့အစည်း၊ ဘဏ္ဍာရေး၊ စီမံခန့်ခွဲရေး သို့မဟုတ် ဥပဒေစိုးမိုးရေး အဖွဲ့အစည်း၊ အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းနှင့် အခြားသော အဖွဲ့အစည်းများက သို့မဟုတ် ၎င်းတို့၏ ကိုယ်စားလှယ်များက စုဆောင်းထိန်းသိမ်းထားရှိသည့် သတင်းအချက်အလက်ကိုဖြစ်စေ၊ စီးပွားဖြစ်စုဆောင်းထားရှိသည့် သတင်းအချက်အလက်ကိုဖြစ်စေ တောင်းခံရယူ သုံးစွဲခွင့်ရှိခြင်း၊

(ဋ) ဤဥပဒေအရ လက်ခံရရှိသည့် သတင်းအချက်အလက်များအား အသုံးပြုမှု၊ ယင်းတို့အား ခွဲခြမ်းစိတ်ဖြာစိစစ်မှု၊ ဖြန့်ဝေမှု၊ ပြည်ပမိတ်ဖက်အဖွဲ့အစည်းများ ဖလှယ်မှုနှင့် ထိုကဲ့သို့သော သတင်းအချက်အလက်များကို ရယူအသုံးပြုမှုတို့အား စီမံခန့်ခွဲရန်နှင့် လုံခြုံမှုရှိစေရန် လုပ်ငန်းစနစ်နှင့် လုပ်ထုံးလုပ်နည်းများ ချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ခြင်း၊

(ဌ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးအတွက် သတင်းဖလှယ်ခြင်း၊

(ဍ) တည်ဆဲဥပဒေတစ်ရပ်ရပ်က အပ်နှင်းသော ဆောင်ရွက်ပိုင်ခွင့်ရှိသည့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

၁၆။ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့က လက်ခံရရှိသောသံသယဖြစ်ဖွယ် လွှဲပြောင်းမှု သတင်းပို့ချက်များ၊ ငွေကြေးလွှဲပြောင်းဆောင်ရွက်မှု သတင်းပို့ချက်များနှင့် အခြားသော လွှဲပြောင်းဆောင်ရွက်မှု သတင်းပို့ချက်များဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို လျှို့ဝှက်ထားရှိရမည့်အပြင် အဆိုပါ သတင်းပို့ချက်များ ခွဲခြမ်းစိတ်ဖြာစိစစ်ချက်ကို ပြစ်မှုတစ်ရပ်ရပ်အား စုံစမ်းစစ်ဆေးခြင်းအတွက် ထောက်လှမ်းရေး သတင်းအချက်အလက်အဖြစ်သာ အသုံးပြုရမည်။

## အခန်း (၇)
## ဥပဒေစိုးမိုးရေးအဖွဲ့အစည်း၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၇။ ဥပဒေစိုးမိုးရေးအဖွဲ့အစည်းသည်-

(က) ငွေကြေးခဝါချမှုနှင့်သက်ဆိုင်သော ပြစ်မှုများအား စုံစမ်းစစ်ဆေးချိန်တွင် မူလမှုအတွက် ပြစ်မှုကျူးလွန်သူများ၏ ကွန်ရက်များကိုဖြစ်စေ၊ ပြစ်မှုကျူးလွန်မှု၏ အတိုင်းအဆပမာဏကိုဖြစ်စေ အတည်ပြု ဖော်ထုတ်ခြင်း၊ ပြစ်မှုကျူးလွန်ရာမှရရှိသည့် ငွေကြေးနှင့် ပစ္စည်းများကို စုံစမ်းဖော်ထုတ်ခြင်း၊ ထိန်းချုပ်ခြင်း ဆောင်ရွက်ချိန်တွင် ဤဥပဒေအရလည်း ငွေကြေးဆိုင်ရာစုံစမ်းစစ်ဆေးခြင်းကိုတစ်ပြိုင်တည်း ဆောင်ရွက်ရမည်။

(ခ) ပြစ်မှုကျူးလွန်ကြောင်း ပေါ်ပေါက်သော်လည်း သက်သေခံငွေကြေး သို့မဟုတ် ပစ္စည်းအားသိမ်းဆည်း နိုင်ခြင်းမရှိပါက သက်သေခံငွေကြေး သို့မဟုတ် ပစ္စည်းနှင့် တန်ဖိုးတူပစ္စည်းများကို စုံစမ်းဖော်ထုတ်နိုင်ရေး ဆောင်ရွက်ရမည်။

၁၈။ ဥပဒေစိုးမိုးရေးအဖွဲ့အစည်းသည်-

(က) တည်ဆဲဥပဒေများအရ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများ အပါအဝင် သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းထံမှ သတင်းအချက်အလက် တောင်းခံခြင်းနှင့် မိတ္တူကူးယူခြင်း လုပ်ပိုင်ခွင့် များကို အပ်နှင်းထားခြင်းမရှိပါက သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၏ အတည်ပြုချက်ဖြင့် တောင်းခံနိုင်သည်။

(ခ) ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများထံမှ ငွေကြေးနှင့်ပစ္စည်းများကို သက်သေခံပစ္စည်းအဖြစ် ရှာဖွေခြင်း၊ သိမ်းဆည်းခြင်းနှင့် ထိန်းချုပ်ခြင်းပြုနိုင်ရန် ပြည်ထဲရေးဝန်ကြီးဌာနသို့ တင်ပြရမည်။

၁၉။ ဥပဒေစိုးမိုးရေးအဖွဲ့အစည်းသည်-

(က) မိမိတို့စုံစမ်းစစ်ဆေးနေသော မှုခင်းကိစ္စရပ်များမှတစ်ဆင့် ငွေကြေးခဝါချမှု ကျူးလွန်ဖွယ်ရာရှိသည်ဟု ယုံကြည်ရန်အကြောင်းရှိပါက ဤဥပဒေအရ တရားစွဲဆိုနိုင်ရေး ဆောင်ရွက်ရမည်။

(ခ) ပုဒ်မခွဲ(က)အရ ဆောင်ရွက်ချက်ကို ပြည်ထဲရေးဝန်ကြီးဌာနနှင့် ဗဟိုအဖွဲ့သို့ ဆောလျင်စွာ တင်ပြရမည်။

၂၀။ ဥပဒေစိုးမိုးရေးအဖွဲ့အစည်းသည် ခက်ခဲနက်နဲရှုပ်ထွေးသော သို့မဟုတ် နိုင်ငံဖြတ်ကျော် သဘောသဘာဝ ရှိသော သို့မဟုတ် ပြစ်မှုကျူးလွန်ရာမှရရှိသည့် ငွေကြေးနှင့် ပစ္စည်းအမြောက်အမြားပါဝင်သော ငွေကြေးခဝါချမှု ဖြစ်ပါက မှုခင်းဆိုင်ရာ အချက်အလက်များနှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာနသို့ ကြန့်ကြာခြင်းမရှိစေဘဲ အမြန်ဆုံး ပေးပို့တင်ပြရမည်။

၂၁။ ပုဒ်မ ၂၀ အရ တင်ပြသည့် ငွေကြေးခဝါချမှုကို ပြည်ထဲရေးဝန်ကြီးဌာနက တာဝန်ပေးအပ်ထားသော စုံစမ်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးရမည်။

## အခန်း (၈)

## စုံစမ်းစစ်ဆေးရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၂၂။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ငွေကြေးခဝါချမှုကို စုံစမ်းစစ်ဆေးရာတွင်-

(က) ငွေကြေးခဝါချမှုကျူးလွန်သည်ဟု ယုံကြည်ရန်အကြောင်းရှိသူကို အရေးယူနိုင်ရေးအတွက် သက်သေအထောက်အထားများရရှိရန် လိုအပ်သော စုံစမ်းစစ်ဆေးခြင်း ဆောင်ရွက်နိုင်သည်။

(ခ) သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်း၊ ဥပဒေစိုးမိုးရေးအဖွဲ့အစည်း၊ ကြီးကြပ်ရေးအာဏာပိုင်၊ သတင်းပို့အဖွဲ့အစည်းနှင့် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ထံမှ လိုအပ်သော သတင်းအချက်အလက်များ ရယူနိုင်သည်။

(ဂ) အောက်ပါလုပ်ငန်းများကို ဆောင်ရွက်နိုင်သည်-

(၁) ငွေကြေး သို့မဟုတ် ပစ္စည်းကို စုံစမ်းဖော်ထုတ်ခြင်း၊ ရှာဖွေခြင်း၊ သိမ်းဆည်းခြင်း၊ ထိန်းချုပ်ခြင်း သို့မဟုတ် ခံဝန်ဖြင့် ပြန်လည်ပေးအပ်ခြင်း၊

(၂) သက်သေခံပစ္စည်းအား ချိပ်ပိတ်ခြင်း၊ အခြားနည်းလမ်းတစ်ခုခုဖြင့် စီမံခန့်ခွဲမှု သို့မဟုတ် ဆက်နွှယ်ပတ်သက်မှု မပြုလုပ်ရန် တားမြစ်ပိတ်ပင်ခြင်း၊

(၃) သတင်းပို့အဖွဲ့အစည်းထံမှ ငွေရေးကြေးရေးနှင့် စပ်ဆိုင်သောမှတ်တမ်းများကို တောင်းခံရယူခြင်း၊

(၄) နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန်ရှိသည့် ပစ္စည်းများအား နိုင်ငံတော်က ထိန်းချုပ်ခြင်း၊ သိမ်းဆည်းခြင်း သို့မဟုတ် ပြန်လည်ရယူခြင်းတို့ ဆောင်ရွက်သည့်အခါတွင် ထိခိုက်ဟန့်တားမှုမဖြစ်စေရန် ကြိုတင်တားဆီးကာကွယ်မှုများ ဆောင်ရွက်ခြင်း၊

(၅) ပြစ်မှုကျူးလွန်ကြောင်း ယုံကြည်ရန်အကြောင်းရှိသူအား ဖမ်းဆီးခြင်း၊

(၆) စုံစမ်းစစ်ဆေးရေးဆောင်ရွက်ချက်များအား ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်း။

(ဃ) ပုဒ်မခွဲ (ဂ) အရ သိမ်းဆည်းခဲ့သည့် ငွေကြေး သို့မဟုတ် ပစ္စည်းများကို သတ်မှတ်ထားသည့် အဖွဲ့အစည်းက ထိန်းသိမ်းစောင့်ရှောက်ရမည့်အပြင် ပျက်စီးဆုံးရှုံးနိုင်ဖွယ်ရှိသည့် ပစ္စည်းများကို စုံစမ်းစစ်ဆေးမှုကာလအတွင်း တည်ဆဲဥပဒေနှင့်အညီ စီမံဆောင်ရွက်နိုင်သည်။

(င) သဘောရိုးဖြင့် ဆောင်ရွက်သည့် တတိယပုဂ္ဂိုလ်နှင့် အခြားကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းများ၏ အခွင့်အရေးများကို ထိခိုက်နစ်နာစေခြင်းမရှိစေရန် ကျင့်သုံးဆောင်ရွက်ရမည်။

၂၃။ ငွေကြေးခဝါချမှုနှင့်သက်ဆိုင်သောပြစ်မှုများနှင့် ငွေကြေးခဝါချမှုအား စုံစမ်းစစ်ဆေးဖော်ထုတ်ရာတွင် အောက်ပါငွေကြေးနှင့် ပစ္စည်းများကို စစ်ဆေးဖော်ထုတ်ရမည်-

(က) ငွေကြေးခဝါချမှု သို့မဟုတ် ငွေကြေးခဝါချမှုနှင့်သက်ဆိုင်သော ပြစ်မှုများကျူးလွန်ရာမှ ရရှိသည့် အကျိုးအမြတ်များ၊

(ခ) ငွေကြေးခဝါချမှု သို့မဟုတ် ငွေကြေးခဝါချမှုနှင့်သက်ဆိုင်သော ပြစ်မှုများကျူးလွန်ရာတွင် အသုံးပြုသည့် သို့မဟုတ် အသုံးပြုရန် ရည်ရွယ်သည့် အသုံးပြုပစ္စည်းများ၊

(ဂ) အဆိုပါ ငွေကြေး၊ ပစ္စည်း သို့မဟုတ် မှုခင်းအကျိုးအမြတ်များကို ဖော်ထုတ်ရာတွင် အထောက်အကူဖြစ်စေသည့် သက်သေခံအထောက်အထားများ၊

(ဃ) ခဝါချထားသည့် ငွေကြေးများနှင့် ပစ္စည်းများ၊

(င) ပြစ်မှုကျူးလွန်ရာမှရရှိသည့် ငွေကြေးနှင့် ပစ္စည်းများအား စုံစမ်းဖော်ထုတ်ပြီးချိန်တွင် ထိန်းချုပ်ခြင်း၊ သိမ်းဆည်းခြင်းမပြုနိုင်ပါက တန်ဖိုးတူပစ္စည်းများ။

၂၄။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ငွေကြေးခဝါချမှုကို စုံစမ်းစစ်ဆေးရာတွင် အောက်ပါကိစ္စရပ်များကို ပြည်ထဲရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့်ရယူဆောင်ရွက်နိုင်သည်-

(က) ကွန်ပျူတာစနစ်၊ ကွန်ရက်များနှင့် ဆာဗာများအား ဝင်ရောက်ကြည့်ရှုခြင်း၊

( ခ ) တယ်လီဖုန်းလိုင်းများ၊ ဖက်စ်များ သို့မဟုတ် အီလက်ထရောနစ် ထုတ်လွှင့်မှုများ သို့မဟုတ် ဆက်သွယ်ရေး အထောက်အကူပြုပစ္စည်းများအား စောင့်ကြည့်မှုအောက်တွင် ထားရှိခွင့်၊ ကန့်သတ်ခွင့်၊ ကြားဖြတ်နားထောင်ခွင့်၊ ဖမ်းယူခွင့်၊ ဖြတ်တောက်ခွင့်၊ ပြစ်မှုနှင့် သက်ဆိုင်သော သတင်းအချက်အလက်မှတ်တမ်းများကို ကြည့်ရှုစစ်ဆေးခွင့်၊ မိတ္တူကူးယူခွင့်နှင့် လိုအပ်သလိုအသုံးပြုခွင့် ကျင့်သုံးခြင်း၊

( ဂ ) လှုပ်ရှားဆောင်ရွက်မှုများနှင့် အပြုအမူများ သို့မဟုတ် စကားအပြန်အလှန်ပြောဆိုမှုများကို အသံ သို့မဟုတ် ဗီဒီယိုဖြင့် မှတ်တမ်းရယူခြင်း၊

(ဃ) အသွင်ယူစုံစမ်းစစ်ဆေးခြင်း၊

( င ) ထိန်းချုပ်ဖော်ထုတ်ခြင်း။

## အခန်း (၉)

## ကြိုတင်ကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် သတင်းပို့ရန်တာဝန်

၂၅။ သတင်းပို့အဖွဲ့အစည်းသည် မည်သူမည်ဝါဖြစ်ကြောင်း သတ်မှတ်ဖော်ထုတ်နိုင်ခြင်းမရှိသည့် အမည် သို့မဟုတ် အက္ခရာများကို အသုံးပြုခြင်း၊ ခွဲခြားသိရှိနိုင်ခြင်းမရှိသည့် သို့မဟုတ် ဖန်တီးထားသည့် အမည် သို့မဟုတ် မမှန်ကန်သည့် အမည်ကို အသုံးပြုထားသည့် ငွေစာရင်းများကို ဖွင့်လှစ်ပေးခြင်း၊ လက်ခံခြင်း သို့မဟုတ် ထိန်းသိမ်းဆောင်ရွက်ပေးခြင်း မပြုရ။

၂၆။ သတင်းပို့အဖွဲ့အစည်းသည် ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် လူအများ အပြား သေကျေစေသည့် လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုနှင့်စပ်လျဉ်း၍ ဆုံးရှုံးနိုင်ခြေ အန္တရာယ်အကဲဖြတ်ခြင်းကို ဆောင်ရွက်ရမည်။ အန္တရာယ်အကဲဖြတ်ချက်များ၊ ထင်ရှားသည့် မည်သည့် သက်သေခံအထောက်အထားနှင့် သတင်းအချက်အလက်များကိုမဆို စာဖြင့်ရေးသား မှတ်တမ်းတင်ရမည် ဖြစ်ပြီး ယင်းမှတ်တမ်းသည် နောက်ဆုံးအခြေအနေနှင့် ကိုက်ညီရမည့်အပြင် သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းက အသုံးပြုနိုင်ရေး အသင့်ရှိရမည်။

၂၇။ သတင်းပို့အဖွဲ့အစည်းသည်-

(က) ဤဥပဒေမပြဌာန်းမီက တည်ရှိခဲ့သည့် ငွေစာရင်းများ၊ ဆက်သွယ်ဆောင်ရွက်သူများနှင့်ပတ်သက်၍ ဤဥပဒေအရ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ ဆောင်ရွက်ချက်များကို ပထဝီအနေအထား၊ ထုတ်ကုန်၊ ဝန်ဆောင်မှုနှင့် အန္တရာယ်ရှိမှုအပေါ်အခြေပြု၍ သင့်လျော်သည့်အချိန်တွင် ဆောင်ရွက်ရမည်။ ပုဒ်မ ၇ (စ) အရ ပေးပို့၍ ရရှိသောသတင်းအချက်အလက်များရရှိပါက ဆက်သွယ် ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို အောက်ပါအတိုင်း အကောင် အထည်ဖော် ဆောင်ရွက်ရမည်-

(၁) အကဲဖြတ်ချက်အရ ငွေကြေးခဝါချမှုအန္တရာယ်အဆင့် မြင့်မားသည်ဟု ဖော်ထုတ်ရရှိသည့်အခါ ယင်းအန္တရာယ်အဆင့်နှင့်အညီ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း ဆောင်ရွက်ချက်များကို တိုးမြှင့်ဆောင်ရွက်ရမည့်အပြင် လွှဲပြောင်းဆောင်ရွက်မှု သို့မဟုတ် အခြားသော ဆောင်ရွက်မှုများသည် ပုံမှန် ဟုတ် မဟုတ် ကိုလည်းကောင်း၊ သံသယဖြစ်ဖွယ် ရှိ မရှိ ကိုလည်းကောင်း ဆုံးဖြတ်ခြင်း၊

(၂) အကဲဖြတ်ချက်အရ ငွေကြေးခဝါချမှုအန္တရာယ် အဆင့်နိမ့်သည်ဟု ဖော်ထုတ်ရရှိသည့်အခါ ယင်းအန္တရာယ်အဆင့်နှင့်အညီ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်မှုကို ရှင်းလင်းလွယ်ကူစွာဆောင်ရွက်ခြင်း၊ ငွေကြေးခဝါချမှု အန္တရာယ်အဆင့် အလယ်အလတ်ဖြစ်သည်ဟု ဖော်ထုတ်ရရှိသည့်အခါ ယင်းအန္တရာယ်အဆင့်နှင့်အညီ အလေးထားစိစစ်မှုကို စံနှုန်းသတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ခြင်း၊

(၃) ပုဒ်မခွဲငယ် (၂) အရ ရှင်းလင်းလွယ်ကူသည့် ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ ဆောင်ရွက်ချက်များကို ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဟု သံသယရှိသည့်အခါ၌ဖြစ်စေ၊ အန္တရာယ်အဆင့်မြင့်မားသည့် ကိစ္စရပ်၌ဖြစ်စေ အသုံးပြုခြင်းမှ ရပ်စဲခြင်း၊

(၄) ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့ (Financial Action Task Force– FATF) မှ ဆိုးရွားနိုင်ခြေအန္တရာယ်မြင့်မားခြင်းနှင့် အခြားစောင့်ကြည့်ရမည့် နိုင်ငံနှင့်ဒေသများ (High–risk and other monitored jurisdictions) စာရင်းတွင်ပါရှိသည့် နိုင်ငံနှင့်ဒေသများမှ ငွေရေးကြေးရေးအဖွဲ့အစည်းများအပါအဝင် လူပုဂ္ဂိုလ်၊ ကုမ္ပဏီအဖွဲ့အစည်းများနှင့် လွှဲပြောင်းဆောင်ရွက်မှုများနှင့် စီးပွားဆက်ဆံဆောင်ရွက်မှုများ ပြုလုပ်သည့်အခါ ယင်းအန္တရာယ်အဆင့်နှင့်အညီ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း ဆောင်ရွက်ချက်များကို တိုးမြှင့်ဆောင်ရွက်ရမည့်အပြင် ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့မှ တိုးမြှင့်အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန် တောင်းဆိုခြင်းပြုလုပ်ပါက ဆိုးရွားနိုင်ခြေအန္တရာယ်နှင့်အညီ အချိုးညီ ထိရောက်သည့် ဆောင်ရွက်မှုများ ပြုလုပ်ခြင်း၊

(၅) ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းကို တိုးမြှင့်ခြင်းနှင့် ရှင်းလင်းလွယ်ကူစွာဆောင်ရွက်ခြင်းတို့နှင့်ပတ်သက်၍ ကြီးကြပ်ရေးအာဏာပိုင်က ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခြင်း။

( ခ ) ပုဒ်မခွဲ (က) ပါ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း ဆောင်ရွက်ချက်များကို အောက်ပါအချိန်အခါနှင့် အခြေအနေများတွင် ဆောင်ရွက်ရမည်–

(၁) ဆက်သွယ်ဆောင်ရွက်သူ တစ်ဦးအတွက် လွှဲပြောင်းဆောင်ရွက်မှုတစ်ရပ် မပြုလုပ်ပေးမီ သို့မဟုတ် ငွေစာရင်းတစ်ခုဖွင့်လှစ်ပေးခြင်း မပြုမီ သို့မဟုတ် စီးပွားဆက်ဆံဆောင်ရွက်မှုတစ်ရပ် မထူထောင်မီ၊

(၂) သတင်းပို့အဖွဲ့အစည်းနှင့် စီးပွားဆက်ဆံဆောင်ရွက်မှု ထူထောင်ထားခြင်းမရှိသည့် ဆက်သွယ်ဆောင်ရွက်သူတစ်ဦးနှင့်ပတ်သက်သည့် လွှဲပြောင်းဆောင်ရွက်မှုသည် တစ်ကြိမ်တည်းဖြစ်စေ၊ ဆက်နွှယ်မှုရှိသော အကြိမ်အရေအတွက်များစွာဖြင့်ဖြစ်စေ သတင်းပို့ရန်သတ်မှတ်သည့် တန်ဖိုးပမာဏ သို့မဟုတ် ယင်းထက်ပိုသော တန်ဖိုးပမာဏဖြစ်သည့်အခါ အဆိုပါ ဆက်သွယ်ဆောင်ရွက်သူအတွက် လွှဲပြောင်းဆောင်ရွက်မှုကို ဆောင်ရွက်ပေးခြင်း မပြုမီ၊

(၃) ပြည်တွင်းနှင့် နိုင်ငံတကာ ငွေကြေးလွှဲပြောင်းဆောင်ရွက်မှုတစ်ရပ်ကို ဆက်သွယ်ဆောင်ရွက်သူအတွက် ဆောင်ရွက်ပေးခြင်း မပြုမီ၊

(၄) ယခင်ရရှိထားသည့် ဆက်သွယ်ဆောင်ရွက်သူဆိုင်ရာ အချက်အလက်များသည် မှန်ကန်မှု သို့မဟုတ် ပြည့်စုံမှုမရှိဟု သံသယရှိလျှင်၊

(၅) ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် ဆက်စပ်သည်ဟု သံသယရှိလျှင်။

( ဂ ) ပုဒ်မခွဲ (ခ) တွင် ရည်ညွှန်းထားသည့် ဆက်နွှယ်မှုရှိသော လွှဲပြောင်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ လွှဲပြောင်းဆောင်ရွက်မှုပြုသည့်အချိန်တွင် သတ်မှတ်တန်ဖိုးပမာဏ သို့မဟုတ် သတ်မှတ်တန်ဖိုးပမာဏထက်

ကျော်လွန်ကြောင်းကို လုပ်ငန်းဆောင်ရွက်ချိန်တွင် မသိရှိပါက အဆိုပါပမာဏကို သိရှိလျှင် သိရှိချင်း သို့မဟုတ် အဆိုပါ တန်ဖိုးပမာဏသည် သတ်မှတ်ပမာဏသို့ ရောက်ရှိလျှင် ရောက်ရှိချင်း ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်နှင့်အညီ အတည်ပြုဖော်ထုတ်ခြင်းကို ဆောင်ရွက်ရမည်။

(ဃ) ပုဒ်မခွဲ (က) အရ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း ဆောင်ရွက်ချက်များကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(၁) လွတ်လပ်၍ ယုံကြည်အားထားရသော ဇာစ်မြစ်များ၊ အထောက်အထားများ၊ အချက်အလက်များ သို့မဟုတ် သတင်းအချက်အလက်များဖြင့် ဆက်သွယ်ဆောင်ရွက်သူအား စိစစ်အတည်ပြုခြင်းနှင့် ဆက်သွယ်ဆောင်ရွက်သူ၏ သက်သေခံအထောက်အထားကို အတည်ပြုခြင်း၊

(၂) စီးပွားဆက်ဆံဆောင်ရွက်မှု၏ ရည်ရွယ်ချက်၊ သဘောသဘာဝဆိုင်ရာ သတင်းအချက်အလက်များ စုဆောင်းရယူခြင်းနှင့် နားလည်သိရှိခြင်း၊

(၃) သတင်းပို့အဖွဲ့အစည်းအနေဖြင့် အကျိုးခံစားခွင့်ရှိသူပိုင်ရှင် မည်သူမည်ဝါဖြစ်ကြောင်း သိရှိနိုင်၍ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း သို့မဟုတ် ဥပဒေရေးရာစီစဉ်ဆောင်ရွက်မှု၏ ပိုင်ဆိုင်မှုနှင့် ထိန်းချုပ်မှုပုံစံတို့ကို နားလည်သဘောပေါက်ပြီး စိစစ်အတည်ပြုနိုင်မည့် အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်ကိုအတည်ပြုဖော်ထုတ်ခြင်းနှင့် အဆိုပါအကျိုးခံစားခွင့်ရှိသူပိုင်ရှင်၏သက်သေခံအထောက် အထားကို စိစစ်ရန်အလို့ငှာ သင့်လျော်သည့် အရေးယူဆောင်ရွက်မှုအားလုံးကို ဆောင်ရွက်ခြင်း၊

(၄) ပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း သို့မဟုတ် ဥပဒေရေးရာ စီစဉ်ဆောင်ရွက်မှုများ အတွက် ဆက်သွယ်ဆောင်ရွက်သူကိုယ်စား ဆောင်ရွက်သူသည် အာဏာအပ်နှင်းခြင်းခံရသူ ဟုတ် မဟုတ် စိစစ်ခြင်းနှင့် ယင်း၏မှတ်ပုံတင်ကို မှန်ကန်ကြောင်း အတည်ပြုခြင်း၊ ပုဂ္ဂိုလ်၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း သို့မဟုတ် ဥပဒေရေးရာစီစဉ်ဆောင်ရွက်မှု၏ တရားဝင် တည်ရှိမှု အခြေအနေအား စိစစ်ခြင်း၊ ဆက်သွယ်ဆောင်ရွက်သူ၏ အမည်၊ တရားဝင် ဖွဲ့စည်းမှုပုံစံ၊ လိပ်စာ၊ ဒါရိုက်တာများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များရယူခြင်းနှင့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း သို့မဟုတ် ဥပဒေရေးရာ စီစဉ်ဆောင်ရွက်မှုများအပေါ် စည်းနှောင်မှုရှိစေသည့် လုပ်ပိုင်ခွင့်ဆိုင်ရာ စည်းကမ်းချက်များ(Conditions) သတ်မှတ်ခြင်း။

( င ) ပုဒ်မခွဲ(ဃ) ပါ တာဝန်ဝတ္တရားများကို ဆောင်ရွက်နိုင်ခြင်းမရှိလျှင် ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁)၊ (၂) နှင့် (၃) တို့အရ ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ဆောင်ရွက်မပေးခြင်း သို့မဟုတ် ရပ်စဲခြင်းပြု၍ ယင်းအခြေအနေကို ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ သတင်းပို့ရမည်။

( စ ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အန္တရာယ်များအား ထိရောက်စွာ စီမံခန့်ခွဲပြီးကြောင်း သက်သေထင်ရှားပြသနိုင်ပြီး ဆက်သွယ်ဆောင်ရွက်သူ သို့မဟုတ် အကျိုးခံစားခွင့် ရှိသူပိုင်ရှင်၏ သက်သေခံအထောက်အထားများအား စိစစ်ခြင်းကြောင့်ဖြစ်ပေါ်သည့် နှောင့်နှေးမှုသည် ပုံမှန်စီးပွားဆက်ဆံမှုကို အဆက်ပြတ်စေသည့် အဓိကအကြောင်းအရင်းဖြစ်ပါက အဆိုပါ ပုံမှန်စီးပွား ဆက်ဆံဆောင်ရွက်မှု ပြီးလျှင်ပြီးချင်းစိစစ်မှုကို ဆောလျင်စွာပြီးစီးအောင် ဆောင်ရွက်ရမည်။

၂၈။ သတင်းပို့အဖွဲ့အစည်းသည် စီးပွားဆက်ဆံဆောင်ရွက်မှုတစ်ခုချင်းအတွက် ဆက်သွယ်ဆောင်ရွက်သူ အပေါ် အလေးထားစိစစ်ခြင်းကို စဉ်ဆက်မပြတ်ဆောင်ရွက်ရမည်။ ထို့ပြင်လွှဲပြောင်းဆောင်ရွက်မှုများသည် ဆက်သွယ်ဆောင်ရွက်သူအပေါ် သက်ဆိုင်ရာ သတင်းပို့အဖွဲ့အစည်း၏ သိရှိနားလည်မှု၊ ၎င်း၏ စီးပွားရေး လုပ်ငန်းနှင့် ဆုံးရှုံးနိုင်ခြေအန္တရာယ်အဆင့်အတန်းနှင့် ကိုက်ညီမှု ရှိ မရှိ အား သေချာစွာစိစစ်ရမည်။ လိုအပ်ပါက ၎င်းတို့၏ ငွေကြေးအရင်းအမြစ်ကိုလည်း စိစစ်ရမည်။

၂၉။ သတင်းပို့အဖွဲ့အစည်းသည်–

(က) အောက်ပါဆောင်ရွက်ချက်များကို တစ်ခုချင်းအလိုက် အထူးအလေးထား စောင့်ကြည့်စစ်ဆေးရမည်–

(၁) စီးပွားရေးလုပ်ငန်းအရင်းခံ ထင်ရှားခြင်း မရှိဘဲနှင့်ဖြစ်စေ၊ ဥပဒေနှင့်ညီကြောင်း ထင်ရှားခြင်းမရှိဘဲနှင့်ဖြစ်စေ ရှုပ်ထွေးသော၊ ပုံမှန်မဟုတ်သော တန်ဖိုးပမာဏများပြားသည့် လွှဲပြောင်းဆောင်ရွက်မှုများအားလုံး၊ ပုံမှန်မဟုတ်သော ပုံစံဖြင့် လွှဲပြောင်းသည့် ဆောင်ရွက်မှုများအားလုံး၊

(၂) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တားဆီးကာကွယ်ရေးအတွက် ဆောင်ရွက်ချက်များကို လုံလောက်စွာ လိုက်နာဆောင်ရွက်ခြင်းမရှိသည့် နိုင်ငံတစ်နိုင်ငံမှ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုနှင့် စီးပွားဆက်ဆံဆောင်ရွက်မှု သို့မဟုတ် လွှဲပြောင်းဆောင်ရွက်မှုအားလုံး။

(ခ) ပုဒ်မခွဲ (က) ပါ ဆောင်ရွက်မှုအားလုံး၏ နောက်ခံအခြေအနေနှင့် ရည်ရွယ်ချက်များကို ဖြစ်နိုင်သမျှ စစ်ဆေးရမည့်အပြင် တွေ့ရှိချက်များကိုလည်း ရေးသားမှတ်တမ်းတင်ရမည်။

(ဂ) ပုဒ်မခွဲ (က) အရ ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုအန္တရာယ် အဆင့်မြင့်မားသည်ဟု ဖော်ထုတ်သိရှိရပါက ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း လုပ်ငန်းစဉ်ကို တိုးမြှင့်ဆောင်ရွက်ရမည်။

၃၀။ သတင်းပို့အဖွဲ့အစည်းသည် ဆက်သွယ်ဆောင်ရွက်သူ တစ်ဦးတစ်ယောက် သို့မဟုတ် အကျိုးခံစားခွင့်ရှိသူပိုင်ရှင်တစ်ဦးအား ပြည်တွင်းတွင် ဩဇာတိက္ကမရှိသူများ သို့မဟုတ် ပြည်ပတွင် ဩဇာတိက္ကမရှိသူများ သို့မဟုတ် အပြည်ပြည်ဆိုင်ရာတွင် ဩဇာတိက္ကမရှိသူများ ဟုတ် မဟုတ် ဆုံးဖြတ်နိုင်ရန် အန္တရာယ်အဆင့်အလိုက် သင့်လျော်သည့် စီမံခန့်ခွဲမှုစနစ်ထားရှိပြီး အောက်ပါအတိုင်း ဆောင်ရွက်ရမည်–

(က) ပြည်ပတွင် ဩဇာတိက္ကမရှိသူများနှင့်စပ်လျဉ်း၍–

(၁) စီးပွားဆက်ဆံဆောင်ရွက်မှု ထူထောင်ခြင်းမပြုမီ သို့မဟုတ် ဆက်လက်ဆောင်ရွက်ခြင်းမပြုမီ အကြီးတန်းစီမံအုပ်ချုပ်သူထံမှ သဘောတူညီချက် ရယူခြင်း၊

(၂) ချမ်းသာကြွယ်ဝမှုနှင့် ငွေကြေးအရင်းအမြစ်ကိုဖော်ထုတ်ရန် ဆီလျော်သည့် အရေးယူဆောင်ရွက်မှုများအားလုံး ဆောင်ရွက်ခြင်း၊

(၃) ဆက်သွယ်ဆောင်ရွက်သူအပေါ် တိုးမြှင့်အလေးထားစိစစ်ခြင်းကို စဉ်ဆက်မပြတ်ကျင့်သုံး၍ ယင်းစီးပွားဆက်ဆံမှုကို စောင့်ကြည့်ခြင်း။

(ခ) ပြည်တွင်းတွင် ဩဇာတိက္ကမရှိသူများ၊ အပြည်ပြည်ဆိုင်ရာတွင် ဩဇာတိက္ကမရှိသူများနှင့်စပ်လျဉ်း၍ အန္တရာယ်အဆင့်မြင့်သည်ဟု ဆုံးဖြတ်ပါက ပုဒ်မခွဲ (က) ပါ အရေးယူဆောင်ရွက်မှုများကို ကျင့်သုံးခြင်း၊

(ဂ) အသက်အာမခံပေါ်လစီများနှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူများ (Beneficiaries) နှင့် လိုအပ်ပါက အာမခံထားသူ သို့မဟုတ် အကျိုးခံစားခွင့်ရှိသူပိုင်ရှင်(Beneficial Owner) တို့သည် ဩဇာတိက္ကမရှိသူများ ဟုတ် မဟုတ် ဆုံးဖြတ်နိုင်ရေးအတွက် ကျိုးကြောင်းဆီလျော်သည့် ဆောင်ရွက်မှုများကို အနိမ့်ဆုံးအနေဖြင့် ငွေထုတ်ပေးချိန်တွင် ဆောင်ရွက်ရမည်။ အကယ်၍ ဆုံးရှုံးနိုင်ခြေအန္တရာယ်အဆင့် မြင့်မားကြောင်း တွေ့ရှိရပါက–

(၁) အသက်အာမခံ အကျိုးအမြတ်များကို ထုတ်ပေးခြင်းမပြုမီ အကြီးတန်းစီမံခန့်ခွဲသူထံ သတင်းပို့ရမည်။

(၂) အသက်အာမခံပေါ်လစီအား ပိုင်ဆိုင်သူနှင့် စီးပွားဆက်ဆံဆောင်ရွက်မှု တစ်ခုလုံးအပေါ် အလေးထားစိစစ်မှုကို တိုးမြှင့်ဆောင်ရွက်ရမည်။

(၃) ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ထံ သံသယဖြစ်ဖွယ်သတင်းပို့ချက် ပေးပို့ရမည်။

၃၁။ သတင်းပို့အဖွဲ့အစည်းသည် အောက်ပါသတင်းအချက်အလက်ဆိုင်ရာ မှတ်တမ်းများကို ထိန်းသိမ်းထားရှိရမည့်အပြင် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် အခြားအာဏာပိုင်များထံသို့ ယင်းမှတ်တမ်းများနှင့်အရေးပါသည့် သတင်းအချက်အလက်များကို ပေးပို့နိုင်စေရန် အဆင်သင့်ဆောင်ရွက်ထားရမည်ဖြစ်ပြီး ယင်းမှတ်တမ်းများသည် လွှဲပြောင်းဆောင်ရွက်မှု တစ်ခုချင်းစီကို ပြန်လည်ဆက်စပ်ဖော်ထုတ်နိုင်သည်အထိ ပြည့်စုံလုံလောက်မှု ရှိရမည်-

(က) စီးပွားဆက်ဆံဆောင်ရွက်မှု ရပ်စဲပြီးချိန် သို့မဟုတ် ရံဖန်ရံခါလွှဲပြောင်း ဆောင်ရွက်မှုကို ပြုလုပ်ပြီးချိန်မှ ငါးနှစ်အထိ ဆက်သွယ်ဆောင်ရွက်သူ သို့မဟုတ် အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်၏ ငွေစာရင်းမှတ်တမ်းများနှင့် စီးပွားရေးဆိုင်ရာစာအဆက်အသွယ်များအပါအဝင် သက်သေခံ အထောက်အထားဆိုင်ရာ စာရွက်စာတမ်းများ၊ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းမှတစ်ဆင့် ရရှိထားသော မှတ်တမ်းမှတ်ရာများ၊ စိစစ်ခြင်းမှ ရရှိသည့် စာရွက်စာတမ်းများနှင့် မည်သည့်ခွဲခြမ်းစိတ်ဖြာ စိစစ်ခြင်းမှမဆို ရရှိသည့် ရလဒ်များ၊

( ခ ) ပြည်တွင်း ပြည်ပ လွှဲပြောင်းဆောင်ရွက်ရန် အားထုတ်မှု သို့မဟုတ် လွှဲပြောင်းဆောင်ရွက်မှုကို ဆောင်ရွက်ပြီးချိန်မှ နောက်ထပ် ငါးနှစ်တာကာလအထိ လွှဲပြောင်းဆောင်ရွက်မှုများဆိုင်ရာ မှတ်တမ်းများ၊

( ဂ ) ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ သတင်းပို့တင်ပြခဲ့မှု အနည်းဆုံး ငါးနှစ်ကြာပြီဖြစ်သည့် ဤအခန်း ၉ အရ လွှဲပြောင်းဆောင်ရွက်မှု သတင်းပို့ချက် မိတ္တူများနှင့် အခြားသက်ဆိုင်သည့် စာရွက်စာတမ်းများ၊

(ဃ) ဆောင်ရွက်မှု ပြီးဆုံးချိန် သို့မဟုတ် နောက်ဆုံး မွမ်းမံပြင်ဆင်သည့်အချိန် ငါးနှစ်ကျော်လွန်သည့်အန္တရာယ် အဆင့် အကဲဖြတ်ချက်နှင့် အခြားအရေးပါသည့် သတင်းအချက်အလက်များ။

၃၂။ (က) သတင်းပို့အဖွဲ့အစည်းသည် ပုဒ်မ ၂၇၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁)၊ (၂)နှင့် (၃) တို့အရ ဖော်ပြထားသော ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ အောက်ပါအချက်များကို ဆောင်ရွက်နိုင်စွမ်းရှိသော ကြားခံပုဂ္ဂိုလ်ကို အားထား၍ ဆောင်ရွက်နိုင်သည်-

(၁) ပုဒ်မ ၂၇၊ ပုဒ်မခွဲ (ဃ) အရ လိုအပ်သည့် သတင်းအချက်အလက်များကို ချက်ချင်းရယူခြင်း၊

(၂) ပုဒ်မ ၂၇၊ ပုဒ်မခွဲ (ဃ)အရ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ လိုအပ်ချက်များနှင့်သက်ဆိုင်သည့် သက်သေခံအထောက်အထားနှင့် အခြားအထောက်အထားများ၏ မိတ္တူကိုတောင်းဆိုချက်အရ နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ဆောင်ရွက်ပေးနိုင်ခြင်း၊

(၃) အဆိုပါကြားခံပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းအပေါ် စည်းမျဉ်းစည်းကမ်းများနှင့် လိုက်နာဆောင်ရွက်ခြင်း ရှိမရှိကြပ်မတ်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း သို့မဟုတ် စောင့်ကြည့်စစ်ဆေးခြင်းများထားရှိပြီးဖြစ်ကြောင်းနှင့် ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းနှင့် မှတ်တမ်းထိန်းသိမ်းခြင်း ပြဋ္ဌာန်းချက်များအား လိုက်နာဆောင်ရွက်ရန် အရေးယူဆောင်ရွက်မှုများ ချမှတ်ထားရှိပြီးဖြစ်ကြောင်း ကျေနပ်ဖွယ်ဖြစ်သည်အထိ ဆောင်ရွက်ထားနိုင်ခြင်း။

( ခ ) ပုဒ်မခွဲ (က) တွင် ဖော်ပြထားသည့် ဆက်သွယ်ဆောင်ရွက်သူကို မည်သူမည်ဝါဖြစ်ကြောင်း ဖော်ထုတ်ခြင်းနှင့် စိစစ်အတည်ပြုခြင်းများသည် သက်ဆိုင်ရာသတင်းပို့အဖွဲ့အစည်း၏ တာဝန်သာဖြစ်သည်။

၃၃။ သတင်းပို့အဖွဲ့အစည်းသည် ဝန်ဆောင်မှုပေးသည့် နည်းလမ်းသစ်များ(new delivery mechanisms) အပါအဝင် ထုတ်ကုန်အသစ်များ (new products) နှင့် စီးပွားရေးလုပ်ငန်းအသစ် (new business practices) များအတွက်လည်းကောင်း၊ ထုတ်ကုန်အသစ်များနှင့် ရှိရင်းစွဲထုတ်ကုန်များအတွက် နည်းပညာအသစ် သို့မဟုတ် နည်းပညာအဆင့်မြှင့်တင်ခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း ယင်းတို့ကို စတင်အသုံးပြုခြင်းမပြုမီ ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် လူအများအပြား သေကျေစေသော လက်နက်များ

ပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှု ဆိုးရှုံးနိုင်ခြေအန္တရာယ်များကို ဖော်ထုတ်ခြင်းနှင့် အကဲဖြတ်ခြင်း၊ ယင်းအန္တရာယ်များကို စီမံခန့်ခွဲရန်နှင့် လျော့ပါးစေရန် သင့်လျော်သည့် ဆောင်ရွက်ခြင်းတို့ကို အကောင်အထည် ဖော်ရမည်။

၃၄။ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများသည် နယ်စပ်ဖြတ်ကျော်ဆောင်ရွက်သည့် ကိုယ်စားလှယ် ဘဏ်လုပ်ငန်းနှင့် အလားတူ အခြားဆက်ဆံဆောင်ရွက်မှုများ မပြုလုပ်မီ ပုဒ်မ ၂၇ ပြဋ္ဌာန်းချက်ပါ ဆက်သွယ် ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းများကို ပုံမှန်ပြုလုပ်ရမည့်အပြင် အောက်ပါတို့ကိုလည်း ဆောင်ရွက် ရမည်-

(က) မိမိနှင့် စီးပွားဆက်ဆံဆောင်ရွက်သော နိုင်ငံရပ်ခြားမှ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း၏ စီးပွားရေး လုပ်ငန်း သဘောသဘာဝကို နားလည်သဘောပေါက်စေရန်၊ ၎င်း၏ ဂုဏ်သတင်းနှင့် ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးခြင်းခံခဲ့ရမှု သို့မဟုတ် အရေးယူခြင်းခံခဲ့ရမှု ရှိ မရှိ ကို ဆုံးဖြတ်နိုင်ရန်အတွက် လုံလောက်မှုရှိသောသတင်းအချက်အလက် များနှင့် ကြီးကြပ်မှုအရည်အသွေးဆိုင်ရာ သတင်းအချက်အလက်များကို စုဆောင်းရယူခြင်း၊

(ခ) အဆက်အသွယ်ဘဏ်လုပ်ငန်းအသစ် မစတင်မီအကြီးတန်းစီမံခန့်ခွဲသူထံမှ ခွင့်ပြုချက်ရယူခြင်း၊

(ဂ) အဆက်အသွယ်ဘဏ်အဖွဲ့အစည်း၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ ထိန်းချုပ်ကြီးကြပ်မှုကို အကဲဖြတ်ခြင်း၊

(ဃ) အဖွဲ့အစည်းတစ်ခုချင်းစီ၏ တာဝန်ဝတ္တရားအသီးသီးကို ရှင်းလင်းစွာ နားလည်သဘောပေါက်အောင် ဆောင်ရွက်ခြင်း၊

(င) ပေးချေမှုအတွက် တစ်ဆင့်အသုံးပြုသော ဘဏ်ငွေစာရင်းနှင့်စပ်လျဉ်း၍ ဘဏ်နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများသည် လက်ခံဆောင်ရွက်သည့် ဘဏ်၏ ဆက်သွယ်ဆောင်ရွက်သူများက မိမိတို့၏ ငွေစာရင်းများကို တိုက်ရိုက်ရယူအသုံးပြုကြောင်းနှင့် အဆိုပါလက်ခံဆောင်ရွက်သည့် ဘဏ်အနေဖြင့် မိမိကတောင်းဆိုသည့်အခါ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ သတင်း အချက်အလက်များကို ပေးအပ်နိုင်စွမ်းရှိကြောင်း ကျေနပ်လက်ခံမှုရှိသည်အထိ ဆောင်ရွက်ထားရှိခြင်း။

၃၅။ (က) ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများသည် ငွေပေးချေခြင်း၊ ငွေလွှဲခြင်း သို့မဟုတ် တန်ဖိုးတူ လွှဲပြောင်းပေးပို့ချက်များနှင့် ၎င်းတို့နှင့်ဆက်စပ်မှုရှိသည့် လုပ်ငန်းများအတွက် ငွေလွှဲသူနှင့် ငွေလက်ခံသူတို့၏ အချက်အလက်များအား တိကျစွာရယူထားရမည် ဖြစ်သည်။ အဆိုပါ သတင်းအချက်အလက်များသည် ငွေပေးချေမှုကွင်းဆက် တစ်လျှောက်လုံးတွင် ယင်းငွေလွှဲခြင်း သို့မဟုတ် ဆက်စပ်မှုရှိသည့် အမှာစာများနှင့်အတူ ဆက်လက်တည်ရှိနေစေရန် သေချာအောင် ဆောင်ရွက်ထားရှိရမည်။

(ခ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ပုဒ်မ ၂၇၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၃) အရ ငွေကြေးလွှဲပြောင်း ဆောင်ရွက်ခြင်းအတွက် ထပ်လောင်းဆောင်ရွက်ရမည့် အချက်များကို ညွှန်ကြားချက် ထုတ်ပြန် ရမည်။

(ဂ) ပုဒ်မခွဲ (က)အရ ဆောင်ရွက်ရာတွင် အောက်ပါတို့နှင့်သက်ဆိုင်ခြင်း မရှိစေရ-

(၁) အရောင်းအဝယ်နှင့်သက်ဆိုင်သည့် လွှဲပြောင်းဆောင်ရွက်မှုတိုင်းနှင့်အတူ အကြွေးဝယ်ကတ်၊ မြီစားကတ် သို့မဟုတ် ကြိုတင်ငွေဖြည့်ကတ်များ၏ နံပါတ်များပါရှိရန် စီစဉ်ဆောင်ရွက်ထား သည့် ကုန်စည်နှင့် ဝန်ဆောင်မှုများကို ဝယ်ယူရန်အတွက် အကြွေးဝယ်ကတ်၊ မြီစားကတ်၊ ကြိုတင်ငွေဖြည့်ကတ် သို့မဟုတ် မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများကို အသုံးပြု၍ ဆောင်ရွက်သည့် အရောင်းအဝယ်ဆိုင်ရာ လွှဲပြောင်းဆောင်ရွက်မှု၊

(၂) ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများ ကိုယ်စားဆောင်ရွက်သည့် ကနဦးလွှဲပြောင်းသူနှင့် အကျိုးခံစားခွင့်ရှိသူပိုင်ရှင်တို့သည် ဘဏ်နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများဖြစ်ပါက ယင်း ငွေရေးကြေးရေးအဖွဲ့အစည်းများအကြား ဆောင်ရွက်သည့် လွှဲပြောင်းမှု။

(ဃ) ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၁) တွင် ဖော်ပြထားသော ခြွင်းချက်သည် ပုဂ္ဂိုလ်တစ်ဦးမှ ပုဂ္ဂိုလ်တစ်ဦး ထံသို့ အီလက်ထရောနစ်နည်းလမ်းဖြင့် ငွေကြေးလွှဲခြင်းဟု အဓိပ္ပာယ်သက်ရောက်မှုရှိသော ငွေပေးချေမှုစနစ်တစ်ရပ်အနေဖြင့် အကြွေးဝယ်ကတ်၊ မြီစားကတ် သို့မဟုတ် ကြိုတင်ငွေဖြည့် ကတ်များကို အသုံးပြုခြင်းများနှင့် သက်ဆိုင်မှု မရှိစေရ။ ထိုကဲ့သို့သော ဖြစ်စဉ်မျိုးတွင် ပုဒ်မ ၂၇၊ ပုဒ်မခွဲ (က) တွင် ပြဋ္ဌာန်းထားချက်များကို လိုက်နာကျင့်သုံးရမည်။

၃၆။ သတင်းပို့အဖွဲ့အစည်းသည်-

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ရန်နှင့် မိမိတို့၏ ငွေကြေးခဝါချမှု၊ အကြမ်း ဖက်မှုကိုငွေကြေးထောက်ပံ့မှုနှင့် လူအများအပြားသေကျေစေသည့် လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုအန္တရာယ်များကို လျော့ပါးစေရေးအတွက် ထိရောက်စွာစီမံခန့်ခွဲရန် အောက်ပါ အချက်များပါဝင်သော ဌာနတွင်း လုပ်ထုံးလုပ်နည်းများ၊ အစီအစဉ်များ၊ လုပ်ငန်းလမ်းညွှန်များနှင့် ကြီးကြပ်ထိန်းသိမ်းရန် နည်းစနစ်များကို သတ်မှတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းများ ပြုလုပ် ရမည်။ ထို့ပြင်လိုအပ်ပါက စောင့်ကြည့်စစ်ဆေးခြင်းနှင့် တိုးမြှင့်ဆောင်ရွက်ခြင်းများကို ဆောင်ရွက် ရမည်-

(၁) ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာဆောင်ရွက်ချက်များ၊ စဉ်ဆက်မပြတ် အလေးထားစိစစ်ခြင်း၊ လွှဲပြောင်းဆောင်ရွက်မှုများကို စောင့်ကြည့်စစ်ဆေးမှုများ၊ သတင်းပို့ရန် တာဝန်နှင့် မှတ်တမ်းထိန်းသိမ်းခြင်းဆိုင်ရာ တာဝန်ဝတ္တရားများ၊

(၂) ဝန်ထမ်းများ စတင်ခန့်ထားရာတွင် အသုံးပြုမည့် စိစစ်ခြင်းလုပ်ထုံးလုပ်နည်းများအပါအဝင် မိမိဝန်ထမ်းများ၏ ဂုဏ်သိက္ခာအဆင့်အတန်း မြင့်မားစေရန် ကြီးကြပ်သည့် လုပ်ထုံးလုပ်နည်း များနှင့် ယင်းဝန်ထမ်းများ၏ ကိုယ်ရေးအချက်အလက်များ၊ အလုပ်တာဝန်ထမ်းဆောင်မှုများနှင့် ငွေရေးကြေးရေး နောက်ခံသမိုင်းကြောင်းတို့ကို အကဲဖြတ်ရန် နည်းစနစ်များ၊

(၃) မိမိနှင့်ဆက်သွယ်ဆောင်ရွက်သူကိုသိရှိခြင်း၊ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အထူးတာဝန်ဝတ္တရားများနှင့် အခန်း ၉ ပါ သတင်းပို့ရန်လိုအပ်သည့် လွှဲပြောင်းဆောင်ရွက်မှုများကို သိရှိခြင်းတို့နှင့်စပ်လျဉ်း၍ ဝန်ထမ်းများကအကူအညီပေးနိုင်ရန် စဉ်ဆက်မပြတ် လေ့ကျင့်ရေးအစီအစဉ်များ၊

(၄) ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးမှုနှင့် အရေးယူ ဆောင်ရွက်မှုများ၏ ထိရောက်မှုကိုစစ်ဆေးရန် လွတ်လပ်သော စစ်ဆေးရေးလုပ်ငန်းစဉ်များ။

( ခ ) အကြီးတန်းစီမံခန့်ခွဲမှုအဆင့်ရှိသော အကောင်အထည်ဖော်ဆောင်ရွက်ရေးအရာရှိတစ်ဦးအား ခန့်အပ် ထားရှိရမည်။

( ဂ ) ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) အရ အကောင်အထည်ဖော်ဆောင်ရွက်ရန် သတ်မှတ်ရာတွင် ငွေကြေးခဝါချမှု နှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုအန္တရာယ်နှင့်တကွ စီးပွားရေးလုပ်ငန်းများ၏ ပမာဏ၊ ဆက်သွယ်ဆောင်ရွက်သူများ၊ လွှဲပြောင်းဆောင်ရွက်မှုများ၊ ထုတ်ကုန်များ၊ ဝန်ဆောင်မှုများ၊ ဝန်ဆောင်မှု ပေးသည့် နည်းလမ်းများနှင့် အတိုင်းအတာ၊ အဆိုပါ စီးပွားရေးလုပ်ငန်းများနှင့် သက်ဆိုင်သည့်နိုင်ငံ များနှင့် ပထဝီဝင်အနေအထား စသည့်အချက်များကို ထည့်သွင်းသုံးသပ်ရမည်။ ငွေလွှဲပေးပို့သူနှင့် အကျိုးခံစားခွင့်ရှိသူ၏ သတင်းအချက်အလက်များ ပြည့်စုံစွာဖော်ပြထားခြင်းမရှိသည့် ငွေပေးချေမှု များနှင့် တန်ဖိုးတူလွှဲပြောင်းပေးပို့မှုများနှင့်စပ်လျဉ်း၍ စဉ်ဆက်မပြတ် ကြပ်မတ်ကွပ်ကဲရမည့်အပြင် သင့်လျော်သည့် အရေးယူဆောင်ရွက်မှုများလည်း ဆောင်ရွက်ရမည်။

(ဃ) အောက်ပါလုပ်ငန်းစဉ်များကို တိကျစွာလိုက်နာ ဆောင်ရွက်ရမည်–

(၁) သတ်မှတ်ထားသည့် ဌာနတွင်းလုပ်ထုံးလုပ်နည်းများ၊ အစီအစဉ်များ၊ လုပ်ငန်းလမ်းညွှန်များနှင့် ကြီးကြပ်ထိန်းသိမ်းရန် နည်းစနစ်များကို နိုင်ငံရပ်ခြားလုပ်ငန်းခွဲများနှင့် အများစုပိုင်ဆိုင်မှုရှိသည့် လက်အောက်ခံလုပ်ငန်းခွဲများအပါအဝင် လုပ်ငန်းအုပ်စုအလိုက် ကျယ်ပြန့်စွာ လိုက်နာကျင့်သုံးစေခြင်း၊

(၂) ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာလုပ်ငန်းစဉ်အား ဆောင်ရွက်ခြင်းနှင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှု အန္တရာယ်စီမံခန့်ခွဲခြင်းတို့ကို ဆောင်ရွက်ရန် သတင်းအချက်အလက်ဖလှယ်မှု လုံခြုံရေးနှင့် အသုံးပြုရေး လုပ်ထုံးလုပ်နည်းများအပါအဝင် ဘဏ္ဍာရေးအုပ်စုတစ်ခုအတွင်း သတင်းအချက်အလက်ဖလှယ်ခြင်း လုပ်ထုံးလုပ်နည်းများထားရှိစေခြင်း။

၃၇။ သတင်းပို့အဖွဲ့အစည်းသည် ပုဒ်မ ၃၆၊ ပုဒ်မခွဲ (ခ) အရ ခန့်အပ်ထားသည့် အရာရှိအား အောက်ပါလုပ်ပိုင်ခွင့်များ အပ်နှင်းရမည်–

(က) လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်လိုအပ်သော စာရွက်စာတမ်းအထောက်အထားများ၊ မှတ်တမ်းများ၊ မှတ်ပုံတင်များနှင့် ငွေစာရင်းများကို ရယူပိုင်ခွင့်၊

(ခ) သတင်းပို့အဖွဲ့အစည်း၏ မည်သည့်ဝန်ထမ်းထံမှမဆို မည်သည့်သတင်းအချက်အလက်၊ အကြောင်းကြားစာ၊ ရှင်းလင်းချက် သို့မဟုတ် စာရွက်စာတမ်းအထောက်အထားများကိုမဆို တောင်းခံပိုင်ခွင့်နှင့် ရယူပိုင်ခွင့်။

၃၈။ သတင်းပို့အဖွဲ့အစည်းသည် ငွေကြေး သို့မဟုတ် ပစ္စည်းလွှဲပြောင်းဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော တန်ဖိုးပမာဏ သို့မဟုတ် ယင်းတန်ဖိုးပမာဏထက်ကျော်လွန်လျှင် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ထံ ချက်ချင်းသတင်းပို့ရမည်။

၃၉။ သတင်းပို့အဖွဲ့အစည်းသည် မည်သည့် လွှဲပြောင်းဆောင်ရွက်မှု၊ ငွေကြေး သို့မဟုတ် ပစ္စည်းမဆို ပြစ်မှုကျူးလွန်ရာမှရရှိသည့် အကျိုးအမြတ်များဖြစ်သည် သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု သို့မဟုတ် အကြမ်းဖက်လုပ်ရပ် သို့မဟုတ် အကြမ်းဖက်အုပ်စု သို့မဟုတ် အကြမ်းဖက်အဖွဲ့အစည်း သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့သူတို့နှင့် ဆက်နွှယ်ပတ်သက်သည် သို့မဟုတ် ချိတ်ဆက်မှုရှိသည် သို့မဟုတ် ယင်းတို့အတွက် အသုံးပြုရန်ရှိသည်ဟု သံသယဖြစ်လျှင် သို့မဟုတ် သံသယဖြစ်ရန် ကျိုးကြောင်းခိုင်လုံသည့် အကြောင်းရင်းခံများရှိလျှင် သံသယဖြစ်မှုကိုတင်ပြရန် အစီရင်ခံစာကိုပြုစုပြီးနောက် သံသယဖြစ်ဖွယ် လွှဲပြောင်းဆောင်ရွက်မှု အစီရင်ခံစာကို ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ ယင်းအဖွဲ့က သတ်မှတ်သည့်ပုံစံနှင့် နည်းလမ်းများနှင့်အညီ ချက်ချင်းတင်ပြရမည်။ အဆိုပါပြဋ္ဌာန်းချက်သည် ဆောင်ရွက်ပြီးဖြစ်သည့် လွှဲပြောင်းဆောင်ရွက်မှုများနှင့် လွှဲပြောင်းဆောင်ရွက်ရန် အားထုတ်မှုနှစ်ရပ်လုံးနှင့် သက်ဆိုင်စေရမည့်အပြင် အဆိုပါလွှဲပြောင်းဆောင်ရွက်မှုတွင်ပါဝင်သည့် တန်ဖိုးပမာဏကို ထည့်သွင်းစဉ်းစားခြင်း မပြုရ။

၄၀။ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများသည် သတ်မှတ်ထားသော တန်ဖိုးပမာဏ သို့မဟုတ် ယင်းတန်ဖိုးပမာဏထက်ကျော်လွန်သည့် ငွေကြေးလွှဲပြောင်းဆောင်ရွက်မှုကို တစ်ကြိမ်တည်းဆောင်ရွက်သည်ဖြစ်စေ၊ ဆက်နွှယ်မှုရှိသည်ဟု ယူဆရသည့် လွှဲပြောင်းမှုအမြောက်အမြားကို အကြိမ်ကြိမ်ဆောင်ရွက်သည်ဖြစ်စေ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ သတင်းပို့ရမည်။

၄၁။ ရှေ့နေ၊ နိုတြီပဗ္ဗလစ်များနှင့် ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများသည် မိမိတို့နှင့် ဆက်သွယ်ဆောင်ရွက်သူများနှင့်ပတ်သက်၍ တရားစွဲဆိုခြင်း သို့မဟုတ် တရားစွဲဆိုမှုကို ရှောင်ရှားခြင်းဆိုင်ရာ အကြံပေးခြင်းအပါအဝင် ဥပဒေရေးရာရပ်တည်ချက်ကို ဆုံးဖြတ်သည့် ကိစ္စရပ်များဆိုင်ရာ အချက်အလက်များကို သတင်းပို့ရန် တာဝန်မရှိစေရ။

၄၂။ ရှေ့နေ၊ နိုတြီပဗ္ဗလစ်နှင့် ဥပဒေဖြင့်အသက်မွေးဝမ်းကျောင်းပြုသူများ၊ စာရင်းကိုင်များသည် ငွေကြေးလွှဲပြောင်း ဆောင်ရွက်မှုများကို မိမိတို့ ဆက်သွယ်ဆောင်ရွက်သူအတွက် သို့မဟုတ် ယင်း၏ကိုယ်စားဆောင်ရွက်သည့်အခါ ပုဒ်မ ၄၀ တွင် ဖော်ပြထားသည့် သတင်းအချက်အလက်များ၊ ဆက်သွယ်ဆောင်ရွက်သူထံမှ လက်ခံရရှိခြင်းမဟုတ်သည့် သံသယဖြစ်စေသော သို့မဟုတ် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့က တောင်းဆိုသော အခြားသတင်းအချက်အလက်များကို တင်ပြရမည်။

## အခန်း (၁၀)
## ကြီးကြပ်ဆောင်ရွက်ခြင်း

၄၃။ ကြီးကြပ်ရေးအာဏာပိုင်သည်-

(က) သတင်းပို့အဖွဲ့အစည်းက ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် လူအများအပြားသေကျေစေသည့် လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းများအား မပျက်မကွက် တိကျစွာလိုက်နာဆောင်ရွက်စေရန် ထိန်းသိမ်းကြီးကြပ်ရမည်။

(ခ) သတင်းပို့အဖွဲ့အစည်းတစ်ခုတွင် အရေးပါသော သို့မဟုတ် ထိန်းချုပ်နိုင်သော အခန်းကဏ္ဍကို ပိုင်ဆိုင်ခြင်း သို့မဟုတ် အုပ်ချုပ်မှုတာဝန်ထမ်းဆောင်ခြင်း သို့မဟုတ် အကျိုးခံစားခွင့်ရှိသူပိုင်ရှင်အဖြစ်ပြစ်မှုကျူးလွန်သူများ သို့မဟုတ် ၎င်းတို့နှင့်ဆက်နွယ်သူများ ပါဝင်ဆောင်ရွက်မှုမရှိစေရေးအတွက် လိုအပ်သည့် စည်းကမ်းသတ်မှတ်ချက်များချမှတ်ရမည်။

(ဂ) အန္တရာယ်အခြေပြုချဉ်းကပ်မှုဖြင့် ကြီးကြပ်မှုကိုဆောင်ရွက်ရန် လုပ်ငန်းခွင်ပြင်ပ စစ်ဆေးခြင်းနှင့် လုပ်ငန်းခွင်အတွင်း သွားရောက်စစ်ဆေးခြင်း၊ အဖွဲ့လိုက်အကောင်အထည်ဖော်ဆောင်မှုအပေါ် အခြေပြု၍ လုပ်ငန်းခွင်သို့သွားရောက်စစ်ဆေးခြင်း ဆောင်ရွက်ရမည်။

(ဃ) သတင်းပို့အဖွဲ့အစည်းထံမှ သတင်းအချက်အလက်များနှင့် အခြားသောအချက်အလက်များကို ရယူစုဆောင်းခြင်းနှင့် စာရွက်စာတမ်းများ တောင်းယူစစ်ဆေးခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

(င) ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် လူအများအပြား သေကျေစေသည့် လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းများအား ကြီးကြပ်ရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအပြင် နိုင်ငံတကာစံသတ်မှတ်ချက်များကိုပါထည့်သွင်း၍ လိုက်နာစေရန် ဆောင်ရွက်ရမည်။

(စ) သတင်းပို့အဖွဲ့အစည်းအတွက် သတင်းပို့ရန် ငွေကြေးနှင့်ပစ္စည်း တန်ဖိုးပမာဏအား ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့်ညှိနှိုင်း၍ ဗဟိုအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းအတွက် တန်ဖိုးပမာဏသတ်မှတ်ခြင်း ဆောင်ရွက်ရမည်။

(ဆ) ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် လူအများအပြားသေကျေစေသည့် လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းများအား လိုက်နာဆောင်ရွက်ရန်ပျက်ကွက်သော သို့မဟုတ် ချိုးဖောက်သော သတင်းပို့အဖွဲ့အစည်းကို စီမံခန့်ခွဲမှုအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ၊ ရာဇဝတ်ကြောင်းအရဖြစ်စေ အရေးယူဆောင်ရွက်မှု အစီအစဉ်များချမှတ်၍ ကျင့်သုံးဆောင်ရွက်ရမည်။

(ဇ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှု သို့မဟုတ် ငွေကြေးခဝါချမှုနှင့်သက်ဆိုင်သော ပြစ်မှုများ စုံစမ်းစစ်ဆေးခြင်း၌ဖြစ်စေ၊ တရားစွဲဆို တင်ပို့ခြင်း၌ဖြစ်စေ အခြားသောပြည်တွင်း သို့မဟုတ် ပြည်ပအာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ သတင်းအချက်အလက်ဖလှယ်ခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

(ဈ) သတင်းပို့အဖွဲ့အစည်း၏ ပြည်ပလုပ်ငန်းခွဲများကဖြစ်စေ၊ ယင်းတို့က အများစုပိုင်ဆိုင်မှုရှိသည့် လက်အောက်ခံကုမ္ပဏီခွဲများကဖြစ်စေ ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်သော်လည်းကောင်း၊ တည်ဆဲပြည်တွင်းဥပဒေနှင့် စည်းမျဉ်းများနှင့်သော်လည်းကောင်း ညီညွတ်သည့် အရေးယူဆောင်ရွက်မှုများကို ပြဋ္ဌာန်းသတ်မှတ်ခြင်းနှင့် ယင်းသတ်မှတ်ချက်အတိုင်း ကျင့်သုံးဆောင်ရွက်ခြင်း ရှိ မရှိ ကို စိစစ်နိုင်သည်။

(ည) လုပ်ငန်းခွင်ပြင်ပ စစ်ဆေးခြင်း၊ လုပ်ငန်းခွင်အတွင်း သွားရောက်စစ်ဆေးခြင်း သို့မဟုတ် အဖွဲ့လိုက်အကောင်အထည်ဖော်ဆောင်မှုအပေါ်အခြေပြု၍ လုပ်ငန်းခွင်သို့ သွားရောက်စစ်ဆေးခြင်းဆောင်ရွက်သည့်အချိန်တွင် ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့်ဆက်စပ်နိုင်သော မည်သည့်လွှဲပြောင်းဆောင်ရွက်မှုနှင့် အချက်အလက်များကိုမဆို ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ ချက်ချင်းသတင်းပို့ရမည်။

(ဋ) သတင်းပို့အဖွဲ့အစည်းတွင် တည်ဆဲဥပဒေများအရ ယင်းတို့နှင့် ကိုက်ညီသင့်လျော်မှုရှိသော သတ်မှတ်ပြဋ္ဌာန်းချက်များမရှိပါက အဆိုပါအဖွဲ့အစည်းများ၏ အုပ်ချုပ်မှုစီမံခန့်ခွဲမှုလုပ်ငန်းလည်ပတ်ဆောင်ရွက်မှုများတွင် တိုက်ရိုက်ဖြစ်စေ သို့မဟုတ် သွယ်ဝိုက်၍ဖြစ်စေ ပိုင်ဆိုင်ခြင်း၊ ထိန်းချုပ်ခြင်း သို့မဟုတ် ပါဝင်ခြင်းအတွက် ကိုက်ညီသင့်လျော်မှုရှိသည့် စံနှုန်းသတ်မှတ်ချက်များထားရှိပြီး ကျင့်သုံးဆောင်ရွက်စေနိုင်သည်။

(ဌ) သတင်းပို့အဖွဲ့အစည်း၏လုပ်ငန်းကို ဆိုင်းငံ့ခြင်း၊ ကန့်သတ်ခြင်း၊ လိုင်စင်ရုပ်သိမ်းခြင်း သို့မဟုတ် တားမြစ်ခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

(ဍ) ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် လူအများအပြားသေကျေစေသည့်လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်း ဆောင်ရွက်ချက်များနှင့်သက်ဆိုင်သည့် စာရင်းဇယားများကို ထိန်းသိမ်းထားရှိရမည်။

(ဎ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ သတ်မှတ်ချက်များကိုလိုက်နာဆောင်ရွက်ရေးအတွက် အဖွဲ့လိုက်အကောင်အထည်ဖော်မှုဆိုင်ရာ ချဉ်းကပ်ဆောင်ရွက်မှုအနေဖြင့် ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ ရုံးချုပ်၊ ရုံးခွဲများ၊ ပိုင်ဆိုင်မှုအများစုရှိသည့်လက်အောက်ခံ လုပ်ငန်းခွဲများအကြား ညှိနှိုင်းဆောင်ရွက်မှုနှင့် ကြီးကြပ်မှုပြုရမည်။

၄၄။ ကြီးကြပ်ရေးအာဏာပိုင်သည် ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် လူအများအပြားသေကျေစေသည့် လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းများကိုလိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့် သို့မဟုတ် ချိုးဖောက်သည့် သတင်းပို့အဖွဲ့အစည်း သို့မဟုတ် ယင်းအဖွဲ့အစည်း၏ ဒါရိုက်တာများ၊ ဒါရိုက်တာအဖွဲ့ဝင်များ၊ အမှုဆောင်အရာရှိများ သို့မဟုတ် ကြီးကြပ်စီမံခန့်ခွဲသူများအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်-

(က) စာဖြင့်ရေးသား သတိပေးခြင်း၊

(ခ) သီးခြားညွှန်ကြားချက်ဖြင့် ကန့်သတ်ခြင်း၊

(ဂ) ဖော်ထုတ်သိရှိသည့်ချိုးဖောက်မှုကို အရေးယူဆောင်ရွက်ချက်နှင့်စပ်လျဉ်း၍ သတ်မှတ်ချက်နှင့်အညီအစီရင်ခံစာများ တင်ပြစေခြင်း၊

(ဃ) ချိုးဖောက်မှု အတိုင်းအတာအရ ဒဏ်ကြေးအနည်းဆုံး ကျပ်တစ်သန်းမှ အများဆုံး ကျပ်သန်းတစ်ရာအထိချမှတ်ခြင်း၊

(င) ကာလသတ်မှတ်၍ ဆိုင်းငံ့သည့်အမိန့်၊ ရုပ်သိမ်းသည့်အမိန့် သို့မဟုတ် ပယ်ဖျက်သည့်အမိန့်ချမှတ်နိုင်သည့်အပြင် စီမံခန့်ခွဲခြင်းနည်းလမ်းအရ သင့်လျော်သည့် အရေးယူဆောင်ရွက်မှုများ ပြုလုပ်သည့်အမိန့်ချမှတ်ခြင်း။

၄၅။ ကြီးကြပ်ရေးအာဏာပိုင်သည် သတင်းပို့အဖွဲ့အစည်း၏ ပျက်ကွက်သည့် သို့မဟုတ် ချိုးဖောက်သည့်အတိုင်းအတာအပေါ်မူတည်၍ အချိုးညီထိရောက်ဟန့်တားမှုရှိစေရန် ရာဇဝတ်ကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ အရေးယူဆောင်ရွက်ရန် လိုအပ်ပါက ဗဟိုအဖွဲ့သို့တင်ပြရမည်။

၄၆။ ကြီးကြပ်ရေးအာဏာပိုင်သည် ပုဒ်မ ၄၄ အရ အရေးယူဆောင်ရွက်မှုကို ဗဟိုအဖွဲ့သို့သတင်းပို့ရမည်။

## အခန်း (၁၁)

## ငွေကြေး သို့မဟုတ် ကိုင်ဆောင်သူ လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများအား နိုင်ငံဖြတ်ကျော် သယ်ယူပို့ဆောင်မှု

၄၇။ အကောက်ခွန်ဦးစီးဌာနသည် ငွေကြေး၊ ကိုင်ဆောင်သူလွှဲပြောင်းနိုင်သော စာချုပ်စာတမ်း၊ အဖိုးတန်ကျောက်မျက်ရတနာ သို့မဟုတ် သတ္တုများကို ပြည်တွင်းသို့ဝင်ရောက်သူ သို့မဟုတ် ပြည်ပသို့ ထွက်ခွာသူက ၎င်း၏လက်ဝယ်၌ဖြစ်စေ၊ ဝန်စည်စလယ်၌ဖြစ်စေ သယ်ယူလာလျှင်သော်လည်းကောင်း၊ ပြည်တွင်း သို့မဟုတ် ပြည်ပသို့ ယာဉ်တစ်မျိုးမျိုးဖြင့်ဖြစ်စေ၊ ချောစာပို့ဆောင်သည့် နည်းလမ်းဖြင့်ဖြစ်စေ သယ်ယူပို့ဆောင်ရန် စီစဉ်ဆောင်ရွက်လျှင်သော်လည်းကောင်း တရားဝင်ကြေညာရမည့် တန်ဖိုးပမာဏကို ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့နှင့်ညှိနှိုင်း၍ ဗဟိုအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ရမည်။

၄၈။ သတ်မှတ်ထားသော တန်ဖိုးပမာဏ သို့မဟုတ် ယင်းထက်ကျော်လွန်သည့် ငွေကြေး၊ ကိုင်ဆောင်သူလွှဲပြောင်းနိုင်သော စာချုပ်စာတမ်း၊ အဖိုးတန်ကျောက်မျက်ရတနာ သို့မဟုတ် သတ္တုများကို ပြည်တွင်းသို့ ဝင်ရောက်သူ သို့မဟုတ် ပြည်ပသို့ထွက်ခွာသူက ၎င်း၏လက်ဝယ်၌ဖြစ်စေ၊ ဝန်စည်စလယ်၌ဖြစ်စေ သယ်ယူလာလျှင်သော်လည်းကောင်း၊ ပြည်တွင်း သို့မဟုတ် ပြည်ပသို့ ယာဉ်တစ်မျိုးမျိုးဖြင့်ဖြစ်စေ၊ ချောစာပို့ဆောင်သည့် နည်းလမ်းဖြင့်ဖြစ်စေ သယ်ယူပို့ဆောင်ရန် စီစဉ်ဆောင်ရွက်လျှင်သော်လည်းကောင်း အကောက်ခွန်ဦးစီးဌာနသို့ တရားဝင်ကြေညာရမည်။

၄၉။ အကောက်ခွန်ဦးစီးဌာနသည်-

(က) ပုဒ်မ ၄၈ နှင့်အညီ ကြေညာရန်ပျက်ကွက်သည့် သို့မဟုတ် လိမ်လည်ကြေညာသည့် ငွေကြေး၊ ကိုင်ဆောင်သူလွှဲပြောင်းနိုင်သော စာချုပ်စာတမ်း၊ အဖိုးတန်ကျောက်မျက်ရတနာ သို့မဟုတ် သတ္တုများကို သိမ်းဆည်းရမည်။

(ခ) ငွေကြေးခဝါချမှု သို့မဟုတ် ငွေကြေးခဝါချမှုနှင့်သက်ဆိုင်သော ပြစ်မှုများနှင့် ဆက်နွယ်ပတ်သက်သည်ဟု သံသယရှိသော ကိစ္စရပ်များတွင် ဤဥပဒေနှင့်အညီ စုံစမ်းစစ်ဆေးရမည်။

၅၀။ အကောက်ခွန်ဦးစီးဌာနသည် ဤအခန်းပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အောက်ပါအတိုင်း လုပ်ပိုင်ခွင့်ရှိသည်-

(က) ပုဂ္ဂိုလ်များ၊ ယင်းတို့၏ ဝန်စည်စလယ်များ၊ ယင်းတို့၏ သယ်ယူပို့ဆောင်မှုနှင့် ချောစာပေးပို့မှု နည်းလမ်းများ သို့မဟုတ် ကုန်သေတ္တာများအပေါ် ထိန်းချုပ်မှုများ ဆောင်ရွက်ခြင်း၊

(ခ) လိမ်လည်ကြေညာခြင်း သို့မဟုတ် ကြေညာရန်ပျက်ကွက်ခြင်းများကို တွေ့ရှိလျှင်ဖြစ်စေ၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု သို့မဟုတ် ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်နှင့်သံသယရှိလျှင်ဖြစ်စေ ပုဒ်မခွဲ (က) ပါပုဂ္ဂိုလ်များထံမှ အဆိုပါငွေကြေး၊ ကိုင်ဆောင်သူလွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ၊ အဖိုးတန်သတ္တုနှင့် ကျောက်မျက်ရတနာများ၏ ပိုင်ဆိုင်မှုမူလဇာစ်မြစ်နှင့်သက်ဆိုင်သည့် သတင်းအချက်အလက်အသစ်များ၊ ထပ်မံလိုအပ်သော သတင်းအချက်အလက်များကို တောင်းခံခြင်း၊ ရယူခြင်းနှင့် ယင်းတို့ကို အသုံးပြုမည့် ရည်ရွယ်ချက်များကို မေးမြန်းခြင်း။'

၅၁။ အကောက်ခွန်ဦးစီးဌာနသည် ဤဥပဒေ ပြဋ္ဌာန်းချက်များအရရရှိသည့် သတင်းအချက်အလက်များကို ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ ပေးပို့ရမည်။ ထို့အပြင် သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းနှင့် သတင်းဖလှယ်နိုင်သည်။

၅၂။ အကောက်ခွန်ဦးစီးဌာနသည် ထုတ်ဖော်ကြေညာချက်မှတ်တမ်း၊ ယင်းနှင့်သက်ဆိုင်သော စစ်ဆေးခြင်းနှင့် သိမ်းဆည်းခြင်းဆိုင်ရာမှတ်တမ်းများနှင့် အခြားဆက်စပ်ဆောင်ရွက်ချက် မှတ်တမ်းများကို အနည်းဆုံး ငါးနှစ်အထိ ပြည့်စုံစွာ ထိန်းသိမ်းထားရှိရမည်။ သက်ဆိုင်ရာအာဏာပိုင်များမှ တောင်းခံပါက အဆိုပါမှတ်တမ်းများကို ပေးအပ်ရမည်။

## အခန်း (၁၂)
## တားမြစ်ချက်များ

၅၃။ (က) မည်သူမျှ နိုင်ငံတော်အတွင်း သဏ္ဍာန်ဆောင်ဘဏ်လုပ်ငန်း ဆောင်ရွက်ခြင်း မပြုရ။

( ခ ) မည်သည့်ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းမျှသဏ္ဍာန်ဆောင်ဘဏ်သို့မဟုတ်သဏ္ဍာန်ဆောင်ဘဏ်အား ဝန်ဆောင်မှုပေးသည့် ဘဏ်၊ မိမိ၏ ငွေစာရင်းများကို သဏ္ဍာန်ဆောင်ဘဏ်အား အသုံးပြုရန် ခွင့်ပြုထားသည့် အဆက်အသွယ်ဘဏ် သို့မဟုတ် အခြားငွေရေးကြေးရေး အဖွဲ့အစည်းနှင့် စီးပွားဆက်ဆံဆောင်ရွက်မှု စတင်ခြင်း သို့မဟုတ် ဆက်လက်ဆောင်ရွက်ခြင်း မပြုရ။

၅၄။ သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်း သို့မဟုတ် သတင်းပို့အဖွဲ့အစည်းမှ တာဝန်ရှိသူ မည်သူမျှ ပုဒ်မ ၃၈၊ ၃၉၊ ၄၀ တို့အရ သတင်းပို့ချက် သို့မဟုတ် ဆက်နွယ်သည့် သတင်းအချက်အလက်နှင့် ဆောင်ရွက်ချက် တစ်စုံတစ်ရာကို မိမိတို့ဝန်ထမ်းအချင်းချင်းနှင့် ဥပဒေအကျိုးဆောင်များအကြားမှတစ်ပါး အခြားမည်သူ့ကိုမျှ ထုတ်ဖော်ပြောကြားခြင်း မပြုရ။

ခြွင်းချက်။ သို့ရာတွင် ဤပြဋ္ဌာန်းချက်သည် ဤဥပဒေအရဖြစ်စေ၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရဖြစ်စေ ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ တာဝန်အရ ထုတ်ဖော်ပြောကြားချက်များနှင့်သက်ဆိုင်ခြင်း မရှိစေရ။

၅၅။ ဤဥပဒေအရ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမှအပ မည်သူမျှသံသယဖြစ်ဖွယ် လွှဲပြောင်းဆောင်ရွက်မှု သတင်းပို့ချက်တစ်ရပ်ကိုပြုစုခဲ့သည့် သို့မဟုတ် ကိုင်တွယ်ဆောင်ရွက်ခဲ့သည့် လူပုဂ္ဂိုလ်ကို ဖော်ထုတ်နိုင်သော သို့မဟုတ် ဖော်ထုတ်နိုင်ဖွယ်ရှိသော မည်သည့်သတင်းအချက်အလက်ကိုမဆို ထုတ်ဖော်ပြောကြားခြင်း မပြုရ။

၅၆။ မည်သူမျှ သံသယဖြစ်ဖွယ် လွှဲပြောင်းဆောင်ရွက်မှုသတင်းပို့ချက် သို့မဟုတ် အဆိုပါသတင်းပို့ချက်တွင်ပါဝင်သည့်သတင်းအချက်အလက်တစ်စုံတစ်ရာကို တရားရုံးက ထုတ်ဖော်ပြောကြားရန် သီးခြားခွင့်ပြုချက် မရှိလျှင် ထုတ်ဖော်ပြောကြားခြင်း မပြုရ။

၅၇။ ကြီးကြပ်ရေးအာဏာပိုင်ထံမှ ခွင့်ပြုထုတ်ပေးသည့် လိုင်စင် သို့မဟုတ် မှတ်ပုံတင်လက်မှတ် ကိုင်ဆောင်၍ ဆောင်ရွက်သည့် ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းလုပ်ငန်းများ၊ သတ်မှတ်ထားသည့် ငွေရေးကြေးရေးအဖွဲ့အစည်းမဟုတ်သော အခြားစီးပွားရေးလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းကို လုပ်ကိုင်သည့် မည်သည့် လူပုဂ္ဂိုလ်၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းမျှ ကြီးကြပ်ရေးအာဏာပိုင်ထံ ကြိုတင်တင်ပြခြင်းမရှိဘဲ ပုဒ်မ ၃၊ ပုဒ်မခွဲ(ဆ)ပါလုပ်ငန်းတစ်ခုခုကို ဆောင်ရွက်ခြင်း မပြုရ။

## အခန်း (၁၃)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၅၈။ မည်သူမဆို ငွေကြေးခဝါချမှုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး ငါးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သန်း ငါးဆယ်မှ အများဆုံး ကျပ်သန်း တစ်ရာအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို အနည်းဆုံး ကျပ်သန်း နှစ်ရာမှ အများဆုံး ကျပ်သန်း ငါးရာအထိ ငွေဒဏ်ဖြစ်စေ ချမှတ်ရမည်။ အကျိုးခံစားခွင့်ရှိသူပိုင်ရှင်အား အနည်းဆုံး ခြောက်လမှ အများဆုံး နှစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သန်း တစ်ရာမှ အများဆုံး ကျပ်သန်း သုံးရာအထိ ငွေဒဏ်ဖြစ်စေ ချမှတ်ရမည်။

၅၉။ (က) ငွေကြေးခဝါချမှုကို အားပေးကူညီသည့်ပြစ်မှုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရသူသည် ငွေကြေးခဝါချမှုအတွက် သတ်မှတ်ထားသော ပြစ်ဒဏ်အတိုင်း ကျခံစေရမည်။

(ခ) ငွေကြေးခဝါချမှုကို ကျူးလွန်ရန် အားထုတ်ရာတွင် ငွေကြေးခဝါချမှုကျူးလွန်ခြင်းကိုရှေးရှုသော ပြုလုပ်မှုတစ်ခုကို ပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေကြေးခဝါချမှု အတွက် ပြဋ္ဌာန်းထားသော အများဆုံး ထောင်ဒဏ်ကာလအပိုင်းအခြား၏ ထက်ဝက်အထိ ဖြစ်စေ၊ ထိုပြစ်မှုအတွက် ပြဋ္ဌာန်းထားသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၀။ ဘဏ်မှ တာဝန်ရှိသူ မည်သူမဆို ပုဒ်မ ၂၅၊ ၂၆၊ ၂၇၊ ၂၈၊ ၂၉၊ ၃၀၊ ၃၁၊ ၃၂(ခ)၊ ၃၃၊ ၃၄၊ ၃၅၊ ၃၆၊ ၃၇၊ ၄၀ သို့မဟုတ် ပုဒ်မ ၅၃ (ခ) တို့ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး တစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သန်း နှစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ဘဏ်အား ကျပ်သန်း ငါးရာထက် မပိုသော ငွေဒဏ်ချမှတ်ရမည်။

၆၁။ ငွေရေးကြေးရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူ မည်သူမဆို ပုဒ်မ ၂၅၊ ၂၆၊ ၂၇၊ ၂၈၊ ၂၉၊ ၃၀၊ ၃၁၊ ၃၂ (ခ)၊ ၃၃၊ ၃၄၊ ၃၅၊ ၃၆၊ ၃၇၊ ၄၀ သို့မဟုတ် ၅၃ (ခ) တို့ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ် ခြောက်လမှ အများဆုံးထောင်ဒဏ် တစ်နှစ် အထိဖြစ်စေ၊ ကျပ်သန်း တစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ငွေရေး ကြေးရေးအဖွဲ့အစည်းအား ကျပ်သန်း သုံးရာထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၆၂။ သတ်မှတ်ထားသည့် ငွေရေးကြေးရေးအဖွဲ့အစည်းမဟုတ်သော အခြားစီးပွားရေးလုပ်ငန်းနှင့် အသက် မွေးဝမ်းကျောင်းလုပ်ငန်း(Designated Non–Financial Businesses and Professions– DNFBPs) ကို လုပ်ကိုင်သည့် လူပုဂ္ဂိုလ်နှင့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းများမှ တာဝန်ရှိသူ မည်သူမဆို ပုဒ်မ ၂၅၊ ၂၆၊၂၇၊ ၂၈၊ ၂၉၊ ၃၀၊ ၃၁၊ ၃၂ (ခ)၊ ၃၃၊ ၃၄၊ ၃၅၊ ၃၆၊ ၃၇ တို့ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ် ခြောက်လမှ အများဆုံးထောင်ဒဏ် တစ်နှစ် အထိဖြစ်စေ၊ ကျပ်သန်း တစ်ရာထက် မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ သတ်မှတ် ထားသည့် ငွေရေးကြေးရေးအဖွဲ့အစည်း မဟုတ်သော အခြားစီးပွားရေးလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို လုပ်ကိုင်သည့် လူပုဂ္ဂိုလ်၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းအား ကျပ်သန်း နှစ်ရာထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၆၃။ (က) မည်သူမဆို ပုဒ်မ ၅၃၊ ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မ ၅၇ ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ် ခြောက်လမှ အများဆုံးထောင်ဒဏ် နှစ်နှစ်အထိဖြစ်စေ၊ ကျပ်သန်း သုံးရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ကျပ်သန်း ငါးရာထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

(ခ) ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းမှ တာဝန်ရှိသူမည်သူမဆို ပုဒ်မ ၅၃၊ ပုဒ်မခွဲ (ခ) ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ခြောက်လမှ အများဆုံးထောင်ဒဏ် တစ်နှစ်အထိဖြစ်စေ၊ ကျပ်သန်း သုံးရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ဘဏ် သို့မဟုတ် ငွေရေးကြေးရေး အဖွဲ့အစည်းအား ကျပ်သန်း ငါးရာထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၆၄။ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းမှ တာဝန်ရှိသူ မည်သူမဆို ပုဒ်မ ၄၀ အရ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ သတင်းပေးပို့ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက ထိုသူကို

အနည်းဆုံး ထောင်ဒဏ်ခြောက်လမှ အများဆုံးထောင်ဒဏ် နှစ်နှစ်အထိဖြစ်စေ၊ အနည်းဆုံးငွေဒဏ် ကျပ်သိန်း ငါးဆယ်မှ အများဆုံးကျပ်သိန်း တစ်ရာအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ဘဏ် သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်းအား ကျပ်သိန်း ငါးရာထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၆၅။ မည်သူမဆို ပုဒ်မ ၄၈ ပါပြဋ္ဌာန်းချက်ကို လိုက်နာရန် ပျက်ကွက်လျှင်ဖြစ်စေ၊ ငွေကြေး သို့မဟုတ် လွှဲပြောင်းနိုင်သောစာချုပ်စာတမ်းများဆိုင်ရာ လိမ်လည်ကြေညာမှုကို ပြုလုပ်လျှင်ဖြစ်စေ၊ အကောက်ခွန် အရာရှိ၊ သက်ဆိုင်ရာအရာရှိ သို့မဟုတ် အာဏာပိုင်တစ်ဦးဦးထံ ထုတ်ဖော်ကြေညာရမည့် အချက်အလက် များကို ဖုံးကွယ်လျှင်ဖြစ်စေ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက ထိုသူကို အနည်းဆုံးထောင်ဒဏ် ခြောက်လမှ အများဆုံးထောင်ဒဏ် တစ်နှစ်အထိဖြစ်စေ၊ ကျပ်သိန်း တစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေချမှတ်ရမည်။ ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ကျပ်သိန်း သုံးရာထက် မပိုသော ငွေဒဏ်ချမှတ်ရမည်။ ပြစ်မှုနှင့်သက်ဆိုင်သည့် ငွေကြေးနှင့်ကိုင်ဆောင်သူက လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများအား နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၆၆။ မည်သူမဆို ဤဥပဒေအရ စုံစမ်းစစ်ဆေးနေသည့်ကာလအတွင်း ၎င်းအား ထုတ်ဆင့်သည့် ငွေကြေးနှင့် ပစ္စည်းများဆိုင်ရာ တားမြစ်မိန့်များ၊ ညွှန်ကြားချက်များကို လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ် ခြောက်လမှ အများဆုံးထောင်ဒဏ် နှစ်နှစ်အထိဖြစ်စေ၊ ကျပ်သိန်း နှစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ ချမှတ်ရမည်။ ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ကျပ်သိန်း သုံးရာထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၆၇။ သတင်းပို့အဖွဲ့အစည်းမှ တာဝန်ရှိသူမည်သူမဆို ပုဒ်မ ၅၄၊ ၅၅ သို့မဟုတ် ၅၆ ပါပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုအနည်းဆုံး ခြောက်လမှ အများဆုံး တစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း တစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ပြစ်မှုကျူးလွန်သူသည် အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းမှ တာဝန်ရှိသူ ဖြစ်ပါက ထိုသူကို တစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း တစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၈။ မည်သည့် ဥပဒေစိုးမိုးရေးအဖွဲ့အစည်း အဖွဲ့ဝင် သို့မဟုတ် စုံစမ်းစစ်ဆေးရေး အဖွဲ့ဝင်မဆို ဤဥပဒေနှင့် သက်ဆိုင်သည့် ပြစ်မှုနှင့်စပ်လျဉ်း၍ စိစစ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းပြုရာတွင် အောက်ပါပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ် တစ်နှစ်မှ အများဆုံးထောင်ဒဏ် သုံးနှစ်အထိဖြစ်စေ၊ ကျပ်သိန်း နှစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ ချမှတ်ရမည်-

(က) ပြစ်မှုကျူးလွန်သူအား အရေးယူခြင်းမပြုနိုင်စေရန် ပြစ်မှုကျူးလွန်သူကို အခြားသူတစ်ဦးဦးဖြင့် အစားထိုးခြင်း သို့မဟုတ် ပြစ်မှုကျူးလွန်သူကို အရေးမယူဘဲ ထိမ်ချန်ခြင်း၊

(ခ) ငွေကြေးခဝါချရာမှရရှိသော ငွေကြေးနှင့် ပစ္စည်းကို အရေးယူခြင်းမပြုနိုင်စေရန် ဖုံးကွယ်ခြင်း၊ ဖျောက်ဖျက်ခြင်း၊ ပြောင်းလဲခြင်း၊ တစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်း သို့မဟုတ် အသွင်ပြောင်းလဲခြင်း၊

(ဂ) စာတမ်းအမှတ်အသားများအား ပြုပြင်ခြင်း၊ ပြောင်းလဲခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်း၊ မမှန်မကန် ရေးသွင်းခြင်း။

၆၉။ မည်သူမဆို ဤဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်း များ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများပါ သတ်မှတ်ချက်တစ်ရပ်ရပ် ကိုဖြစ်စေ၊ စည်းကမ်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ ချိုးဖောက်ကြောင်း သို့မဟုတ် လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း သို့မဟုတ် ပေါ့လျော့စွာဆောင်ရွက်ကြောင်း ပြစ်မှုထင်ရှားပါက ထိုသူအား ကျပ်သိန်း တစ်ရာထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။ ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ယင်းအား ကျပ်သိန်း သုံးရာထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

## အခန်း (၁၄)
## နိုင်ငံ့ဘဏ္ဍာသိမ်းဆည်းခြင်းနှင့် စီမံခန့်ခွဲခြင်း

၇၀။ တရားရုံးသည် ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်ဒဏ်ချမှတ်လျှင် ပြစ်မှုနှင့်သက်ဆိုင်သော အကျိုးအမြတ်၊ အသုံးပြုပစ္စည်းအပါအဝင် သက်သေခံပစ္စည်းအားလုံးကို နိုင်ငံ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရန် အမိန့်ချမှတ်ရမည်။

၇၁။ သက်ဆိုင်ရာတရားရုံးသည် ဤဥပဒေအရ စစ်ဆေးစီရင်သောအမှုတွင် အမိန့်ချမှတ်သည့် ငွေဒဏ်၏ ၂၅ ရာခိုင်နှုန်းကို ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး ရန်ပုံငွေသို့ ပေးသွင်းရန် အမိန့်ချမှတ်ရမည်။

## အခန်း (၁၅)
## နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

၇၂။ ဗဟိုအဖွဲ့၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့၊ ကြီးကြပ်ရေးအာဏာပိုင်၊ ဥပဒေစိုးမိုးရေး အဖွဲ့အစည်းနှင့် သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းများသည် အောက်ပါကိစ္စရပ်များ အပါအဝင် သင့်လျော်သော အရေးယူဆောင်ရွက်မှုများပြုလုပ်ရန် ပြည်ပနိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့ အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့်လည်းကောင်း၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာ သို့မဟုတ် ဒေသဆိုင်ရာအဖွဲ့အစည်းဝင် နိုင်ငံများနှင့်လည်းကောင်း ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ရမည်-

(က) ငွေကြေးခဝါချမှု၊ ငွေကြေးခဝါချမှုနှင့် သက်ဆိုင်သော ပြစ်မှုများ၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု နှင့်သက်ဆိုင်သည့် အခြားသတင်းအချက်အလက်များအား အချိန်နှင့်တစ်ပြေးညီ လုံခြုံစိတ်ချရသော နည်းလမ်းအသုံးပြု၍ သက်ဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ် သို့မဟုတ် ဥပဒေစိုးမိုးရေးအဖွဲ့အစည်းထံသို့ ဆောလျင်စွာပေးအပ်ခြင်းနှင့် ပြည်တွင်း ပြည်ပမိတ်ဖက် အဖွဲ့အစည်းများ၏ တောင်းဆိုချက်အား သက်ဆိုင်ရာဥပဒေများနှင့်အညီ ပေးအပ်ခြင်း၊

( ခ ) ငွေကြေးခဝါချမှု၊ ငွေကြေးခဝါချမှုနှင့် သက်ဆိုင်သော ပြစ်မှုများ၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် ဆက်နွှယ်သည့် ငွေကြေးနှင့်ပစ္စည်းများအား အတည်ပြုဖော်ထုတ်ခြင်း၊ ထိန်းချုပ်ခြင်း၊ သိမ်းဆည်းခြင်း နှင့် နိုင်ငံဘဏ္ဍာသိမ်းဆည်းခြင်းအပါအဝင် ပြစ်မှုဆိုင်ရာ အကူအညီတောင်းခံသည့် ကိစ္စရပ်များ၌ **ပြစ်မှုဆိုင်ရာ ကိစ္စရပ်များတွင် နိုင်ငံအချင်းချင်းအကူအညီပေးရေးဥပဒေ** နှင့်အညီ နိုင်ငံတကာစံနှုန်း သတ်မှတ်ချက်များနှင့် နှစ်နိုင်ငံ သို့မဟုတ် နိုင်ငံအများ သဘောတူညီချက်များဖြင့် ဆောင်ရွက်ခြင်း၊

( ဂ ) မှုခင်းများ စုံစမ်းစစ်ဆေးဖော်ထုတ်အရေးယူခြင်းနှင့်စပ်လျဉ်း၍ ပြည်ပနိုင်ငံများမှ တရားခံလွှဲပြောင်းရေး တောင်းဆိုမှုများနှင့် အခြားပုံစံများဖြင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများကို တည်ဆဲဥပဒေ တစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များ၊ နိုင်ငံတကာစံနှုန်းများနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဃ) နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်ပမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပူးတွဲစစ်ဆေးခြင်း၊ စုံစမ်း ထောက်လှမ်းချက်ဖလှယ်ခြင်းနှင့် တားဆီးနှိမ်နင်းရေး ဆောင်ရွက်ချက်များအတွက် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ခြင်းတို့တွင် ပါဝင်ခြင်း၊

( င ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ ကြီးကြပ်ခြင်းနှင့် တားဆီးနှိမ်နင်းခြင်း ကိစ္စရပ်များအတွက် အဖွဲ့အစည်းများ၏ စွမ်းရည်မြှင့်တင်ခြင်းဆိုင်ရာ သင်တန်းနှင့် နည်းပညာအကူအညီများ ပေးအပ်ခြင်း၊ လက်ခံခြင်း၊

(စ) ဖြစ်ပေါ်လာသည့် ခြိမ်းခြောက်မှုများနှင့် ပြစ်မှုကျူးလွန်သည့် နည်းပုံစံများအပေါ်အခြေခံ၍ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး နည်းပညာသစ်များပေါ်ထွန်းရေး၊ မူဝါဒပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးနှင့် သုတေသနလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) တိကျမှန်ကန်ပြီး နောက်ဆုံးအခြေအနေနှင့် ကိုက်ညီသည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းများနှင့် ဥပဒေရေးရာစီစဉ်ဆောင်ရွက်မှုများ၏ အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်ဆိုင်ရာ သတင်းအချက်အလက်များကို သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းက အချိန်နှင့်တစ်ပြေးညီ ရယူနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများချမှတ်ခြင်း၊ အဆိုပါသတင်းအချက်အလက်များကို နိုင်ငံတကာနှင့် သတင်းဖလှယ်နိုင်ရေးအတွက် ဆောင်ရွက်ခြင်း။

## အခန်း (၁၆)
## ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး ရန်ပုံငွေ

၇၃။ ဗဟိုအဖွဲ့သည် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးရန်ပုံငွေကို အောက်ပါရငွေများ၊ ပစ္စည်းများဖြင့် ထူထောင်နိုင်သည်-

(က) တည်ဆဲဥပဒေနှင့်အညီ ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ငွေ၊

(ခ) ဤဥပဒေပုဒ်မ ၇၁ အရ တရားရုံးက အမိန့်ချမှတ်သည့် ငွေဒဏ်၏ ၂၅ ရာခိုင်နှုန်း၊

(ဂ) ပြည်တွင်းပြည်ပမှ စေတနာရှင်များ၏ ထောက်ပံ့လှူဒါန်းငွေနှင့် ပစ္စည်းများ၊

(ဃ) ဤဥပဒေပုဒ်မ ၄၄ (ဃ) အရ စီမံခန့်ခွဲမှုဆိုင်ရာနည်းလမ်းဖြင့် အရေးယူမှုများမှရရှိသည့် ဒဏ်ကြေးငွေများ။

၇၄။ ဗဟိုအဖွဲ့သည် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးရန်ပုံငွေကို အောက်ပါလုပ်ငန်းများတွင် အသုံးပြုရန်နှင့် ကုန်ကျစရိတ်များကျခံရန် ခွင့်ပြုနိုင်သည်-

(က) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးအတွက် လိုအပ်သော အစီအမံများချမှတ်ဆောင်ရွက်ခြင်းနှင့် လုပ်ငန်းတာဝန်ဆောင်ရွက်ခြင်း၊

(ခ) ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၊ စုံစမ်းစစ်ဆေးရေးအဖွဲ့တို့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာ၌ လိုအပ်သောကုန်ကျစရိတ်များ၊

(ဂ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုများအား စိစစ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် ဖော်ထုတ်ရာတွင် အကူအညီပေးသည့် ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအား ထိုက်သင့်သည့် ဆုငွေချီးမြှင့်ခြင်း၊

(ဃ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ အသိပညာပေး အစီအစဉ်များ၊ စွမ်းရည်မြှင့်တင်ရေး အစီအမံများ ဆောင်ရွက်ခြင်း၊

(င) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းများအတွက် အထောက်အကူပြုပစ္စည်းများ ဝယ်ယူတပ်ဆင်ခြင်း၊

(စ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်သူကို ဆုချီးမြှင့်ခြင်း၊

(ဇ) ဗဟိုအဖွဲ့ကသတ်မှတ်သော အခြားလိုအပ်သည့်ကိစ္စများနှင့် အခြားအရေးပေါ် လုပ်ငန်းတာဝန်များ ဆောင်ရွက်ခြင်း။

၇၅။ (က) ဗဟိုအဖွဲ့သည်ရန်ပုံငွေထိန်းသိမ်းခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း၊ထောက်ပံ့လှူဒါန်းထားသော ပစ္စည်းများ စီမံခန့်ခွဲခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း ရန်ပုံငွေစီမံခန့်ခွဲခြင်းဆိုင်ရာစည်းမျဉ်းကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့်ညှိနှိုင်း၍ သတ်မှတ်ရမည်။

(ခ) ရန်ပုံငွေသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ ဗဟိုအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဗဟိုအဖွဲ့၏ ရုံးအဖွဲ့က ငွေထုတ်သူ အရာရှိအဖြစ် ဆောင်ရွက်ရမည်။

(ဂ) ဗဟိုအဖွဲ့၏ ရုံးအဖွဲ့သည် ရန်ပုံငွေသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ စနစ်တကျစာရင်းပြုစုထားရှိပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်က တာဝန်ပေးသူ၏ စစ်ဆေးခြင်းကို ခံယူရမည်။

## အခန်း (၁၇)

## အထွေထွေ

၇၆။ ဗဟိုအဖွဲ့သည် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ အတွက် ဘဏ္ဍာငွေခွဲဝေသတ်မှတ်ချက်ကို သီးခြားသတ်မှတ်ဆောင်ရွက်ပေးနိုင်သည်။

၇၇။ (က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ သဘောရိုးဖြင့်ဆောင်ရွက်သည့် သတင်းပို့အဖွဲ့အစည်း သို့မဟုတ် ယင်း၏ ဒါရိုက်တာများ၊ အရာရှိများ သို့မဟုတ် ဝန်ထမ်းများကို ပြစ်မှုကြောင်းအရ ဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ၊ စည်းကမ်းထိန်းသိမ်းမှု သို့မဟုတ် စီမံခန့်ခွဲမှုနည်းလမ်းများ အရဖြစ်စေ အရေးယူခြင်း မပြုရ။

(ခ) သတင်းပို့အဖွဲ့အစည်း သို့မဟုတ် ယင်းတို့၏ ဒါရိုက်တာများ၊ အရာရှိများ သို့မဟုတ် ဝန်ထမ်း များက လိုက်နာရမည့် ငွေရေးကြေးရေးနှင့် အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုဆိုင်ရာ လျှို့ဝှက်ချက်ထားရှိရေးနှင့် လုံခြုံမှုသတိပြုရေးဆိုင်ရာ ပြဋ္ဌာန်းချက်များကို ဤဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များက လွှမ်းမိုးသည်။

၇၈။ ငွေကြေးခဝါချမှုနှင့်သက်ဆိုင်သော ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ပြစ်မှုကျူးလွန်ရာမှရရှိသည့် အကျိုးအမြတ်များမဟုတ်ကြောင်း သက်သေထင်ရှားတင်ပြရန်တာဝန်သည် စွပ်စွဲခံရသူတွင် ရှိစေရမည်။

၇၉။ တရားစွဲအဖွဲ့အစည်းသည် ပြစ်မှုကျူးလွန်ရာမှရရှိသည့် အကျိုးအမြတ်များနှင့်စပ်လျဉ်း၍ တရားစွဲဆို ရာတွင်-

(က) ပြစ်မှုကျူးလွန်ရာမှရရှိသည့် အကျိုးအမြတ်များသည် ငွေကြေးခဝါချမှုနှင့် သက်ဆိုင်သော ပြစ်မှု တစ်ရပ်ရပ်ကိုကျူးလွန်ရာမှရရှိကြောင်းသက်သေထင်ရှားတင်ပြနိုင်လျှင်ဥပဒေကြောင်းအရမြင်သာသော အထောက်အထားဖြစ်သည်ဟု မှတ်ယူရမည်။ ယင်းငွေကြေးနှင့် ပစ္စည်းများကိုရရှိစေခဲ့သည့် မူလပြစ်မှုကို မည်ကဲ့သို့ကျူးလွန်ခဲ့ကြောင်းနှင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရကြောင်းကို သက်သေတင်ပြရန် လိုအပ်ခြင်း မရှိစေရ။

(ခ) ပုဒ်မခွဲ(က)ပါ ပြစ်မှုနှင့်စပ်လျဉ်း၍ ပြစ်မှုကျူးလွန်ရာမှရရှိသည့် ငွေကြေးနှင့် ပစ္စည်းများ၏ ပမာဏကို ထည့်သွင်းစဉ်းစားခြင်း မပြုရ။

(ဂ) ငွေကြေးခဝါချမှု ပြစ်မှုမြောက်စေရန် လိုအပ်ချက်ဖြစ်သော အသိအမြင်၊ သံသယဖြစ်မှု၊ ရည်ရွယ်ချက် သို့မဟုတ် ကြံရွယ်ချက်များကို ဖြစ်ရပ်မှန် အကြောင်းခြင်းရာများမှ ကောက်ယူနိုင်သည်။

၈၀။ ဤဥပဒေအရ အရေးယူပိုင်ခွင့်ရှိသည့်ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၈၁။ သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်း၊ ဥပဒေစိုးမိုးရေးအဖွဲ့အစည်း၊ ကြီးကြပ်ရေးအာဏာပိုင်နှင့် သတင်းပို့အဖွဲ့အစည်းသည် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စုံစမ်းစစ်ဆေးခြင်းလုပ်ငန်းများအား ဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ကူညီပံ့ပိုးခြင်းများ ပြုလုပ်ရမည်။

၈၂။ ငွေကြေးခဝါချရာမှရရှိသော ငွေကြေးနှင့်ပစ္စည်းများနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးခြင်းခံနေရသူမဟုတ်သော အခြားသူတစ်ဦးတစ်ယောက်က ယင်းငွေကြေးနှင့် ပစ္စည်းများအား သဘောရိုးဖြင့် ထိုက်တန်သည့် အဖိုးစားနားပေး၍ လွှဲပြောင်းရယူထားခြင်းဖြစ်ကြောင်း သက်သေထင်ရှားတင်ပြနိုင်ပါက ယင်း၏ရပိုင်ခွင့်နှင့် အခွင့်အရေးတို့ကို ထိခိုက်ခြင်းမရှိစေရ။

၈၃။ မည်သူမဆို ဤဥပဒေအရ ငွေကြေးခဝါချမှုဆိုင်ရာ စုံစမ်းစစ်ဆေးခြင်းနှင့် အရေးယူခြင်းတို့ ဆောင်ရွက်ရာတွင် စစ်ဆေးခံရသူအပေါ် တရားမျှတစွာပြုမူဆက်ဆံရေးနှင့် အခြားခံစားခွင့်အခွင့်အရေးများရရှိစေရေးတို့အတွက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၈၄။ ငွေကြေးခဝါချမှုဖြင့်စွပ်စွဲခံရပြီး ဖမ်းဆီးချုပ်နှောင်ခြင်းခံရသူသည် နိုင်ငံခြားသားဖြစ်ပါက ယင်း၏ အခွင့်အရေးများရရှိရေးအတွက် ယင်းပုဂ္ဂိုလ် နိုင်ငံသားဖြစ်သည့် နိုင်ငံ၏အနီးစပ်ဆုံး သင့်လျော်ရာသံရုံးသို့ဖြစ်စေ၊ ကောင်စစ်ဝန်ရုံးသို့ဖြစ်စေ၊ ကိုယ်စားလှယ်ထံသို့ဖြစ်စေ နှောင့်နှေးကြန့်ကြာခြင်းမရှိစေဘဲ ဆက်သွယ်အကြောင်းကြားနိုင်ရန် အခွင့်အရေး ရရှိစေရမည်။

၈၅။ ဗဟိုအဖွဲ့၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့၊ ကြီးကြပ်ရေးအာဏာပိုင်၊ သတင်းပို့အဖွဲ့အစည်း၊ ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရသည့် အခြားသောအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းနှင့် ယင်းဌာနအဖွဲ့အစည်းများတွင် လက်ရှိတာဝန်ထမ်းဆောင်နေသည့် သို့မဟုတ် ယခင်က တာဝန်ထမ်းဆောင်ခဲ့သူတစ်ဦးသည် မိမိတာဝန်ထမ်းဆောင်နေစဉ်အတွင်း လက်ခံရရှိသည့် မည်သည့်သတင်းအချက်အလက်ကိုမဆို တာဝန်ပြီးဆုံးသည့်တိုင်အောင် လျှို့ဝှက်ထိန်းသိမ်းထားရှိရမည်ဖြစ်ပြီး တာဝန်ရှိသူတိုင်းသည် ရရှိထားသော သတင်းအချက်အလက်များကို ဤဥပဒေပါပြဋ္ဌာန်းချက် သို့မဟုတ် တရားရုံး၏အမိန့်အရသာ အသုံးပြုနိုင်သည်။ ဤပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ပါက မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်အက်ဥပဒေအရ အရေးယူခြင်းခံရမည်။

၈၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ပြည်ထဲရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ပြည်ထဲရေးဝန်ကြီးဌာနနှင့် ဗဟိုအဖွဲ့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ကြီးကြပ်ရေးအာဏာပိုင်တို့သည် လိုအပ်သောညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဃ) ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သည် ဗဟိုအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၈၇။ တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများထိန်းချုပ်ရေးဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၆/၂၀၀၂)အရဖြစ်စေ၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၁/၂၀၁၄)အရ ဖြစ်စေထုတ်ပြန်ခဲ့သည့် နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၈၈။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၁/၂၀၁၄) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ**

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဥပဒေအမှတ် (၁၇/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်

( ၂၀၂၆ ခုနှစ်၊ မတ်လ ၁၄ ရက်)

**အာကာသသိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်ဥပဒေ**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **အာကာသသိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

( ခ ) **ကော်မရှင်** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသည့် အာကာသသိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်ကို ဆိုသည်။

**အခန်း (၂)**

**ရည်ရွယ်ချက်များ**

၃။ (က) အာကာသသိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရန်၊

( ခ ) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အာကာသဆိုင်ရာနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး အခြေခံအဆောက်အအုံ တည်ဆောက်နိုင်ရန်၊

( ဂ ) အာကာသပညာရပ်ကို လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးအတွက် အသုံးချနိုင်ရန်၊

(ဃ) နိုင်ငံတော်၏အမျိုးသားလုံခြုံရေး၊ သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတထိန်းသိမ်းစောင့်ရှောက်ရန်၊

( င ) စိုက်ပျိုးရေး၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးနှင့် တုံ့ပြန်ရေးအပါအဝင် ပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အာကာသနည်းပညာများဖြင့် အထောက်အကူပြုနိုင်ရန်။

**အခန်း (၃)**

**ကော်မရှင်ဖွဲ့စည်းခြင်း**

၄။ နိုင်ငံတော်သမ္မတသည် ကော်မရှင်ဥက္ကဋ္ဌအပါအဝင် သင့်လျော်သည့်ပုဂ္ဂိုလ် အနည်းဆုံး ငါးဦးဖြင့် အာကာသသိပ္ပံနှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်ကို ဖွဲ့စည်းနိုင်သည်။

၅။ နိုင်ငံတော်သမ္မတသည် ကော်မရှင်ကို ဖွဲ့စည်းသည့်အခါ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးကို တစ်ပါတည်း သတ်မှတ်ပေးရမည်။

၆။ နိုင်ငံတော်သမ္မတသည် ကော်မရှင်တွင်ခန့်အပ်တာဝန်ပေးရန် သင့်လျော်သည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးကို ကော်မရှင်တွင် ခန့်အပ်တာဝန်ပေးလိုလျှင် သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် ခန့်အပ်တာဝန်ပေးနိုင်သည်။

၇။ နိုင်ငံတော်သမ္မတသည် ပုဒ်မ ၃ ပါ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အလို့ငှာ ကော်မရှင်၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်။

## အခန်း (၄)
## ရာထူးမှနုတ်ထွက်ခြင်း၊ တာဝန်မှရပ်စဲခြင်း၊ လစ်လပ်ရာထူးနေရာတွင် ဖြည့်စွက်ခန့်ထားခြင်း

၈။ ကော်မရှင်ဥက္ကဋ္ဌသည်တာဝန်ထမ်းဆောင်နေစဉ်အကြောင်းတစ်ခုခုကြောင့်မိမိသဘောဆန္ဒအလျောက် ရာထူးမှနုတ်ထွက်လိုလျှင် ထိုသို့နုတ်ထွက်လိုကြောင်းကို နိုင်ငံတော်သမ္မတထံ စာဖြင့်တင်ပြပြီးရာထူးမှ နုတ်ထွက်နိုင်သည်။

၉။ ကော်မရှင်ဥက္ကဋ္ဌမှအပ ကော်မရှင်အဖွဲ့ဝင်တစ်ဦးသည်တာဝန်ထမ်းဆောင်နေစဉ် အကြောင်းတစ်ခုခုကြောင့် မိမိသဘောဆန္ဒအလျောက် ရာထူးမှနုတ်ထွက်လိုလျှင် ထိုသို့နုတ်ထွက်လိုကြောင်းကို ကော်မရှင်ဥက္ကဋ္ဌမှတစ်ဆင့် နိုင်ငံတော်သမ္မတထံ စာဖြင့်တင်ပြပြီး ရာထူးမှနုတ်ထွက်နိုင်သည်။

၁၀။ နိုင်ငံတော်သမ္မတသည် ကော်မရှင်အဖွဲ့ဝင်တစ်ဦးဦးအား အောက်ပါအခြေအနေ တစ်ရပ်ရပ်ပေါ်ပေါက်ပါက တာဝန်မှရပ်စဲနိုင်သည်-

(က) ဆေးစစ်ဆေးချက်အရ ကိုယ်စိတ်နှစ်ပါးအနက် တစ်ပါးပါးထာဝစဉ် ချို့ယွင်းသွားခြင်းကြောင့် တာဝန်ကို ဆက်လက်ထမ်းဆောင်နိုင်စွမ်းမရှိတော့ကြောင်း တွေ့ရှိရခြင်း၊

(ခ) ကော်မရှင်ကချမှတ်ထားသော စည်းကမ်းချက်များကို လိုက်နာရန်ပျက်ကွက်ခြင်း။

၁၁။ နိုင်ငံတော်သမ္မတသည် ရာထူးမှ နုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှရပ်စဲခံရခြင်းကြောင့်ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းတစ်ခုခုကြောင့်ဖြစ်စေ ကော်မရှင်အဖွဲ့ဝင်နေရာလစ်လပ်လျှင် သင့်လျော်သည့်ပုဂ္ဂိုလ်များဖြင့် ဖြည့်စွက်ခန့်ထားရမည်။

## အခန်း (၅)
## အထွေထွေ

၁၂။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ကော်မရှင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၏ လစဉ်ချီးမြှင့်ငွေ၊ စရိတ်၊ အဆောင်အယောင်နှင့် ခံစားခွင့်များကို သတ်မှတ်ပေးရမည်။

၁၃။ ကော်မရှင်၏သက်တမ်းသည် နိုင်ငံတော်သမ္မတ၏ သက်တမ်းအတိုင်းဖြစ်သည်။

၁၄။ ကော်မရှင်၏ရုံးလုပ်ငန်းများအတွက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက စီစဉ်ဆောင်ရွက်ပေးရမည်။

၁၅။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့်နည်းဥပဒေ၊ အမိန့်၊ အမိန့်ကြော်ငြာစာနှင့် ညွှန်ကြားချက်တို့ကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ**

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဥပဒေအမှတ် (၁၉/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၁၇ ရက်)

## မြန်မာနိုင်ငံကူးလက်မှတ်ဆိုင်ရာဥပဒေ

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ၄၂၇အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်၊ စီရင်ပိုင်ခွင့်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **မြန်မာနိုင်ငံကူးလက်မှတ်ဆိုင်ရာဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေအရအရေးယူနိုင်သည့် ပြစ်မှုတစ်ရပ်ရပ်ကိုမည်သူမဆို ပြည်တွင်းတွင်ဖြစ်စေ၊ မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေအရ မှတ်ပုံတင်ထားသော ရေယာဉ်၊ လေယာဉ်နှင့် စက်တပ်ယာဉ်တစ်ခုခုပေါ်တွင်ဖြစ်စေ ကျူးလွန်လျှင်လည်းကောင်း၊ မြန်မာနိုင်ငံသား သို့မဟုတ် မြန်မာနိုင်ငံကူးလက်မှတ်ကိုင်ဆောင်ခွင့်ရရှိသူ သို့မဟုတ် မြန်မာနိုင်ငံတွင် အမြဲတမ်းနေထိုင်ခွင့်ရရှိသူက ပြည်ပတွင်ကျူးလွန်လျှင်လည်းကောင်း ဤဥပဒေအရ စီရင်ပိုင်ခွင့်ရှိစေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **သက်ဆိုင်ရာဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာန သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနကို ဆိုသည်။

(ဂ) **နိုင်ငံသား** ဆိုသည်မှာ မြန်မာနိုင်ငံသားဥပဒေအရ မြန်မာနိုင်ငံသားအဖြစ် အသိအမှတ်ပြုထားသူကို ဆိုသည်။

(ဃ) **ဧည့်နိုင်ငံသား** ဆိုသည်မှာ မြန်မာနိုင်ငံသားဥပဒေအရသတ်မှတ်ထားသော ဧည့်နိုင်ငံသားကို ဆိုသည်။

(င) **နိုင်ငံသားပြုခွင့်ရသူ** ဆိုသည်မှာ မြန်မာနိုင်ငံသားဥပဒေအရ သတ်မှတ်ထားသော နိုင်ငံသားပြုခွင့်ရသူကို ဆိုသည်။

(စ) **ကိုယ်ပိုင်သက်သေခံလက်မှတ် (Unique Identification Number–UID)** ဆိုသည်မှာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူတို့ကို ထုတ်ပေးသည့်သက်သေခံလက်မှတ်ကို ဆိုသည်။

(ဆ) **မည်သူမည်ဝါဖြစ်ကြောင်းသက်သေခံလက်မှတ် (Certificate of Identification)** ဆိုသည်မှာ ပြည်ပနိုင်ငံသို့ ရောက်ရှိနေသည့် မြန်မာနိုင်ငံသား သို့မဟုတ် မြန်မာနိုင်ငံသားဟု ယူဆရသူကို မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာပြည်ပနိုင်ငံများရှိ မြန်မာသံရုံး၊ ကောင်စစ်ဝန်ချုပ်ရုံး သို့မဟုတ် အဖွဲ့ရုံးကတစ်ကြိမ်သာလျှင် အသုံးပြုရန်ထုတ်ပေးသည့် သက်သေခံလက်မှတ်ကို ဆိုသည်။

( ဇ ) **မြန်မာနိုင်ငံကူးလက်မှတ်** ဆိုသည်မှာ သာမန်နိုင်ငံကူးလက်မှတ်၊ အထူးနိုင်ငံကူးလက်မှတ် သို့မဟုတ် သံတမန်နိုင်ငံကူးလက်မှတ်ကို ဆိုသည်။

( ဈ ) **မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားခွင့်ရှိသူ** ဆိုသည်မှာ နိုင်ငံသား၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူများကို ဆိုသည်။

(ည) **သာမန်နိုင်ငံကူးလက်မှတ်** ဆိုသည်မှာ မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားခွင့်ရှိသူကို ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့က ထုတ်ပေးသည့် မြန်မာနိုင်ငံကူးလက်မှတ်ကို ဆိုသည်။

( ဋ ) **အထူးနိုင်ငံကူးလက်မှတ်** ဆိုသည်မှာ ပြည်ပနိုင်ငံသို့ တာဝန်တစ်ရပ်ရပ်ဖြင့်သွားရောက်ရန်အတွက် တပ်မတော်သား၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်၊ နိုင်ငံ့ဝန်ထမ်းနှင့် နိုင်ငံတော်ကအထူးကိစ္စရပ်ဖြင့်စေလွှတ်သည့် ပုဂ္ဂိုလ်ကို နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပေးသည့် မြန်မာနိုင်ငံကူးလက်မှတ်ကို ဆိုသည်။

( ဌ ) **သံတမန်နိုင်ငံကူးလက်မှတ်** ဆိုသည်မှာပြည်ပနိုင်ငံတွင် သံတမန်ရေးရာတာဝန်ထမ်းဆောင်မည့် သံတမန်များ၊ ဝန်ကြီးဌာနများ၏ အဆင့်မြင့်အရာရှိကြီးများနှင့် နိုင်ငံတော်ကအထူးကိစ္စရပ်ဖြင့် စေလွှတ်သည့် ပုဂ္ဂိုလ်ကို နိုင်ငံခြားရေးဝန်ကြီးဌာနကထုတ်ပေးသည့် မြန်မာနိုင်ငံကူးလက်မှတ်ကို ဆိုသည်။

( ဍ ) **အီလက်ထရောနစ်နိုင်ငံကူးလက်မှတ် (Electronic Passport–e passport)** ဆိုသည်မှာ မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားသူ၏ ကိုယ်ရေးအချက်အလက်များကို ချစ်ပ်ပြားတွင်ထည့်သွင်းထားသော မြန်မာနိုင်ငံကူးလက်မှတ်ကို လုံခြုံရေးအဆင့်မြင့်ထားသည့် အီလက်ထရောနစ်နိုင်ငံကူးလက်မှတ်ကို ဆိုသည်။

( ဎ ) **မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့** ဆိုသည်မှာ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးလုပ်ငန်းစဉ်များကိုဆောင်ရွက်နိုင်ရန် ဤဥပဒေအရ ဖွဲ့စည်းထားသော မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ကို ဆိုသည်။

(ဏ) **မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံး** ဆိုသည်မှာ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံး (ရန်ကုန်) နှင့် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးခွဲများကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးခြင်း၊ အသုံးပြုခြင်း၊ သက်တမ်းတိုးခြင်း၊ ငြင်းပယ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းတို့ကို ဥပဒေနှင့်အညီ ဆောင်ရွက်ပေးနိုင်ရန်၊

( ခ ) မြန်မာနိုင်ငံကူးလက်မှတ်စနစ်တကျထုတ်ပေးခြင်းဖြင့်အမျိုးသားလုံခြုံရေးနှင့်အမျိုးသားအကျိုးစီးပွားကို ကာကွယ်ရန်၊

( ဂ ) မြန်မာနိုင်ငံကူးလက်မှတ်ဖြင့် ပြည်ပနိုင်ငံသို့ခရီးသွားလာခြင်းကို စနစ်တကျစီမံခန့်ခွဲရန်၊

(ဃ) မြန်မာနိုင်ငံကူးလက်မှတ်ပျောက်ဆုံးခြင်းသို့မဟုတ် ပျက်စီးခြင်းဖြစ်ပါကဥပဒေနှင့်အညီဆောင်ရွက်နိုင်ရန်၊

( င ) မြန်မာနိုင်ငံကူးလက်မှတ်အတုပြုလုပ်ခြင်း၊ ပြောင်းလဲခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ကို ဥပဒေနှင့်အညီကာကွယ်နိုင်ရန်။

## အခန်း (၃)

## မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ ဖွဲ့စည်းခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည်–

(က) မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ကို အောက်ပါအတိုင်းဖွဲ့စည်းရမည်–

(၁) ဒုတိယဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန — ဥက္ကဋ္ဌ

(၂) ရဲချုပ်
မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(၃) ညွှန်ကြားရေးမှူးချုပ်
အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(၄) ညွှန်ကြားရေးမှူးချုပ်
ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(၅) ညွှန်ကြားရေးမှူးချုပ်
ပြည်တွင်းအခွန်များဦးစီးဌာန
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန — အဖွဲ့ဝင်

(၆) ညွှန်ကြားရေးမှူးချုပ်
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန — အဖွဲ့ဝင်

(၇) ညွှန်ကြားရေးမှူးချုပ်
လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန — အဖွဲ့ဝင်

(၈) ညွှန်ကြားရေးမှူးချုပ်
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
အလုပ်သမားဝန်ကြီးဌာန — အဖွဲ့ဝင်

(၉) ကိုယ်စားလှယ်တစ်ဦး
တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) — အဖွဲ့ဝင်

(၁၀) ကိုယ်စားလှယ်တစ်ဦး
လုံခြုံရေးနှင့်ဆိုင်သော
ပုံနှိပ်လုပ်ငန်းများ ညွှန်ကြားရေးမှူးရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) — အဖွဲ့ဝင်

(၁၁) သတင်းရဲတပ်ဖွဲ့မှူး
သတင်းရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန — အတွင်းရေးမှူး

(ခ) မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) မြန်မာနိုင်ငံကူးလက်မှတ်နှင့်စပ်လျဉ်း၍ မူဝါဒနှင့် လုပ်ငန်းစဉ်များချမှတ်ခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ခ) မြန်မာနိုင်ငံကူးလက်မှတ်ကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီဖြစ်စေရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဂ) အထူးကိစ္စရပ်များအတွက် သာမန်နိုင်ငံကူးလက်မှတ်သက်တမ်းနှင့် လိုအပ်သည့်အခြေအနေများ သတ်မှတ်ခြင်း၊

(ဃ) မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံး၊ ပြည်ပနိုင်ငံရှိမြန်မာသံရုံးများ၊ ကောင်စစ်ဝန်ချုပ်ရုံး သို့မဟုတ် အဖွဲ့ရုံးများ၏ လုပ်ငန်းဆောင်ရွက်မှုများအပေါ် လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(င) ပြည်ပနိုင်ငံရှိမြန်မာသံရုံးများ၊ ကောင်စစ်ဝန်ချုပ်ရုံး သို့မဟုတ် အဖွဲ့ရုံးများသို့ မြန်မာနိုင်ငံကူးလက်မှတ် သက်တမ်းတိုးခြင်း၊ ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းကြောင့် ပြန်လည်လျှောက်ထားခြင်း၊ မွေးတိုးလျှောက်ထားခြင်း၊ မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်လျှောက်ထားခြင်းများကို စိစစ်၍ ခွင့်ပြုစေခြင်း သို့မဟုတ် ငြင်းပယ်စေခြင်း၊

(စ) သာမန်နိုင်ငံကူးလက်မှတ်လျှောက်ထားခြင်းကိုစိစစ်၍ ခွင့်ပြုခြင်း၊ ငြင်းပယ်ခြင်း သို့မဟုတ် ကန့်သတ်ခြင်း၊

(ဆ) ထုတ်ပေးထားသည့် မြန်မာနိုင်ငံကူးလက်မှတ်ကို ပယ်ဖျက်ခြင်း၊

(ဇ) ဤဥပဒေအရ မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားခြင်း၊ သက်တမ်းတိုးလျှောက်ထားခြင်း၊ ပျောက်ဆုံး ခြင်း သို့မဟုတ် ပျက်စီးခြင်းကြောင့် ပြန်လည်လျှောက်ထားခြင်းတို့နှင့်စပ်လျဉ်း၍ ပေးသွင်းရမည့် အခ ကြေးငွေများကိုပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊

(ဈ) မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားခွင့်ရှိသူများသည် အရေးကြီး၊ အရေးပေါ်ကိစ္စရပ်အတွက် ခိုင်လုံသော အကြောင်းပြချက်များဖြင့် မြန်မာနိုင်ငံကူးလက်မှတ် အမြန်ရရှိရေးလျှောက်ထားချက်ကို စိစစ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ည) သက်ဆိုင်ရာဝန်ကြီးဌာနက အမည်ပျက်စာရင်းပေးပို့လာပါက အမည်ပျက်စာရင်းထည့်သွင်းခြင်း၊

(ဋ) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာပေးအပ်သည့် မြန်မာနိုင်ငံကူးလက်မှတ်ဆိုင်ရာ လုပ်ငန်း တာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၄)

## မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားခြင်း၊ သက်တမ်းတိုးခြင်းနှင့် ပြန်လည်လျှောက်ထားခြင်း

၇။ (က) သာမန်နိုင်ငံကူးလက်မှတ် လျှောက်ထားခွင့်ရှိသူသည် အောက်ပါစာရွက်စာတမ်းများနှင့်အတူ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးသို့ လျှောက်ထားနိုင်သည်-

(၁) နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်းနှင့် မိတ္တူ)၊

(၂) အသက် ၁၀ နှစ်အောက်ဖြစ်ပါက မွေးစာရင်း(မူရင်းနှင့် မိတ္တူ)၊

(၃) အသက် ၁၈ နှစ်အောက်ဖြစ်ပါက မိဘ သို့မဟုတ် အုပ်ထိန်းသူတစ်ဦးဦး၏ ခွင့်ပြုချက်၊ (မိဘ သို့မဟုတ် အုပ်ထိန်းသူနှင့်အတူ လာရောက်လျှောက်ထားရမည်)

(၄) အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ-၆၆/၆ (မူရင်းနှင့် မိတ္တူ)၊

(၅) ကိုယ်ပိုင်သက်သေခံလက်မှတ် (Unique Identification Number-UID)၊

(၆) လျှောက်ထားလိုသည့် သာမန်နိုင်ငံကူးလက်မှတ်အမျိုးအစားအလိုက် လိုအပ်သော အခြား စာရွက်စာတမ်းအထောက်အထားများ၊

(၇) သာမန်နိုင်ငံကူးလက်မှတ်လျှောက်ထားခြင်းအတွက် တရားဝင်သတ်မှတ်ထားသော အခကြေးငွေ ပေးသွင်းထားသည့်အထောက်အထား၊

(၈) မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့က အခါအားလျော်စွာ သတ်မှတ်သည့်အချက်အလက်များ။

( ခ ) သက်ဆိုင်ရာမြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးသည် ပုဒ်မခွဲ (က) အရ တင်ပြသော မူရင်းအထောက်အထားများကိုစိစစ်ပြီး မူရင်းအထောက်အထားကို လျှောက်ထားသူထံ ပြန်လည်ပေးအပ်ရမည်။

၈။ သာမန်နိုင်ငံကူးလက်မှတ်သက်တမ်းတိုးလျှောက်ထားလိုသူသည်-

(က) သက်တမ်းတိုးလျှောက်ထားလိုပါက မူလထုတ်ပေးထားသော သာမန်နိုင်ငံကူးလက်မှတ်စာအုပ် မူရင်းနှင့် ပုဒ်မ ၇၊ ပုဒ်မခွဲ (က) အရ သတ်မှတ်ထားသည့် စာရွက်စာတမ်းများနှင့်အတူ မြန်မာနိုင်ငံကူး လက်မှတ်ထုတ်ပေးရေးရုံးတွင် သာမန်နိုင်ငံကူးလက်မှတ်သက်တမ်းမကုန်ဆုံးမီ (၆) လ အတွင်း လျှောက်ထားနိုင်သည်။

( ခ ) သက်တမ်းကုန်ဆုံးရန် (၆) လမတိုင်မီ သက်တမ်းတိုးလျှောက်ထားလိုပါက သတ်မှတ်ထားသည့် ဒဏ်ကြေးငွေပေးသွင်း၍ ပုဒ်မခွဲ (က) ပါအတိုင်း မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးတွင် လျှောက်ထားနိုင်သည်။

၉။ သာမန်နိုင်ငံကူးလက်မှတ်ပျောက်ဆုံး၍ အသစ်လျှောက်ထားလိုပါက ပျောက်ဆုံးကြောင်း သတင်းစာ တွင် ထည့်သွင်းကြော်ငြာသည့်ရက်မှ (၆) လပြည့်လျှင် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးတွင် အောက်ပါ စာရွက်စာတမ်းများဖြင့် ပူးတွဲလျှောက်ထားရမည်-

(က) ပုဒ်မ ၇၊ ပုဒ်မခွဲ (က) အရ သတ်မှတ်ထားသည့် စာရွက်စာတမ်းများ၊

( ခ ) သတင်းစာတွင် ကြော်ငြာထားသည့် အထောက်အထား၊

( ဂ ) သတ်မှတ်ထားသည့် ဒဏ်ကြေးငွေပေးဆောင်ထားသည့် အထောက်အထား။

၁၀။ သာမန်နိုင်ငံကူးလက်မှတ်ပျက်စီး၍ အသစ်လျှောက်ထားလိုပါက မူလသာမန်နိုင်ငံကူးလက်မှတ် (ပျက်စီး)၊ သတ်မှတ်ထားသည့်ဒဏ်ကြေးငွေပေးဆောင်သည့် အထောက်အထား၊ ပုဒ်မ ၇၊ ပုဒ်မခွဲ (က) အရ သတ်မှတ်ထားသည့်စာရွက်စာတမ်းများပူးတွဲ၍ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးတွင် သာမန်နိုင်ငံကူး လက်မှတ်အသစ် ပြန်လည်လျှောက်ထားနိုင်သည်။

၁၁။ သာမန်နိုင်ငံကူးလက်မှတ်လျှောက်ထားခွင့်ရှိသူက သာမန်နိုင်ငံကူးလက်မှတ်အသစ်လျှောက်ထားခြင်း၊ သက်တမ်းတိုးလျှောက်ထားခြင်း၊ ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းကြောင့် ပြန်လည်လျှောက်ထားလာ ပါက မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးသည် သတ်မှတ်ချက်နှင့်ညီညွတ်ခြင်း ရှိ မရှိ စိစစ်ပြီး မြန်မာ နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့သို့ တင်ပြရမည်။

၁၂။ ပြည်ပနိုင်ငံရောက် သာမန်နိုင်ငံကူးလက်မှတ်လျှောက်ထားခွင့်ရှိသူသည် သာမန်နိုင်ငံကူးလက်မှတ် သက်တမ်းတိုးလျှောက်ထားခြင်း၊ ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းကြောင့် ပြန်လည်လျှောက်ထား ခြင်းနှင့် မွေးတိုးလျှောက်ထားခြင်းများကို မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့က ထုတ်ပြန်ထားသော သတ်မှတ်ချက်နှင့်အညီ ပြည်ပနိုင်ငံရှိ မြန်မာသံရုံး၊ ကောင်စစ်ဝန်ချုပ်ရုံး သို့မဟုတ် အဖွဲ့ရုံးသို့ လျှောက်ထား နိုင်သည်။

၁၃။ ပြည်ပနိုင်ငံရောက် သာမန်နိုင်ငံကူးလက်မှတ်လျှောက်ထားခွင့်ရှိသူက သက်တမ်းတိုးလျှောက်ထားခြင်း၊ ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းကြောင့် ပြန်လည်လျှောက်ထားခြင်း သို့မဟုတ် မွေးတိုးလျှောက်ထားခြင်းများကို ပြည်ပနိုင်ငံရှိ မြန်မာသံရုံး၊ ကောင်စစ်ဝန်ချုပ်ရုံး သို့မဟုတ် အဖွဲ့ရုံးသည်သတ်မှတ်ချက်နှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ပြီး မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့သို့ တင်ပြရမည်။

၁၄။ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့သည် စိစစ်တင်ပြချက်များအပေါ် မူတည်၍-

(က) ပြည်တွင်း၌ သာမန်နိုင်ငံကူးလက်မှတ်အသစ်လျှောက်ထားခြင်း၊ သက်တမ်းတိုးလျှောက်ထားခြင်း၊ ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းအတွက် ပြန်လည်လျှောက်ထားခြင်းတို့ကို ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပြည်ပနိုင်ငံတွင် သာမန်နိုင်ငံကူးလက်မှတ်သက်တမ်းတိုးလျှောက်ထားခြင်း၊ ပျောက်ဆုံးခြင်း၊ ပျက်စီးခြင်း သို့မဟုတ် မွေးတိုးလျှောက်ထားခြင်းကို ထုတ်ပေးရန်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၁၅။ သာမန်နိုင်ငံကူးလက်မှတ်လျှောက်ထားခွင့်ရှိသူသည် ပြည်ပသို့အရေးကြီး၊ အရေးပေါ်ကိစ္စရပ်ဖြင့် ထွက်ခွာရေးအတွက် အမြန်ဆုံးဆောင်ရွက်ပေးရန် ခိုင်လုံသောအကြောင်းပြချက် အထောက်အထားများဖြင့် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးသို့ လျှောက်ထားနိုင်သည်။

၁၆။ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့သည် ပုဒ်မ ၁၅ အရ လျှောက်ထားချက်အပေါ် တင်ပြချက်ကို စိစစ်၍ သာမန်နိုင်ငံကူးလက်မှတ်ကို ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၁၇။ တာဝန်ထမ်းဆောင်ဆဲ နိုင်ငံ့ဝန်ထမ်းနှင့် တာဝန်ဖြင့်ပြည်ပသို့ သွားရောက်မည့် နိုင်ငံတော်က အထူးကိစ္စရပ်ဖြင့်စေလွှတ်သည့်ပုဂ္ဂိုလ်သည် သာမန်နိုင်ငံကူးလက်မှတ် လျှောက်ထားလိုပါက သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားနိုင်သည်။

၁၈။ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက တာဝန်ဖြင့်ပြည်ပနိုင်ငံသို့ စေလွှတ်မည့် တပ်မတော်သား၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်၊ နိုင်ငံ့ဝန်ထမ်းနှင့် နိုင်ငံတော်ကအထူးကိစ္စရပ်ဖြင့် စေလွှတ်သည့် ပုဂ္ဂိုလ်သည် အထူးနိုင်ငံကူးလက်မှတ်ရရှိရန် သတ်မှတ်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လျှောက်ထားရမည်။

၁၉။ ပြည်ပနိုင်ငံတွင်သံတမန်ရေးရာတာဝန်ထမ်းဆောင်မည့် သံတမန်များ၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ အဆင့်မြင့်အရာရှိကြီးများနှင့် နိုင်ငံတော်ကအထူးကိစ္စရပ်ဖြင့် စေလွှတ်သည့်ပုဂ္ဂိုလ်သည် သံတမန်နိုင်ငံကူးလက်မှတ်ရရှိရန် သတ်မှတ်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လျှောက်ထားရမည်။

၂၀။ မြန်မာနိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူသည်-

(က) အီလက်ထရောနစ်နိုင်ငံကူးလက်မှတ်စနစ်ကျင့်သုံးသည့်အခါ အီလက်ထရောနစ်နိုင်ငံကူးလက်မှတ် အသစ်ကို သတ်မှတ်ချက်နှင့်အညီ သက်ဆိုင်ရာသို့ လျှောက်ထားရမည်။

(ခ) ပုဒ်မခွဲ(က) အရလျှောက်ထားရာတွင် မြန်မာနိုင်ငံကူးလက်မှတ်စာအုပ်မူရင်းနှင့် မိတ္တူပူးတွဲတင်ပြ လျှောက်ထားရမည်။

(ဂ) မူလမြန်မာနိုင်ငံကူးလက်မှတ်ကို သက်တမ်းကုန်ဆုံးသည်အထိ အသုံးပြုနိုင်သည်။

၂၁။ (က) မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့သည် ပုဒ်မ ၂၀ အရ လျှောက်ထားချက်ကို လက်ခံရရှိသည့်အခါ သတ်မှတ်ချက်နှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ပြီး အီလက်ထရောနစ် နိုင်ငံကူးလက်မှတ်ထုတ်ပေးရန် သို့မဟုတ် ငြင်းပယ်ရန်သက်ဆိုင်ရာသို့ အကြောင်းကြားနိုင်သည်။

(ခ) မြန်မာနိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူသည် အီလက်ထရောနစ်နိုင်ငံကူးလက်မှတ်ရရှိသည့် အခါ မူလမြန်မာနိုင်ငံကူးလက်မှတ်ကို သက်ဆိုင်ရာသို့ ပြန်လည်အပ်နှံရမည်။

## အခန်း (၅)

## မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်း၊ ပယ်ဖျက်ခြင်းနှင့် ပြန်လည်အပ်နှံခြင်း

၂၂။ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးသည် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သာမန်နိုင်ငံကူးလက်မှတ် ထုတ်ပေးခြင်းကို အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) လျှောက်ထားသူထံတိုက်ရိုက်ထုတ်ပေးခြင်း၊

( ခ ) အထူးကိစ္စရပ်ကြောင့် ပြည်ပသို့ထွက်ခွာနိုင်ရေးအတွက်အမြန်ဆုံးဆောင်ရွက်ပေးရန် ခိုင်လုံသော အကြောင်းပြချက်ဖြင့် လျှောက်ထားသူကို သက်ဆိုင်ရာနိုင်ငံသို့သွားရောက်ရန် လိုအပ်သလို သက်တမ်းနှင့် အခြေအနေသတ်မှတ်၍သာမန်နိုင်ငံကူးလက်မှတ် ထုတ်ပေးခြင်း။

၂၃။ ပြည်တွင်းတွင် မြန်မာနိုင်ငံကူးလက်မှတ် သက်တမ်းတိုးလျှောက်ထားခြင်း၊ ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းကြောင့် ပြန်လည်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးက လျှောက်ထားသူထံ တိုက်ရိုက်ထုတ်ပေးရမည်။

၂၄။ ပြည်ပတွင် မြန်မာနိုင်ငံကူးလက်မှတ် သက်တမ်းတိုးလျှောက်ထားခြင်း၊ ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းကြောင့် ပြန်လည်လျှောက်ထားခြင်းနှင့် မွေးတိုးလျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံကူး လက်မှတ်ထုတ်ပေးရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြည်ပနိုင်ငံရှိမြန်မာသံရုံး၊ ကောင်စစ်ဝန်ချုပ်ရုံး သို့မဟုတ် အဖွဲ့ရုံးကလျှောက်ထားသူထံ တိုက်ရိုက်ထုတ်ပေးရမည်။

၂၅။ သာမန်နိုင်ငံကူးလက်မှတ်သက်တမ်းသည် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးသည့် ရက်မှစ၍ ငါးနှစ်ဖြစ်သည်။

၂၆။ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းကတာဝန်ဖြင့် ပြည်ပနိုင်ငံသို့စေလွှတ်မည့် တပ်မတော်သား၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်၊ နိုင်ငံ့ဝန်ထမ်းနှင့် နိုင်ငံတော်ကအထူးကိစ္စရပ်ဖြင့်စေလွှတ်သည့် ပုဂ္ဂိုလ်အတွက် အထူး နိုင်ငံကူးလက်မှတ်ကို နိုင်ငံခြားရေးဝန်ကြီးဌာနက လျှောက်ထားသည့်ဌာနသို့ ထုတ်ပေးပြီး မြန်မာနိုင်ငံကူး လက်မှတ်ထုတ်ပေးရေးအဖွဲ့တွင် မှတ်တမ်းတင်ရန် အချက်အလက်များကို ပေးပို့ရမည်။

၂၇။ ပြည်ပနိုင်ငံတွင်သံတမန်ရေးရာတာဝန်ထမ်းဆောင်မည့် သံတမန်များ၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ အဆင့်မြင့်အရာရှိကြီးများအတွက် သံတမန်နိုင်ငံကူးလက်မှတ်ကို နိုင်ငံခြားရေးဝန်ကြီး ဌာနက လျှောက်ထားသည့်ဌာနသို့ ထုတ်ပေးပြီး မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့တွင် မှတ်တမ်း တင်ရန် အချက်အလက်များကို ပေးပို့ရမည်။

၂၈။ အထူးနိုင်ငံကူးလက်မှတ် ရရှိသူသည်-

(က) အောက်ပါအခြေအနေတစ်ရပ်ရပ်ဖြစ်ပေါ်သည့်အခါ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသို့ အပြီးတိုင် ပြန်လည်အပ်နှံရမည်-

(၁) ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူခြင်း၊

(၂) ဝန်ထမ်းအဖြစ်မှ နုတ်ထွက်ခြင်း၊

(၃) ဌာနကူးပြောင်း တာဝန်ထမ်းဆောင်ခြင်း၊

(၄) ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခံရခြင်း၊

(၅) ရာထူးမှ နုတ်ပယ်ခံရခြင်း၊

(၆) သေဆုံးခြင်း။

( ခ ) ပြည်ပခရီးစဉ်ပြီးဆုံးပါက အထူးနိုင်ငံကူးလက်မှတ်ကို သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသို့ ယာယီအပ်နှံရမည်။

၂၉။ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့သည် အောက်ပါအခြေအနေတစ်ရပ်ရပ် စိစစ်တွေ့ရှိပါက မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရန် ငြင်းပယ်နိုင်သည်-

(က) မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားခွင့်ရှိသူဖြစ်ကြောင်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသူဖြစ်ခြင်း၊

( ခ ) နိုင်ငံသားအဖြစ်မှ ရုပ်စဲခံရသူဖြစ်ခြင်း၊

( ဂ ) မရိုးမဖြောင့်သောသဘောဖြင့် လိမ်လည်လှည့်ဖြားလျှောက်ထားသူဖြစ်ခြင်း၊

(ဃ) ပြစ်ဒဏ်ကျခံနေရသူဖြစ်ခြင်း၊

( င ) ပြစ်မှုတစ်ခုခုဖြင့်အရေးယူခံရ၍ တရားရုံး သို့မဟုတ် သက်ဆိုင်ရာဌာနက နိုင်ငံကူးလက်မှတ်ထုတ်မပေးရန် တင်ပြချက်လက်ခံရရှိခြင်း၊

( စ ) နိုင်ငံတော်လုံခြုံရေးနှင့် နိုင်ငံတော်၏အကျိုးစီးပွားကို နှောင့်ယှက်ဖျက်ဆီးနိုင်သည်ဟု ယူဆရသူဖြစ်ခြင်း၊

(ဆ) ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁ (၁) အရ စည်းကမ်းသတ်မှတ်ချက်ဖြင့် ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့် ပြုထားပြီး သတ်မှတ်ကာလမပြည့်သေးသူ၊

( ဇ ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ တရားရုံးကခံဝန်ချုပ် ချုပ်ထားသည့် ကာလမပြည့်သေးသူ၊

(ဈ) သက်ဆိုင်ရာ ပြည်ပနိုင်ငံ၏ တည်ဆဲဥပဒေတစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်ခြင်းကြောင့် မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ခံရသူဖြစ်ခြင်း။

၃၀။ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့သည် အောက်ပါအခြေအနေတစ်ရပ်ရပ် စိစစ်တွေ့ရှိပါက ထုတ်ပေးထားသည့် မြန်မာနိုင်ငံကူးလက်မှတ်ကို ပယ်ဖျက်ရမည်-

(က) မြန်မာနိုင်ငံကူးလက်မှတ်ပျောက်ဆုံးခြင်းကြောင့် အသစ်ပြန်လည်ထုတ်ပေးရန်လျှောက်ထားခြင်း၊

( ခ ) မြန်မာနိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသူကို နိုင်ငံသားအဖြစ်မှရုပ်စဲခြင်း၊

( ဂ ) မြန်မာနိုင်ငံကူးလက်မှတ်ကိုဆက်လက်အသုံးပြုရန် မသင့်လျော်လောက်အောင် ပျက်စီး သို့မဟုတ် ညစ်နွမ်းနေခြင်း။

၃၁။ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့သည် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရန် ငြင်းပယ်ခြင်း သို့မဟုတ် ထုတ်ပေးထားသည့် မြန်မာနိုင်ငံကူးလက်မှတ်ကို ပယ်ဖျက်ခြင်းပြုပါက ငြင်းပယ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းခံရသူထံ သတ်မှတ်ချက်နှင့်အညီ အကြောင်းကြားရမည်။

၃၂။ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရန် ငြင်းပယ်ခြင်း သို့မဟုတ် ထုတ်ပေးထားသည့် မြန်မာနိုင်ငံကူးလက်မှတ်ကို ပယ်ဖျက်ခြင်းခံရသူသည် အကြောင်းကြားချက်ပေးပို့သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးထံ အယူခံဝင်ရောက်နိုင်သည်။

၃၃။ (က) ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ပုဒ်မ ၃၂ အရ အယူခံလျှောက်ထားမှုကို စိစစ်ပြီး အောက်ပါအမိန့်တစ်ရပ်ရပ် ချမှတ်နိုင်သည်-

(၁) အယူခံလျှောက်ထားမှုကို ပလပ်ခြင်း၊

(၂) မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့၏ဆုံးဖြတ်ချက်ကိုပြင်ဆင်ခြင်း သို့မဟုတ် အတည်ပြုခြင်း။

( ခ ) ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

၃၄။ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့သည် ပုဒ်မ ၃၃၊ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၂) အရ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ ဆုံးဖြတ်ချက်နှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

## အခန်း (၆)

## တားမြစ်ချက်များ

၃၅။ မည်သူမျှ–

(က) မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားရာတွင် အချက်အလက်အထောက်အထားများကို မရိုးမဖြောင့်သော သဘောဖြင့်ဖြစ်စေ၊ လိမ်လည်လှည့်ဖြားလိုသော အကြံဖြင့်ဖြစ်စေ မမှန်မကန်ဖော်ပြခြင်း၊ တင်ပြခြင်း မပြုရ။

( ခ ) တရားဝင်ကိုင်ဆောင်ခွင့်ရရှိသည့် မြန်မာနိုင်ငံကူးလက်မှတ်ကို အခြားသူတစ်ဦးဦးအား ရောင်းချခြင်း၊ ငှားရမ်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းပေးခြင်း မပြုရ။

( ဂ ) အတု သို့မဟုတ် ဆင်တူယိုးမှား ပြုလုပ်ထားသော မြန်မာနိုင်ငံကူးလက်မှတ်ကို လက်ဝယ်ထားခြင်း သို့မဟုတ် ကိုင်ဆောင်အသုံးပြုခြင်း မပြုရ။

(ဃ) မိမိကိုင်ဆောင်ခွင့်မရှိသော မြန်မာနိုင်ငံကူးလက်မှတ်ကိုမရိုးမဖြောင့်သော သဘောဖြင့်လက်ဝယ်ထားခြင်း၊ အသုံးပြုခြင်း၊ တစ်ဆင့်ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း မပြုရ။

( င ) မြန်မာနိုင်ငံကူးလက်မှတ်ကို အတုပြုလုပ်ခြင်း၊ဆင်တူယိုးမှားပြုလုပ်ခြင်း သို့မဟုတ် အတု သို့မဟုတ် ဆင်တူယိုးမှားပြုလုပ်ထားသည့် မြန်မာနိုင်ငံကူးလက်မှတ်ကို ရောင်းချခြင်း မပြုရ။

၃၆။ မည်သူမျှ–

(က) မြန်မာနိုင်ငံကူးလက်မှတ်ကို မမှန်မကန်ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးစေခြင်း မပြုရ။

( ခ ) မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးသည့် မှတ်တမ်းစာအုပ်တွင် မရိုးမဖြောင့်သောသဘောဖြင့် မမှန်မကန် ရေးသွင်းခြင်း သို့မဟုတ် ရေးသွင်းစေခြင်း မပြုရ။

၃၇။ မည်သူမျှ–

(က) သက်တမ်းရှိနေသော သာမန်နိုင်ငံကူးလက်မှတ်ကို တစ်ခုထက်ပို၍ လက်ဝယ်ထားခြင်း သို့မဟုတ် အသုံးပြုခြင်း မပြုရ။

( ခ ) ပယ်ဖျက်ထားသည့် မြန်မာနိုင်ငံကူးလက်မှတ်ကို အသုံးမပြုရ။

၃၈။ မည်သူမျှ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရာတွင် ပူးပေါင်းကြံစည်ခြင်း၊ အားပေးကူညီခြင်း မပြုရ။

## အခန်း (၇)

## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၃၉။ မည်သူမဆို–

(က) ပုဒ်မ ၃၅၊ ပုဒ်မခွဲ (က) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ်သုံးလမှ အများဆုံး ထောင်ဒဏ်တစ်နှစ်ထိဖြစ်စေ၊ ငွေဒဏ်ငါးသိန်းကျပ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

( ခ ) ပုဒ်မ ၃၅၊ ပုဒ်မခွဲ (ခ) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင်ထိုသူကိုအနည်းဆုံးထောင်ဒဏ်သုံးလမှ အများဆုံး ထောင်ဒဏ်တစ်နှစ်ထိ ချမှတ်ရမည့်အပြင် အနည်းဆုံး ငွေဒဏ် သုံးသိန်းကျပ်မှ အများဆုံး ငွေဒဏ် ငါးသိန်းကျပ်အထိ ချမှတ်နိုင်သည်။

( ဂ ) ပုဒ်မ ၃၅၊ ပုဒ်မခွဲ (ဂ) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ်ခြောက်လမှ အများဆုံး ထောင်ဒဏ်ငါးနှစ်ထိချမှတ်ရမည့် အပြင် အနည်းဆုံးငွေဒဏ် ငါးသိန်းကျပ်မှ အများဆုံး ငွေဒဏ် ၁၀ သိန်းကျပ်အထိ ချမှတ်နိုင်သည်။

(ဃ) ပုဒ်မ ၃၅၊ ပုဒ်မခွဲ (ဃ) သို့မဟုတ် ပုဒ်မခွဲ (င) တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ်တစ်နှစ်မှ အများဆုံးထောင်ဒဏ်ငါးနှစ်ထိ ချမှတ်ရမည့်အပြင် အနည်းဆုံးငွေဒဏ် ၁၀ သိန်းကျပ်မှ အများဆုံးငွေဒဏ် ကျပ် ၁၅ သိန်းအထိ ချမှတ်နိုင်သည်။

၄၀။ မည်သူမဆိုပုဒ်မ ၃၆ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ်သုံးလမှ အများဆုံးထောင်ဒဏ် တစ်နှစ်ထိဖြစ်စေ၊ ငွေဒဏ် ငါးသိန်းကျပ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၄၁။ မည်သူမဆို ပုဒ်မ ၃၇ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ်ခြောက်လမှ အများဆုံးထောင်ဒဏ်သုံးနှစ်ထိ ချမှတ်ရမည့် အပြင် အနည်းဆုံးငွေဒဏ် ငါးသိန်းကျပ်မှ အများဆုံးငွေဒဏ် ၁၀ သိန်းကျပ်အထိ ချမှတ်နိုင်သည်။

၄၂။ ဤဥပဒေအရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ထပ်မံကျူးလွန်ပါက ယင်းပြစ်မှုအတွက် ပြဋ္ဌာန်းထားသော ထောင်ဒဏ်ချမှတ်ခြင်းခံရမည်။

၄၃။ မည်သူမဆိုဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကိုကျူးလွန်ရာတွင် ပူးပေါင်းကြံစည်လျှင်ဖြစ်စေ၊ အားပေး ကူညီလျှင်ဖြစ်စေ ယင်းပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့်ပြစ်ဒဏ်အတိုင်း ချမှတ်ခြင်းခံရမည်။

## အခန်း (၈)

## အထွေထွေ

၄၄။ ဤဥပဒေ ပုဒ်မ ၃၉၊ ပုဒ်မခွဲ (က)၊ (ခ) နှင့် ပုဒ်မ ၄၀ ပါ ပြစ်မှုများကို ရဲအရေးပိုင်သော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၄၅။ တည်ဆဲဥပဒေတစ်ခုခုတွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်လျှင် ဤဥပဒေဖြင့်သာ အရေးယူရမည်။

၄၆။ ဤဥပဒေပါပြဋ္ဌာန်းချက်များကိုအကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ပြည်ထဲရေးဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ပြည်ထဲရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်နိုင်သည်။

၄၇။ မြန်မာနိုင်ငံကူးလက်မှတ်အက်ဥပဒေ (The Myanmar Passport Act.,Act XXXIV,1920) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ**

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဥပဒေအမှတ် (၂၀/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၁၈ ရက်)

**ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်သည့်ဥပဒေ**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ပဉ္စမအကြိမ်ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၂၃၊ ပုဒ်မခွဲ (ဂ) တွင် ပုဒ်မခွဲငယ် (၂) ကို ပယ်ဖျက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

**အမိန့်အမှတ် (၈/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၁၀ ရက်)

**တာဝန်မှ အနားယူခွင့်ပြုခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ (ခ) အရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ လင်းအောင် အား ကျန်းမာရေးအရ တာဝန်မှ အနားယူခွင့်ပြုလိုက်သည်။

အမိန့်အရ
အောင်လင်းဒွေး
အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

**အမိန့်အမှတ် (၉/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၁၀ ရက်)

**မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ (ခ) အရ ဒေါက်တာ စန္ဒာဦး အား မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ
အောင်လင်းဒွေး
အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

**အမိန့်အမှတ် (၁၀/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၁၀ ရက်)

**တာဝန်မှ အနားယူခွင့်ပြုခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ (ခ) အရ ချင်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးနေစိုး အား ကျန်းမာရေးအရ ၂၀၂၆ ခုနှစ်၊ မတ်လ ၁ ရက်နေ့မှစ၍ တာဝန်မှ အနားယူခွင့်ပြုလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး

အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

**အမိန့်အမှတ် (၁၁/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၁၀ ရက်)

**ချင်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ (ခ) အရ ဦးမြတ်စံ အား ချင်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး

အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

**အမိန့်အမှတ် (၁၂/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၁၀ ရက်)

**ပြည်နယ်တရားလွှတ်တော် တရားသူကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ (ခ) အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယှဉ်တွဲပါ ပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (က) | ဦးကျော်သောင်းအောင် | ချင်းပြည်နယ်တရားလွှတ်တော် |
| (ခ) | ဦးအောင်မော် | ရှမ်းပြည်နယ်တရားလွှတ်တော် |

အမိန့်အရ

အောင်လင်းဒွေး

အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး

### အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၆ ရက်)

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည်အောက်ဖော်ပြပါဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး<br>ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဒေါက်တာ သန့်စင်အေး | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၂) | ဒေါက်တာ မြသန္တာ | ပါမောက္ခချုပ်<br>မိတ္ထီလာစီးပွားရေးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

အမိန့်အရ

အောင်လင်းဒွေး

အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး

### အမိန့်ကြော်ငြာစာအမှတ် (၄၉/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၆ ရက်)

### အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်းနှင့် အုပ်ချုပ်မှုစရိတ်သတ်မှတ်ခြင်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးရှိ အရာထမ်း၊ အမှုထမ်း အခေါ်အဝေါ်များနှင့် လစာနှုန်းထားများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၆ ဖြင့် ပြင်ဆင်သတ်မှတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ ယင်းပြင်ဆင်သတ်မှတ်ချက်အရ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးတွင် တာဝန်ထမ်းဆောင်နေသည့် ညွှန်ကြားရေးမှူးချုပ် ဦးကြည်ဇင်ထွန်း အား အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ် အဖြစ် ပူးတွဲတာဝန်ပေးအပ်လိုက်သည်။

၃။ အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် ပူးတွဲတာဝန်ပေးအပ်ခြင်းခံရသူ ဦးကြည်ဇင်ထွန်းသည် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ ဦးစီးဌာနများ၏တာဝန်များကိုပါ တာဝန်ခံဆောင်ရွက်ရသည့်အတွက် လစဉ်အုပ်ချုပ်မှုစရိတ် ကျပ် ၂၀၀,၀၀၀/- (ကျပ်နှစ်သိန်းတိတိ) ကို ခံစားခွင့်ပြုလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး

အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၆ ရက်)

**ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် (၇၀) ပြည့် အထိမ်းအမှတ်မဟာမင်္ဂလာအခမ်းအနား ကျင်းပရေး ဩဝါဒါစရိယဆရာတော်ကြီးများအဖွဲ့၊ နာယကအဖွဲ့နှင့် ဦးစီးကော်မတီ၏ အခမ်းအနားကျင်းပမည့်နေ့ရက် ပြင်ဆင်ထုတ်ပြန်ခြင်း**

၁။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ ၂၀၂၆ ခုနှစ်၊ မတ်လ ၃ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၄၅/၂၀၂၆ ဖြင့် **ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် (၇၀) ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနား ကျင်းပရေး ဩဝါဒါစရိယဆရာတော်ကြီးများအဖွဲ့၊ နာယကအဖွဲ့နှင့် ဦးစီးကော်မတီ** တို့ကို ဖွဲ့စည်းခဲ့ပြီး ဖြစ်ပါသည်။

၂။ ယင်းအမိန့်ကြော်ငြာစာတွင်ပါရှိသည့် အခမ်းအနားကျင်းပမည့်ရက်အား ၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၉ ရက်နေ့ (၂၄-၅-၂၀၂၆ ရက်နေ့) မှ ၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်နေ့ (၂၆-၅-၂၀၂၆ ရက်နေ့) အထိ **အစား** ၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်နေ့ (၃၀-၄-၂၀၂၆) ဖြင့် ပြင်ဆင်သတ်မှတ်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး

အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၅၂/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၁၀ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (၁) | ဦးကျော်ကျော်လွင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>အလုပ်သမားဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>အလုပ်သမားဝန်ကြီးဌာန |
| (၂) | ဒေါက်တာ ဆွေဆက်<br>ဒုတိယညွှန်ကြားရေးမှူးချုပ် (ခေတ်ခွဲ)<br>အမျိုးသားကျန်းမာရေးခေတ်ခွဲမှုဆိုင်ရာဌာန<br>ကုသရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ဆေးဘက်ဆိုင်ရာနည်းပညာ<br>တက္ကသိုလ် (မန္တလေး)<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |

အမိန့်အရ

အောင်လင်းဒွေး

အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၅၃/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၁၅ ရက်)

**အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်းနှင့် အုပ်ချုပ်မှုစရိတ်သတ်မှတ်ခြင်း**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးရှိ အရာထမ်း၊ အမှုထမ်း အခေါ်အဝေါ်များနှင့် လစာနှုန်းထားများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၆ ဖြင့် ပြင်ဆင်သတ်မှတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ ယင်းပြင်ဆင်သတ်မှတ်ချက်အရ အမျိုးသားစီမံကိန်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးတွင် တာဝန်ထမ်းဆောင်နေသည့် ညွှန်ကြားရေးမှူးချုပ် ဦးအောင်ခိုင်ထွန်း အား အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် ပူးတွဲတာဝန်ပေးအပ်လိုက်သည်။

၃။ အမြဲတမ်းအတွင်းဝန်/ ညွှန်ကြားရေးမှူးချုပ်အဖြစ် ပူးတွဲတာဝန်ပေးအပ်ခြင်းခံရသူ ဦးအောင်ခိုင်ထွန်းသည် အမျိုးသားစီမံကိန်းဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ ဦးစီးဌာနများ၏တာဝန်များကိုပါ တာဝန်ခံဆောင်ရွက်ရသည့်အတွက် လစဉ်အုပ်ချုပ်မှုစရိတ် ကျပ် ၂၀၀,၀၀၀/- (ကျပ်နှစ်သိန်းတိတိ) ကို ခံစားခွင့်ပြုလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး

အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၅၆/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၁၇ ရက်)

**ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် ပြန်လည်ရုပ်သိမ်းခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၉/၂၀၂၆ ဖြင့် ဒေါ်စိမ်းစိမ်းယု၊ ခေတ်ခွဲခန်း ကျွမ်းကျင် (၄) မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် အကြောင်းမဲ့ခွင့်မဲ့ပျက်ကွက်ခဲ့ပြီး ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်ခြင်းခံခဲ့ရသူဖြစ်ခြင်းကြောင့် ချီးမြှင့်ခဲ့သည့် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်အား ၂၀၀၉ ခုနှစ်၊ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက် အပိုဒ် ၆၇ အရ ပြန်လည်ရုပ်သိမ်းလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး

အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

**အမိန့်အမှတ် (၂/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်

(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်)

**အမိန့်ထုတ်ပြန်နိုင်ခွင့် အပ်နှင်းခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့သည် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (က) အရ အီလက်ထရောနစ်အငွေ့ရှူစက် (Electronic Smoking Device)၊ အပူပေးအငွေ့ရှူစက် (Heated Smoking Device) နှင့် ယင်းတို့ကဲ့သို့ အလားတူပစ္စည်းများ၊ ယင်းတို့၏ဆက်စပ်ပစ္စည်းများကို အရေးကြီးကုန်စည်အဖြစ် သတ်မှတ်ကြေညာပြီး ယင်းပစ္စည်းများနှင့်စပ်လျဉ်း၍ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ ရောင်းဝယ်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သိုလှောင်ခြင်း၊ သယ်ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ အသုံးပြုခြင်း၊ စားသုံးခြင်းတို့နှင့် သက်ဆိုင်သည့် တားမြစ်မိန့်၊ စည်းမျဉ်းသတ်မှတ်မိန့်၊ ကြီးကြပ်မိန့်၊ ကာကွယ်မိန့်နှင့် လိုအပ်သလို ဆောင်ရွက်စေသည့် အမိန့်ထုတ်ပြန်နိုင်ခွင့်ကို ကျန်းမာရေးဝန်ကြီးဌာနအား အပ်နှင်းလိုက်သည်။

အမိန့်အရ

နေလင်း

အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

**အမိန့်ကြော်ငြာစာအမှတ် (၁၀၃/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်

(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ဒုတိယတန်းရာဇဝတ်အာဏာရ ဒုတိယမြို့နယ်တရားသူကြီးများအား ပထမတန်းရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာအပ်နှင်းလိုက်သည်-

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၁။ | ဒေါ်ဖရယ်စီလှော်နမ်မဲန်းဆုန်<br>တ/၄၀၀၀ | ကျောက်တံတား<br>ရန်ကုန်တိုင်းဒေသကြီး |
| ၂။ | ဒေါ်ဝေဝေအောင်<br>တ/၄၀၀၁ | လှိုင်သာယာ (အနောက်ပိုင်း)<br>ရန်ကုန်တိုင်းဒေသကြီး |
| ၃။ | ဒေါ်သိမ့်ထက်ထက်စံ<br>တ/၄၀၀၂ | ချောင်းဆုံ<br>မွန်ပြည်နယ် |

သာဌေး

ပြည်ထောင်စုတရားသူကြီးချုပ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**အမိန့်အမှတ် (၃/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၆ ရက်)

**ရွေးကောက်ပွဲခုံအဖွဲ့ (၃) ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၂ အရ အောက်ဖော်ပြပါပုဂ္ဂိုလ်သုံးဦးပါဝင်သော ရွေးကောက်ပွဲခုံအဖွဲ့ (၃) ကို ဖွဲ့စည်းလိုက်သည်–

| | | | |
|---|---|---|---|
| (က) | ဦးသန်းအောင်ကျော် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် | ဥက္ကဋ္ဌ |
| ( ခ ) | ဦးမြင့်သိန်း | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် | အဖွဲ့ဝင် |
| ( ဂ ) | ဦးအောင်မြင့်လွင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် | အဖွဲ့ဝင် |

၂။ ရွေးကောက်ပွဲခုံအဖွဲ့ (၃) သည် အောက်အမည်ပါ တိုင်ကြားသူများ၏ တိုင်ကြားချက်ကို စုံစမ်းစစ်ဆေး ရမည်–

| စဉ် | တိုင်ကြားသူ အမည် | တိုင်ကြားခံရသူ အမည် | လွှတ်တော်မဲဆန္ဒနယ် အမည် |
|---|---|---|---|
| (က) | ဒေါ်သင်းဇာခြည်လှိုင် | ဒေါ်အေးအေးသန့် | မန္တလေးတိုင်းဒေသကြီးလွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၄) |
| ( ခ ) | ဦးဝေလွင်ဖြိုး | ဦးဇော်ဝင်းသန့်(ခ) ဦးထက်အောင်လင်း | မန္တလေးတိုင်းဒေသကြီးလွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၅) |

**အမိန့်အမှတ် (၄/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၁၀ ရက်)

**ရွေးကောက်ပွဲခုံအဖွဲ့ (၄) ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေ ၁၀၈ (က) အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်သုံးဦးပါဝင်သော ရွေးကောက်ပွဲခုံအဖွဲ့ (၄) ကို ဖွဲ့စည်းလိုက်သည်–

| | | | |
|---|---|---|---|
| (က) | ဦးကိုကိုလွင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် | ဥက္ကဋ္ဌ |
| ( ခ ) | ဦးခင်မောင်ဦး | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် | အဖွဲ့ဝင် |
| ( ဂ ) | ဦးခင်ဇော် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် | အဖွဲ့ဝင် |

၂။ ရွေးကောက်ပွဲခုံအဖွဲ့ (၄) သည် အောက်ဖော်ပြပါ ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်း တင်သွင်းရန် ပျက်ကွက်သူလွှတ်တော်ကိုယ်စားလှယ်လောင်း (၂) ဦးတို့၏ ဥပဒေအရ ပျက်ကွက်မှုများကို သီးခြားတစ်မှုစီ စုံစမ်းစစ်ဆေး၍ ကော်မရှင်သို့ အစီရင်ခံရမည်–

| စဉ် | လွှတ်တော် ကိုယ်စားလှယ်လောင်း | ရွေးကောက်ပွဲ ကိုယ်စားလှယ် | လွှတ်တော်မဲဆန္ဒနယ် |
|---|---|---|---|
| (က) | ဦးခိုင်စိုး | ကိုယ်တိုင် | မွန်ပြည်နယ်လွှတ်တော် (မဲအများဆုံးရသူ အနိုင်ယူစနစ်) သံဖြူဇရပ်မြို့နယ်မဲဆန္ဒနယ် |
| ( ခ ) | ဦးအေးလွင်အောင် | ကိုယ်တိုင် | မွန်ပြည်နယ်လွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၁) |

သန်းစိုး

ဥက္ကဋ္ဌ

မှတ်ပုံတင်အမှတ် – ၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက် (၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး

**ရုံးအမိန့်အမှတ် (၁၁၃/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၁၀ ရက်)

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၊ ဒုတိယသမ္မတ (၂) ဦးစီးရုံးမှ ညွှန်ကြားရေးမှူး ဦးမောင်မောင်မြင့် ကို ငြင်းပယ်ထားသော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လအား အသက် (၆၂) နှစ်ပြည့်သည့် ၁၇–၃–၂၀၂၆ ရက်နေ့မှ ၁၆–၇–၂၀၂၆ ရက်နေ့အထိ ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၁၇–၇–၂၀၂၆ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ ပုဒ်မခွဲ(က)၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

အမြဲတမ်းအတွင်းဝန် (ကိုယ်စား)

မြတ်ထွန်း၊ ညွှန်ကြားရေးမှူးချုပ်

### စစ်ရာထူးခန့်ချုပ်ရုံး

**(ကြည်းတပ်ဌာနစု)**

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၁၁ ရက်)

အမှတ် ၆၆/၂၀၂၆။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၆ ခုနှစ်၊ မတ်လ ၆ ရက်စွဲပါ စာအမှတ်၊ ၂/၁၀/ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါနေ့ရက်များမှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

| | | | |
|---|---|---|---|
| (၁) | ကြည်လွင် | ကြည်း ၈၁၉၆၇ | ၂–၃–၂၀၂၆ |
| (၂) | တင်လင်းဦး | ကြည်း ၈၁၉၆၈ | ၂–၃–၂၀၂၆ |

| | | | |
|---|---|---|---|
| (၃) | ထွန်းထွန်းဦး | ကြည်း ၈၁၉၆၉ | ၂-၃-၂၀၂၆ |
| (၄) | စံလွင် | ကြည်း ၈၁၉၇၀ | ၂-၃-၂၀၂၆ |
| (၅) | မြင့်သိန်း | ကြည်း ၈၁၉၇၁ | ၂-၃-၂၀၂၆ |
| (၆) | အောင်မြင့် | ကြည်း ၈၁၉၇၂ | ၂-၃-၂၀၂၆ |
| (၇) | တင်မောင်ထွေး | ကြည်း ၈၁၉၇၃ | ၂-၃-၂၀၂၆ |
| (၈) | ထွန်းကြည် | ကြည်း ၈၁၉၇၄ | ၂-၃-၂၀၂၆ |
| (၉) | ညွန့်ဇော်ဦး | ကြည်း ၈၁၉၇၅ | ၂-၃-၂၀၂၆ |
| (၁၀) | အောင်ကျော်ခိုင် | ကြည်း ၈၁၉၇၆ | ၂-၃-၂၀၂၆ |
| (၁၁) | ညွန့်ဝေ | ကြည်း ၈၁၉၈၀ | ၄-၃-၂၀၂၆ |
| (၁၂) | ဇော်ဝင်းနိုင် | ကြည်း ၈၁၉၈၁ | ၈-၃-၂၀၂၆ |

အမှတ် ၆၇/၂၀၂၆။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၆ ခုနှစ်၊ မတ်လ ၆ ရက်စွဲပါ စာအမှတ်၊ ၁/၁၀/ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါနေ့ရက်များမှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

| | | | |
|---|---|---|---|
| (၁) | ညွန့်လွင် | ကြည်း ၈၁၉၇၇ | ၂-၃-၂၀၂၆ |
| (၂) | ယဉ်ငွေး | ကြည်း ၈၁၉၇၈ | ၃-၃-၂၀၂၆ |
| (၃) | ဗိုလ်တင် | ကြည်း ၈၁၉၇၉ | ၄-၃-၂၀၂၆ |
| (၄) | ဇော်မင်းဆွေ | ကြည်း ၈၁၉၈၂ | ၈-၃-၂၀၂၆ |
| (၅) | စံသိန်း | ကြည်း ၈၁၉၈၃ | ၉-၃-၂၀၂၆ |
| (၆) | ဆန်းဝင်းထွန်း | ကြည်း ၈၁၉၈၄ | ၁၀-၃-၂၀၂၆ |
| (၇) | ဆန်းလွင်ဦး | ကြည်း ၈၁၉၈၅ | ၁၀-၃-၂၀၂၆ |

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း

စစ်ရာထူးခန့်ချုပ်

စစ်ရာထူးခန့်ချုပ်ရုံး

မှတ်ပုံတင်အမှတ်-၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

| | | | |
|---|---|---|---|
| ရန်ကုန်မြို့ | ၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက်<br>(၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်) | | သောကြာနေ့ |

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

### PANA CARE SERVICE CENTER COMPANY LIMITED
### မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၂၆ ခုနှစ်၊ ဧပြီလ ၂ ရက်နေ့တွင် ကုမ္ပဏီ၏ရုံးခန်း၌ ကျင်းပပြုလုပ်သော ဒါရိုက်တာများ၏ အထူးအစည်းအဝေးတွင် ဒါရိုက်တာဖြစ်သူ ဒေါ်စန်းစန်းဝေ မှ သဘာပတိအဖြစ်ဆောင်ရွက်ပြီး အောက်ဖော်ပြပါ ဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ပါသည်-

၁။ ယခင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပြန်တမ်းတွင် ၂၀၂၆ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့တွင် ပါရှိခဲ့ပြီးသော အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းအား ဒါရိုက်တာများ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ ရုပ်သိမ်း၍ အထူးအစည်းအဝေး စတင်ဖျက်သိမ်းမည့် နေ့ရက်အား ၂၀၂၆ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂ ရက်အား ပြောင်းလဲရွှေ့ဆိုင်း သတ်မှတ်ရန် သဘောတူဆုံးဖြတ်ကြပါသည်။

၂။ သို့ဖြစ်ပါ၍ ကုမ္ပဏီကို မြန်မာနိုင်ငံ၏ ကုမ္ပဏီများဥပဒေနှင့် လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် ၂၀၂၆ ခုနှစ်၊ဧပြီလ ၂ ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် သဘောတူဆုံးဖြတ်ကြပါသည်။

၃။ ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကိစ္စအား ဆောင်ရွက်နိုင်ရန်အတွက် ဦးပါပိုဂနီဆန် B.A (English) R.L, Advocate (Registration No. 4647) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ (Liquidator) အဖြစ် ခန့်အပ်ရန်ဆုံးဖြတ်ကြပါသည်။

၄။ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ကျွန်ုပ်ထံသို့ ကုမ္ပဏီ၏ မြီရှင်များသည် မိမိတို့၏ ကြွေးမြီတောင်းခံလွှာများကို (၄-၅-၂၀၂၆) ရက်နေ့ နောက်ဆုံးထားကာ သက်သေပြ စာရွက်စာတမ်းအထောက်အထားများနှင့်တကွ တင်ပြတောင်းခံနိုင်ကြောင်း အသိပေးကြေညာအပ် ပါသည်။

ဒေါ်စန်းစန်းဝေ
ဒါရိုက်တာ
Pana Care Service Center Company Limited

ဦးပါပိုဂနီဆန်
B.A (English) R.L
Advocate (Registration No. 4647)
Liquidator
Tel : 09420140625, 09250510266

**FULLY LIGHT GROUP OF CO., LTD**
ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍
နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ ဖျက်သိမ်းဆဲ **FULLY LIGHT GROUP OF CO., LTD** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အစုရှင်၏ သဘောတူညီချက်ကို ရရှိရန်ရှိပါသဖြင့် တက်ရောက်ရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြကာကုမ္ပဏီအား အပြီးသတ်ဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

အစည်းအဝေးကျင်းပမည့်နေ့ – ၄-၅-၂၀၂၆

အစည်းအဝေးကျင်းပမည့်အချိန် – နံနက် (၁၀:၀၀) နာရီ

အစည်းအဝေးကျင်းပမည့်နေရာ – အမှတ် – ၄၅၀၊ ၄ လွှာ၊ ကမ်းနားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဒေါ်တင်တင်ကျော်
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**NINE COMPLEX COMPANY LIMITED**
ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍
နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ ဖျက်သိမ်းဆဲ **NINE COMPLEX COMPANY LIMITED** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အစုရှင်၏ သဘောတူညီချက်ကို ရရှိရန်ရှိပါသဖြင့် တက်ရောက်ရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြကာကုမ္ပဏီအား အပြီးသတ်ဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

အစည်းအဝေးကျင်းပမည့်နေ့ – ၄-၅-၂၀၂၆

အစည်းအဝေးကျင်းပမည့်အချိန် – နံနက် (၁၀:၀၀) နာရီ

အစည်းအဝေးကျင်းပမည့်နေရာ – အမှတ် – ၄၅၀၊ ၄ လွှာ၊ ကမ်းနားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဒေါ်တင်တင်ကျော်
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ပ၊ ထ၊ န – အမှတ် ၆၄၇/၂၅/ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန/ စောင်ရေ – ၁၂၀၀/ ၃-၄-၂၀၂၆။